http://www.dhammadownload.com

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်သုံးရပ်သည် ကြာမြင့်စွာ တည်ပါစေ

ကျေးဇူးတော်ရှင်

ပြည်တွင်း-ပြည်ပ အဘိဓမ္မ ဂန္ထကာရက

ရန်ကုန်မြို့၊ ပြည်လမ်း

မူလပဋ္ဌာန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တ နာရဒ

စတင်တီထွင် ရေးသားတော်မူသော

# အဘိဓမ္မာ သင်္ဂြိုဟ်ကိုးပိုင်း

# သရုပ်ခွဲဇယားနည်း [ဆိုရိုး]

သင်တန်းမှူး

ဓမ္မဇျူဟာ - ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)

http://www.dhammadownload.com

# နိုင်ရာတာဝန်ယူကြစို့

ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်
လူတော်အများ၊ စိတ်ကောင်းထားလည်း
ဤကားကုသိုလ်၊ အကုသိုလ်နှင့်
ထိုထိုဘုံဘဝ မသိရ၊ များလှ အပြစ်တွေ။

ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍
ဟောဖော်ညွှန်ကြား၊ မြတ်တရားကြောင့်
ဤကားကုသိုလ်၊ အကုသိုလ်နှင့်
ထိုထိုဘုံဘဝ သိကြရ၊ များလှ ကျေးဇူးပေ။

ကျေးဇူးတော်ရှင်၊ ဘုရားရှင်ကို
ဦးတင်မပြတ်၊ ကျေးဇူးဆပ်ဖို့
အမြတ်ရတနာ၊ သာသနာ၏
နိုင်ရာဝန်ထမ်း၊ ကိုယ်စီစွမ်း
ကြိုးပမ်းကြပါလေ ......။

(တောင်မြို့၊ မဟာဂန္ဓာရုံဆရာတော်)

အဘိဓမ္မာ သင်္ဂြိုဟ်ကိုးပိုင်း သရုပ်ခွဲဇယားနည်း(ဆိုရိုး)

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ပြည်တွင်း-ပြည်ပ အဘိဓမ္မ ဂန္ထကာရက

ရန်ကုန်မြို့၊ ပြည်လမ်း

မူလပဋ္ဌာန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တ နာရဒ

စတင်တီထွင် ရေးသားတော်မူသော

# အဘိဓမ္မာ သင်္ဂြိုဟ်တိုးပိုင်း


# သရုပ်ခွဲဇယားနည်း [ဆိုရိုး]

သင်တန်းမှူး

ဓမ္မဇျူဟာ - ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)

http://www.dhammadownload.com

http://www.dhammadownload.com



မူလပဋ္ဌာန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တ နာရဒ

ရန်ကုန်မြို့၊ ပြည်လမ်း၊ ပဋ္ဌာန်းကျောင်းတိုက်

http://www.dhammadownload.com

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (၆) အပ္ပနာဇောဝါရ – မနောဒွါရဝီထိ | ၅၅ |
| | (၇) ကာမတိဟိတ်ဇောနောင် အပ္ပနာဇောနှောင်းပုံ | ၅၇ |
| | (၈) ပုဂ္ဂိုလ်အပြား – ဘုံပုဂ္ဂိုလ်ရ | ၅၈ |
| | (၉) ပုဂ္ဂိုလ်စိတ်ရ | ၆၀ |
| | (၁၀) ဘုံ၌စိတ်ရ | ၆၃ |
| ၅။ | ဝီထိမုတ်ပိုင်း(ဘုံပိုင်း) | |
| | ၃၁–ဘုံအမည်များ | ၆၇ |
| | (၁) ဘူမိစတုက္က | ၆၉ |
| | (၂) ပဋိသန္ဓိစတုက္က | ၇၂ |
| | (၃) ကမ္မစတုက္က | ၇၄ |
| | – ကိစ္စအပြား ကံလေးပါး | ၇၄ |
| | – အကျိုးပေးပုံ အလှည့်အကြိမ်လေးပါး | ၇၅ |
| | – အကျိုးပေးရာ ကာလဘေဒလေးပါး | ၇၅ |
| | – အကျိုးပေးရာ ဘုံဌာနနှင့်စပ်သော ကံလေးပါး | ၇၆ |
| | * ဒုစရိုက် ၁၀–ပါး | ၇၆ |
| | * သုစရိုက် ၁၀–ပါး | ၇၈ |
| | * ပုညကြိယဝတ္ထု ၁၀–ပါး | ၇၉ |
| | * ဘုံပိုင်း ကံအကျိုးပေး (ကာမကံ) | ၈၀ |
| | * ဘုံပိုင်း ကံအကျိုးပေး (မဟဂ္ဂုတ်ကံ) | ၈၃ |
| | (၄) မရဏုပ္ပတ္တိစတုက္က | ၈၄ |
| | * သေခါနီးထင်လာသော နိမိတ် ၃–ပါး | ၈၅ |
| | * စုတိနောင် ပဋိသန္ဓေနှောင်းပုံ | ၈၆ |
| ၆။ | ရုပ်ပိုင်း | |
| | (၁) ရူပသမုဒ္ဒေသ | ၈၈ |
| | (၂) ရူပဝိဘာဂ | ၈၉ |

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


(၃) ရူပသမုဋ္ဌာန် ၉၀
(၄) ရူပကလာပ ၉၂
– ပဉ္စဝေါကာရဘုံ၌ ၇၅–ပါးသောစိတ်တို့ ဆောင်ရွက်သောကိစ္စ (ဇနကသင်္ဂဟ) ၉၆
(၅) ရူပပဝတ္တိက္ကမ ၉၇
– ပဋိသန္ဓေအခိုက် ရုပ်ဖြစ်ပုံ ၉၇
– ရုပ်တို့၏ ဖြစ်ပုံ ချုပ်ပုံ ၉၉
(၆) နိဗ္ဗာန် ၁၀၂

၇။ သမုစ္စည်းပိုင်း
(၁) အကုသလသင်္ဂဟ ၁၀၄
(၂) မိဿကသင်္ဂဟ ၁၀၉
(၃) ဗောဓိပက္ခိယသင်္ဂဟ ၁၁၃
(၄) သဗ္ဗသင်္ဂဟ ၁၁၆

၈။ ပစ္စည်းပိုင်း
(၁) ပဋိစ္စသမုပ္ပါဒ် ၁၂၀
– ဘဝစက်, အင်္ဂါ , ကာလ စသည် ... ၁၂၄
(၂) ပဋ္ဌာန်း ၁၂၇
(၃) ပညတ် ၁၂၈
– အတ္ထပညတ် ၁၂၈
– သဒ္ဒပညတ် ၁၃၁
– ပညတ် ၂–မျိုးကို သိရာ၌ ဝီထိဖြစ်ပုံ ၁၃၂
– အနက်ကို သိရခြင်းအကြောင်း ၂–ပါး ၁၃၂

၉။ ကမ္မဋ္ဌာန်းပိုင်း
(၁) သီလခန်း ၁၃၃
(၂) သမာဓိခန်း ၁၃၅

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ✳ | ကျေးဖူးတော်ရှင် မူလပဌာန်းဆရာတော်ကြီး၏ သင်္ဂြိုဟ် ၉-ပိုင်း ဖယားနည်း (ဆိုရိုး) နိဒါန်း | က-ဆ |
| ၁။ | စိတ်ပိုင်း | |
| | (က) ပထမဆိုရိုးလွှာ | ၁ |
| | (ခ) ဒုတိယဆိုရိုးလွှာ | ၄ |
| | (ဂ) တတိယဆိုရိုးလွှာ | ၆ |
| ၂။ | စေတသိက်ပိုင်း | |
| | (က) သမ္ပယောဂအင်္ဂါ ၄-ပါး | ၂၁ |
| | (ခ) သမ္ပယောဂနည်း ဆိုရိုး | ၂၃ |
| | (ဂ) သင်္ဂဟနည်း ဆိုရိုး | ၂၅ |
| ၃။ | ပကိဏ်းပိုင်း | |
| | (၁) ဝေဒနာသင်္ဂဟ | ၃၄ |
| | (၂) ဟေတုသင်္ဂဟ | ၃၄ |
| | (၃) ကိစ္စသင်္ဂဟ | ၃၅ |
| | (၄) ဒွါရသင်္ဂဟ | ၃၉ |
| | (၅) အာရမ္မဏသင်္ဂဟ | ၄၂ |
| | (၆) ဝတ္ထုသင်္ဂဟ | ၄၆ |
| ၄။ | ဝီထိပိုင်း | |
| | (၁) ကာမဇောဝါရ- ပဉ္စဒွါရဝီထိ | ၄၈ |
| | ကာမဇောဝါရ- မနောဒွါရဝီထိ | ၅၀ |
| | (၂) ဆ-ဒွါရဝီထိ ဖြစ်ကြောင်းအင်္ဂါ | ၅၁ |
| | (၃) ဝိပါကနိယမ | ၅၂ |
| | (၄) ဇဝနနိယမ | ၅၃ |
| | (၅) အာဂန္တုကဘဝင်ကျသော ဝီထိနှင့်အာရုံ | ၅၄ |

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| | – သမထလေးဆယ် | ၁၃၅ |
| | – စရိုက်နှင့် ကမ္မဋ္ဌာန်းတွဲစပ်ပုံ | ၁၃၆ |
| | – ဘာဝနာနှင့် ကမ္မဋ္ဌာန်းတွဲစပ်ပုံ | ၁၃၇ |
| | – နိမိတ်နှင့် ကမ္မဋ္ဌာန်းတွဲစပ်ပုံ | ၁၃၈ |
| | – နိမိတ်နှင့် ဘာဝနာတွဲစပ်ပုံ | ၁၃၉ |
| | – ဝသီဘော်ငါးပါး | ၁၄၀ |
| | – အဘိညာဉ် ၅–၆–၇ ပါး | ၁၄၂ |
| (၃) | ဝိပဿနာပညာခန်း | ၁၄၃ |
| | – ဝိသုဒ္ဓိ ၇–ပါး | ၁၄၄ |
| | – ဝိပဿနာဉာဏ် ၁၀–ပါး | ၁၄၅ |
| | – ဥဒယဗ္ဗယဉာဏ် ရင့်သန်က ဖြစ်လာတတ်သော အန္တရာယ် ၁၀–ပါး | ၁၄၇ |
| | – မဂ်ကိစ္စ ၄–ပါး | ၁၄၉ |
| | – ဝိမောက္ခ ၃–ပါး | ၁၅၀ |
| | – ဝိမောက္ခမုခ ၃–ပါး | ၁၅၁ |

http://www.dhammadownload.com

# အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
# ရန်ကုန်မြို့၊ ပြည်လမ်း၊ ပဏ္ဍာန်းကျောင်းတိုက်
# ဆရာတော် ဘဒ္ဒန္တ နာရဒ-၏
# ထေရုပ္ပတ္တိ အကျဉ်းချုပ် နှင့်
# သင်္ချိုင်း ၉ – မိုင်း ဗေသာနည်း (ဆိုရီး) နိဒါန်း

## ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ နာရဒသည် ကြို့ပင်ကောက်မြို့၊ လမ်းမတော်လမ်း၊ ခမည်းတော် စာရေးကြီး ဦးစိန်+မယ်တော် ဒေါ်မေတို့မှ သက္ကရာဇ် ၁၂၅၉–ခုနှစ်၊ နတ်တော်လဆန်း ၄–ရက်၊ စနေနေ့ ၁၂–နာရီကျော်အချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။ ဦးစိန်+ဒေါ်မေတို့၏ သားသမီး ၇–ယောက်ရှိရာ ဆရာတော်သည် ၆–ယောက်မြောက်ဖြစ်၍ အမည်တော်အားဖြင့် "**မောင်စိန်ထွန်း**"ဟု ထင်ရှားခဲ့ပါသည်။

## ရှင်ရဟန်းအဖြစ် ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာ သတို့သားသည် ၁၂၇၈–ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇–ရက်၊ ၁၉–နှစ်ကျော်အရွယ်သို့ ရောက်သောအခါ ပြည်မြို့၊ အင်ကြင်းမြောင်တောရ ဆရာတော်ကြီးအထံတော်၌ နံနက် ၆–နာရီအချိန်တွင် ရှင်သာမဏေအဖြစ် ရောက်တော်မူခဲ့၍ ထိုနေ့ နံနက် ၇–နာရီအချိန်တွင် ပြည်မြို့၊ အင်ကြင်းမြောင်တောရကျောင်း ခဏ္ဍသိမ်တော်၌ စစ်ကွင်း သေဋ္ဌာရာမဆရာတော် အစရှိသော ကမ္မဝါဆရာတော်များနှင့်အတူ အင်ကြင်းမြောင်တောရကျောင်း ဆရာတော်ကြီးကိုပင် ဥပဇ္ဈာယ်ပြုလျက် မယ်တော်ကြီး၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

## စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ နာရဒသည် ကြို့ပင်ကောက်မြို့၊ အတန်းကျောင်း၌ သတ္တမတန်း အောင်မြင်သည်အထိ ၁၀–နှစ်သား အရွယ်မှစ၍ ဆည်းပူးသင်ကြား

http://www.dhammadownload.com



တော်မူပြီးလျှင် ပြည်မြို့ ခေမာရုံကျောင်းတိုက်နှင့် ဂုဏဝတီကျောင်းတိုက်တို့၌ ပရိယတ္တိ အခြေခံကျမ်းစာများကို ဆည်းပူး သင်ကြားတော်မူခဲ့ပါသည်။ ထို့နောက် မန္တလေးမြို့ ရွှေရေးဆောင်တိုက် တိုက်အုပ်ဆရာတော် ဦးကြည်ခေါ် ဦးအာဒိစ္စရံသီ၊ ဘုရားကြီးတိုက် စာချဆရာတော် ဦးဇာဂရနှင့် ဦးဝိမလ၊ မစိုးရိမ်တိုက်၊ မြင်းဝန်တိုက်၊ အမရပူရမြို့၊ ပခုက္ကူမြို့တို့မှ ထင်ရှားသော စာချအကျော် ဆရာတော်များထံတော်၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ နေ့ဝိ၊ ညဝိကျမ်းစာများကို ပါရဂူရောက် တတ်မြောက် လိမ္မာအောင် သင်ကြားဆည်းပူးတော်မူပြီးလျှင် အစိုးရပထမငယ်၊ ပထမလတ်နှင့် ပထမကြီးတန်း စာမေးပွဲများကို အောင်မြင်တော်မူခဲ့ပါသည်။

## သာသနာရေး အားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တနာရဒသည် ၁၁–နှစ်တိုင်တိုင် ပညာသင်ကြားပြီးနောက် မန္တလေးမြို့ မစိုးရိမ်တိုက်၌ ခေတ္တသီတင်းသုံး နေထိုင်ခိုက် ကိစ္စတစ်ခုကြောင့် ခင်ဦးမြို့သို့ ရောက်သွားစဉ် သံဃာကင်းမဲ့နေသော တောရကျောင်းတစ်ခုကို တွေ့ပြီး တောရဆောက်တည် နေထိုင်လိုစိတ်ပေါက်ကာ ထိုတောရ၌ ၃–နှစ်တိုင် တောရဆောက်တည်၍ တရားအားထုတ်နေခဲ့ပါသည်။ ထိုသို့ တရားအားထုတ်နေထိုင်စဉ် နေ့အခါ၌ မိမိ သင်ကြားခဲ့သော ပါဠိ၊ အဋ္ဌကထာများကို ကြည့်ရှု၍ သီတင်းနေ့များ၌ ဥပုသ်သည်များအား တရားဓမ္မဟောပြတော်မူပြီး ပရိယတ်အခြေခံ ရစိမ့်သောငှာ သဂြိုဟ်နှင့် ပဋ္ဌာန်း ၂၄–ကျမ်း ကုန်ဆုံးသည့်တိုင်အောင် ပေယျာလများကိုပါ ဖော်စေလျက် လွန်စွာ ခက်ခဲသော ပစ္စည်းပြိုင်ခေါ် ဃဋ္ဋနာနှင့် ပဉ္စာဝါရ ပစ္စနိက်များကိုပါ အလွယ်ကူဆုံးဖြစ်အောင် ကြံဆပြီး သင်ကြား ပို့ချပေးတော်မူခဲ့ပါသည်။ အရည်အချင်းစစ် စာမေးပွဲများကိုလည်း ကျင်းပပြုလုပ်ခဲ့ပါသည်။

ထို့ပြင် ကမ္ဘာစစ်မဖြစ်မီက အလယ်တောရဆရာတော်ကြီး၏ တိုက်တွန်းချက်အရ အလယ်တောရ၌လည်းကောင်း၊ မန္တလေးမြို့ အဘိဇ္ဈမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီး၏ တိုက်တွန်းချက်အရ မစိုးရိမ်တိုက်၌လည်းကောင်း၊ ကမ္ဘာစစ်အတွင်းက ချပ်သင်းသူဌေး ဦးဘတင်၏ ပင့်လျှောက်ချက်အရ စစ်ကိုင်းတောင်ရိုး၌လည်းကောင်း၊ ကမ္ဘာစစ်ပြီးသောအခါ ဆိုင်ရာပုဂ္ဂိုလ်အသီးသီးတို့၏ ပင့်လျှောက်ချက်အရ မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ ရန်ကုန်၊ ဇေယျဝတီတိုက်ကျောင်းများ၌လည်းကောင်း၊ ဘုရားကြီးတိုက် ဆရာတော်ကြီး၏ တိုက်တွန်းချက်အရ ဘုရားကြီးကျောင်းတိုက်၌လည်းကောင်း၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၌ နှစ်ပေါင်း ၃၀–တိုင်တိုင်

http://www.dhammadownload.com



လည်းကောင်း၊ မိမိနေထိုင်သော ပဋ္ဌာန်းကျောင်းတိုက်၌လည်းကောင်း၊ ရဟန်းရှင်လူ အမျိုးသား အမျိုးသမီးပေါင်းများစွာတို့အား ပဋ္ဌာန်း, ယမိုက်, မာတိကာ, ဓာတုကထာ, သင်္ဂြိုဟ် စသော အဘိဓမ္မာဆိုင်ရာကျမ်းစာတို့ကို ပို့ချသင်ကြားပေးတော်မူ၍ အရည်အချင်းစစ် စာမေးပွဲများကိုလည်း ကျင်းပပြုလုပ်ပေးခဲ့ပါသည်။

## စာပေကျမ်းဂန် ရေးသားပြုစုတော်မူခြင်း

ဆရာတော်သည် အဘိဓမ္မာသာသနာတော် ထွန်းကားရေးအတွက် အလေးအနက်ထား၍ သင်္ဂြိုဟ်, ပဋ္ဌာန်းစသော အဘိဓမ္မာဆိုင်ရာကျမ်းများကို မနားမနေ သင်တန်း ဖွင့်လှစ် ပို့ချတော်မူစဉ် အောက်ဖော်ပြပါ ကျမ်းစာများကိုလည်း ရေးသား ပြုစုတော်မူခဲ့ပါသည်။

၁။ သင်္ဂြိုဟ် ၉–ပိုင်း သရုပ်ခွဲဇယားအကျဉ်း၊
၂။ သင်္ဂြိုဟ် ၉–ပိုင်း သရုပ်ခွဲဇယားအကျယ်၊
၃။ ပဋ္ဌာန်းပါဠိရဂူကျမ်း၊
၄။ ယမိုက်ပါဠိရဂူကျမ်း၊
၅။ မာတိကာ ဓာတုကထာပါဠိရဂူကျမ်း၊
၆။ ယမိုက်ပါဠိရဂူကျမ်း (နောက်ဆက်တွဲ)
၇။ ပရမတ္ထဝိနိစ္ဆယကျမ်းနှင့် နာမရူပ ပရိစ္ဆေဒကျမ်း ဇယား၊ (ပုံနှိပ်ပြီးစာအုပ်အဖြစ် မရောက်သေး)
၈။ ဆဝိရသင်္ချာ (အသံဖမ်းပဋ္ဌာန်းပို့ချစဉ်)ကျမ်း၊
၉။ ပဉ္စာဝိရဝိဘင်္ဂ (အသံဖမ်းပဋ္ဌာန်းပို့ချစဉ်)ကျမ်း၊
၁၀။ ပစ္စယနိဒ္ဒေသ ပထမပိုင်း၊ ဒုတိယပိုင်း (အသံဖမ်းပို့ချစဉ်)ကျမ်း၊
၁၁။ ပဉ္စာဝိရသင်္ချာ အနုလုံပစ္စနိက် (အသံဖမ်းပဋ္ဌာန်းပို့ချစဉ်)ကျမ်း၊
၁၂။ ပဉ္စာဝိရသင်္ချာ အနုလောမပစ္စနိက် ပစ္စနီယာနုလောမ (အသံဖမ်းပို့ချစဉ်)ကျမ်း၊
၁၃။ ဆဝိရဝိဘင်္ဂ (အသံဖမ်းပို့ချစဉ်)ကျမ်း၊
၁၄။ သင်္ခါရယမိုက် (အသံဖမ်းပို့ချစဉ်)ကျမ်း။
၁၅။ အနုသယ ယမိုက် (အသံဖမ်းပို့ချစဉ်)ကျမ်း။
၁၆။ စိတ္တနှင့် ဓမ္မယမိုက် (အသံဖမ်းပို့ချစဉ်)ကျမ်း။
၁၇။ ဣန္ဒြိယ ယမိုက် (အသံဖမ်းပို့ချစဉ်)ကျမ်း။

http://www.dhammadownload.com



၁၈။ သစ္စ ယမိုက် (အသံဖမ်းပို့ချစဉ်)ကျမ်း။
၁၉။ အာယတနနှင့် ဓာတုယမိုက် (အသံဖမ်းပို့ချစဉ်)ကျမ်း။
၂၀။ ဓာတုကထာ (အင်္ဂလိပ်ဘာသာပြန်)ကျမ်း။
၂၁။ ပဋ္ဌာန်း ပထမအုပ် (အင်္ဂလိပ်ဘာသာပြန်)ကျမ်း။
၂၂။ ပဋ္ဌာန်း ဟောပုံနည်းမျိုးစုံ (အင်္ဂလိပ်ဘာသာပြန်)ကျမ်း။
၂၃။ ပဋ္ဌာန်း ဒုတိယအုပ် (အင်္ဂလိပ်ဘာသာပြန်)ကျမ်း။

ကြွင်းကျန်သော ပဋ္ဌာဝါရဝိဘင်္ဂနှင့် သင်္ချာဝါရများကိုလည်း အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီးဖြစ်၍ အချောကိုင်ရုံမျှသာ လိုပါသည်၊ ဆရာတော်သည် ဤဘာသာပြန်လုပ်ငန်းကို ကမ္ဘာသို့ ပါဠိပိဋကစာပေ ဖြန့်ချိနေသော လန်ဒန်ပါဠိ အသင်းကြီးနှင့် ဆက်သွယ်၍ အဘိဓမ္မာသာသနာ ကမ္ဘာအနှံ့ပျံ့အောင် ဆောင်ရွက်တော်မူခြင်း ဖြစ်ပါသည်။

ထို့ပြင် ဆဋ္ဌသင်္ဂါယနာတင် မဟာဓမ္မသဘင်၌ သုတ်သီလက္ခန်, ယမိုက်, ပဋ္ဌာန်းပါဠိတော်များနှင့် ပဋ္ဌပကရဏ အဋ္ဌကထာကျမ်းများအတွက် "မူလဝိသောဓကေ"၊ "ပဋိဝိသောဓကေ"၊ "ဩသာနသောဓကေ"ပုဂ္ဂိုလ်အဖြစ်ဖြင့်လည်းကောင်း၊ နိုင်ငံတော် ဗုဒ္ဓသာသနာပြုအဖွဲ့၏ တောင်းပန်ချက်အရ ယမိုက်အရကောက်ကျမ်းကို ပြင်ဆင်ပေးခြင်းဖြင့်လည်းကောင်း၊ ဆဋ္ဌသံဂါယနာတင်ဆဲ, တင်ပြီးအချိန်တို့၌ အင်္ဂလိပ်, အမေရိကန်, ဂျာမနီ, သီဟိုဠ်, အိန္ဒိယ, အင်ဒိုနီးရှား, ကမ္ဘောဒီးယားစသော နိုင်ငံခြားသားတို့အား သင်္ဂြိုဟ်, ပဋ္ဌာန်းစသည့်ကျမ်းများကို သင်ကြားပေးခြင်းဖြင့်လည်းကောင်း၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ်ဖြင့်လည်းကောင်း၊ ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ပထမ ဩဝါဒါစရိယဆရာတော်, ဆူးလေရွှေတိဂုံဘုရား ဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယ ဆရာတော်အဖြစ်ဖြင့်လည်းကောင်း အသီးသီးတာဝန်ယူ၍ သာသနာတော် တည်တံ့ထွန်းကားရေးကို အားပေးဆောင်ရွက်တော်မူခဲ့ခြင်းကြောင့် ၁၃၄၀-ပြည့်နှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ် ဆက်ကပ်ပူဇော်မှုကို ရရှိတော်မူခဲ့ပါသည်။

## အဘိဓမ္မတ္ထသင်္ဂဟကျမ်း

ဆရာတော်သည် ဤသင်္ဂြိုဟ် ၉-ပိုင်း သရုပ်ခွဲဇယားကို ဒုတိယကမ္ဘာစစ်ကြီးအချိန်က ခင်ဦးတောရ၌ စစ်ဘေးဒဏ်ကို ခိုလှုံရင်း ဇရေးသားတီထွင်ခဲ့ခြင်း ဖြစ်ပါသည်၊ အဘိဓမ္မာ (၇)ကျမ်းကို နှောင်းလူသားများ လေ့လာသင်ကြား နားလည်

http://www.dhammadownload.com



နိုင်စေဖို့ ကျောင်းဒကာကြီး နမ္မ၏ လျှောက်ထားတောင်းပန်ချက်ဖြင့် သီဟိုဠ်ကျွန်းမှ တု–မူလသောမကျောင်းဆရာတော် အရှင်အနုရုဒ္ဓါက အဘိဓမ္မာ ၇–ကျမ်းကို အကျဉ်းချုံးထားသည့် အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို ရေးသားစီစဉ်ပေးခဲ့သည်၊ ဤအဘိဓမ္မတ္ထသင်္ဂဟကျမ်းသည် ကျယ်ဝန်းနက်နဲ ခက်ခဲလှသည့် အဘိဓမ္မာပိဋကတော်ကို လေ့လာသင်ယူလိုသူများနှင့် စာသင်သားများအတွက် အားထားရာကျမ်းငယ်တစ်ဆူ ဖြစ်ခဲ့သည်၊ အဋ္ဌကထာကျမ်းပေါင်းများစွာတွင် အငယ်ဆုံးနှင့် လိုရင်းအကျဆုံး ကျမ်းစာဖြစ်ခြင်းကြောင့် လက်သန်းအဋ္ဌကထာအဖြစ် နာမည်ကျော်ကြားခဲ့သည်။

သို့ပါသော်လည်း ဤကျမ်းပါ အဘိဓမ္မာဆိုင်ရာများကို သိရှိနားလည် သေချာစွာ တတ်မြောက်ဖို့မှာမူ အခြေခံလမ်းရိုးအတိုင်း သင်ယူရပါမူ ပါဠိကျက်အနက်ပေး အဓိပ္ပာယ်ပြန် သရုပ်ခွဲ အဆင့်ဆင့်ကို နှေးစဉ် သင်ယူလေ့ကျက်ပါသော် အနည်းဆုံး ၄,၅နှစ်မျှ အချိန်ယူမှ နားလည်သိရှိနိုင်ပါမည်။

စားဝတ်နေရေး လူမှုရေးကိစ္စအထွေထွေဖြင့် ရှုန်းကန်လှုပ်ရှားနေပြီး၊ ပါဠိနှင့် ကျွမ်းဝင်မှုမရှိသော လူသားများအတွက်မူ အလှမ်းဝေးလှပါသည်။

## သင်္ဂြိုဟ် ၉–ပိုင်း သရုပ်ခွဲဇယား

ဤလိုအပ်ချက်ကို ဖြည့်ဆည်းသည့်အနေဖြင့် ဆရာတော်သည် အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို အခြေခံ၍ သင်္ဂြိုဟ် ၉–ပိုင်း သရုပ်ခွဲဇယားကျမ်းကို စတင်တီထွင်ရေးသား ပြုစုတော်မူပါသည်၊ ရေးသားပြုစုရင်း ၁၀–နှစ်အရွယ် ကလေးငယ်များကို စမ်းသပ် ပို့ချသင်ကြားပေးခဲ့ရာ အချိန်တိုအတွင်း လျင်မြန်လွယ်ကူစွာ သရုပ်ခွဲတတ်မြောက်နိုင်ခဲ့ပါသည်။

ဆရာတော်သည် အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို ဇယားနည်းစနစ်ဖြင့် တီထွင်ပြုစု ရေးသားပေးခဲ့မှုကြောင့် လောကီလူသားများအနေနှင့် တစ်ပတ်ကို စနေ–တနင်္ဂနွေ နှစ်ရက်၊ တစ်ရက်ကို နှစ်နာရီ အချိန်ပေးရုံမျှဖြင့် သင်္ဂြိုဟ် ၉–ပိုင်းကို ၆–လတာအတွင်း ချမ်းသာလွယ်ကူစွာ နှုတ်တက်အာဂုံဆောင် လေ့လာသင်ကြား တတ်မြောက်နိုင်ပါသည်၊ နိုင်ငံတော်မှ ကျင်းပသော သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၏ အဘိဓမ္မာစာမေးပွဲများသို့တိုင်လည်း ဝင်ရောက် ဖြေဆိုနိုင်ခွင့် ရရှိခဲ့ပါသည်။

http://www.dhammadownload.com



ဤသင်္ဂြိုဟ် ၉–ပိုင်း ဖယားနည်းစနစ်ကို ကမ္ဘာစစ်ကြီးအပြီးတွင် ဖျာပုံမြို့ ဝေဖယန္တာကျောင်းတိုက်၌ ကြွရောက်ပို့ချပေးခဲ့ရာမှစ၍ အမွေဆက်ခံခွင့် ရရှိခဲ့ပါသည်၊ ဝေဖယန္တာကျောင်း ဆရာတော်ထံမှတစ်ဆင့် စာရေးသူ၏ ဖခင် မြတ်ရတနာ ဆရာ ဦးမြသောင်း(သာကီနွယ်)သည် မြေးတပည့်အဖြစ် ထပ်မံ အမွေခံ ရရှိခဲ့ပါသည်၊ ၁၉၇၉–ခုနှစ်မှစ၍ ဖခင်ထံမှတစ်ဆင့် စာရေးသူတို့ မြစ်တပည့်အဖြစ် လက်ဆင့်ကမ်း အမွေဆက်ခံခွင့် ရရှိခဲ့ပြန်ပါသည်။

၁၉၈၀–ခုနှစ်မှစ၍ ယနေ့တိုင် ကျေးဇူးရှင်ဖခင်ကြီးထံမှ အမွေဆက်ခံခွင့် ရရှိခဲ့သော ဖယားနည်းစနစ်ကို လက်ဆင့်ကမ်း ပို့ချပေးခဲ့ရာ လူငယ် လူရွယ်များ သာမက လူကြီးများပါ အချိန်တိုအတွင်း ချမ်းသာလွယ်ကူစွာ လေ့လာသင်ကြား တတ်မြောက်ခဲ့သည့်အပြင် စာမေးပွဲများသို့တိုင် ဖြေဆိုအောင်မြင်နိုင်ခဲ့ကြပါသည်၊ ဤဖယားစနစ်ကို ရန်ကုန်မြို့တွင်သာမက ပဲခူးမြို့၊ ရှမ်းပြည်တောင်ပိုင်း၊ ပင်လုံ၊ ရွှေကျင်၊ သာယာဝတီ၊ မဒေါက်၊ ချောက်၊ ဝါဇီ၊ စလေ၊ သာပေါင်း၊ ရေနီ၊ ပုသိမ်မြို့များသို့ပါ သွားရောက် ပို့ချပေးခဲ့ရာ တတ်မြောက်ပြီးသူပေါင်း (၅၀၀၀၀) ကျော် ရှိခဲ့ပြီဖြစ်ပါသည်။

## သင်္ဂြိုဟ် ၉–ပိုင်း ဖယားနည်းစနစ်လေ့လာပုံ

ဤဖယားနည်းစနစ်ကို လေ့လာသင်ယူရာတွင် ဖယားကို နားလည်အောင် ဖယားကြည့်ရှုတတ်ဖို့မှာ အရေးကြီးလှပါသည်၊ ဤသို့ ဖယားကို ကြည့်ရှုတတ်ပြီး ဆိုတတ်, မှတ်တတ်စေရန် အဘိဓမ္မာ သင်္ဂြိုဟ် ၉–ပိုင်း ဆိုရိုး (ဆိုပုံ– ဆိုနည်း) တတ်ဖို့ ပဓာနကျပါသည်၊ ဖယားကြည့်ဆိုတတ်ပါက ကျက်မှတ်လေ့လာ သရုပ်ခွဲဖို့ရန်မှာ အလွန် လွယ်ကူလှပါသည်၊ ဖယားနည်းစနစ်ဖြင့် ကျက်မှတ်လေ့လာ သရုပ်ခွဲပြီးသော် အဓိပ္ပါယ်သဘောများကို ရှင်းလင်းသင်ကြားပေးရန်သာ လိုပါတော့သည်၊ ထိုသို့ သရုပ်နှင့် အဓိပ္ပါယ်များကို ပူးတွဲလေ့လာ သင်ကြားပြီးသော အခါ အဘိဓမ္မာသဘောသဘာဝများကို ခန္ဓာနှင့် ယှဉ်၍ သိရှိနားလည်ခွင့် ရရှိနိုင်ပြီ ဖြစ်ပါတော့သည်။

## သင်္ဂြိုဟ် ၉–ပိုင်း သရုပ်ခွဲဖယားနည်း (ဆိုရိုး)

ကျေးဇူးတော်ရှင် ခင်ဦးတောရ မူလပဌာန်း ဆရာတော်ကြီးထံမှ အမွေဆက်ခံ ရရှိခဲ့သော ဖယားနည်းစနစ်မှာ ဖယားကို နားလည်အောင် ကြည့်ရှု၍ မှတ်မိစေရန်

http://www.dhammadownload.com



အဖန်ဖန် အထပ်ထပ် ဆိုရ လေ့ကျက်ရပါသည်၊ ထိုသို့ဆိုရာတွင် ဆိုရိုးများကို လိုက်လံ ရေးသားထားပြီး ရေးသားထားသည်များကိုသာ ကြည့်ပြီး မဆိုရပါ၊ ဇယားကို မှတ်မိအောင်သာ အဖန်ဖန် ကြည့်ရှုပြီး ဆိုရပါသည်။

ဤတွင် လူငယ်များမှာ သင်တန်းအချိန်တွင်းမှာပင် နှုတ်တက်ရသွားသော်လည်း လူကြီးများမှာ ဆိုတတ်ရုံမျှပင် ရှိနေသေးသောကြောင့် သင်တန်းချိန်ပြီးသွားသောအခါ ပြန်လည် လေ့လာ ကြည့်ရှုနိုင်ဖို့ လိုအပ်လာပါသည်၊ သို့ပါသောကြောင့် ဇယားကို ကြည့်၍ ပြန်ဆိုနိုင်စေရန် ဆိုရိုးများကို သင်ကြားနေစဉ်၌ လိုက်လံ ရေးသားနေကြမှုကြောင့် ဇယားကြည့်တတ်စေရန် သင်ကြားပေးနေမှုအပေါ်၌ အာရုံ မစိုက်နိုင်ဘဲ ဖြစ်ကြရပါသည်၊ နောင်သောအခါ ဇယားမကြည့်တတ်ဘဲ ဖြစ်လာရပါသည်၊ ထိုအခါ ဇယားနည်းစနစ်၏ အချိန်တိုအတွင်း တတ်မြောက်စေကြောင်း တီထွင်မှုမှာ အကျိုးသက်ရောက်မှု ရှိသင့်သလောက် မရှိဘဲ ဖြစ်ရပါသည်။

သို့ဖြစ်ပါ၍ သင်ကြားနေစဉ်၌လည်း ဇယားသဘောနားလည်စေရန် အာရုံစိုက် ကြည့်ရှုနိုင်စေရန်လည်းကောင်း၊ သင်ကြားပြီးနောက် အချိန်မရွေး ဇယားနှင့် ယှဉ်တွဲ ကျက်မှတ် ဆိုတတ်စေရန်လည်းကောင်း၊ ဇယားနည်းဆိုရိုးများ ကွဲပြားသွားမှုများ မရှိဘဲ တူညီမှု ရှိနေကြစေရန်လည်းကောင်း၊ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး မေတ္တာ ကရုဏာရှေ့ထား၍ အမျိုးဘာသာ သာသနာအကျိုး အရှည်မျှော်ကိုး ပြုစုတီထွင်ခဲ့သော ဇယားနည်းစနစ် အစွန့်ရှည် တည်တံ့ ပြန့်ပွားပြီး ရဟန်း–ရှင်–လူအများ ချမ်းသာ လွယ်ကူစွာဖြင့် အဘိဓမ္မာတရားတော်များကို နှုတ်တက်ဆောင် ကျက်မှတ်လေ့လာ သင်ကြားနိုင်ကြစေရန်လည်းကောင်း ရည်သန်လျက် ဤသင်္ဂြိုဟ် ၉–ပိုင်း သရုပ်ခွဲ ဇယားနည်း (ဆိုရိုး)စာအုပ်ကို ဓမ္မမိတ်ဆွေအများ၏ ဆန္ဒပြုတောင်းဆိုမှုအရ ပြုစု ထုတ်ဝေလိုက်ရပါသည်။

''ရတနာမြတ်သုံးပါး၊ မိဘ၊ ဆရာသမားများနှင့် ကျေးဇူးရှင်အပေါင်း၏ ကျေးဇူးတော်အစုံ ဂုဏ်အပေါင်း''ကို ဦးထိပ်ထား ပန်ဆင်လျက် –

ဓမ္မဗျူဟာ–ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)
သင်တန်းမှူး
ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူ့ပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်
ရန်ကုန်မြို့။ (ဖုန်း–၃၈၀၈၈၀)

http://www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ ခင်ဦးတောရ

မူလပဌာန်းဆရာတော်ကြီး

၏

# ဇယားနည်း (ဆိုရိုး)

အဘိဓမ္မတ္ထသင်္ဂဟ (သင်္ဂြိုဟ် ၉–ပိုင်း)

၁။ စိတ်ပိုင်း

၂။ စေတသိက်ပိုင်း

၃။ ပကိဏ်းပိုင်း

၄။ ဝီထိပိုင်း

၅။ ဝီထိမုတ်ပိုင်း(ဘုံပိုင်း)

၆။ ရုပ်ပိုင်း

၇။ သမုစ္စည်းပိုင်း

၈။ ပစ္စည်းပိုင်း

၉။ ကမ္မဋ္ဌာန်းပိုင်း

http://www.dhammadownload.com

# ၁။ စိတ်ပိုင်း နှင့် စေတနာသင်္ဂဟ

**ပရမတ္ထတရား (၄)ပါး**

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်–ပေါင်း ပရမတ္ထတရား (၄)ပါး။

## ပထမဗွေ့ဘာဒိုင်ကြီး

**(စိတ်အမည်များကို စိတ်အကျဉ်း-စိတ်အကျယ်ဖြစ်ရအောင် ပွားခြင်း)**

[ဇယားနည်းကို စိတ်အမည် - ခေါင်းစဉ်အောက်မှ ကြည့်၍ အစဉ်အတိုင်း အလျားလိုက် ဆိုသွားပါ။ လိုင်းအပါးတွေ့က ဆက်ဆို၊ လိုင်းအထူ(မည်း) တွေ့က ပေါင်းဆိုရန်]

**အကုသိုလ်စိတ်(၁၂)ပါး**

လောဘမူစိတ် (၈)ပါး၊ ဒေါသမူစိတ် (၂)ပါး၊ မောဟမူစိတ် (၂)ပါး = ပေါင်း အကုသိုလ်စိတ် (၁၂)ပါး။

**အဟိတ်စိတ်(၁၈)ပါး**

အကုသလဝိပါက်စိတ် (၇)ပါး၊ အဟိတ်ကုသလဝိပါက်စိတ် (၈)ပါး၊ အဟိတ် ကြိယာစိတ် (၃)ပါး = ပေါင်း အဟိတ်စိတ် (၁၈)ပါး။

→ **အသောဘဏစိတ် (၃၀)ပါး**

အကုသိုလ်စိတ် (၁၂)ပါး၊ အဟိတ်စိတ် (၁၈)ပါး = ပေါင်း အသောဘဏ စိတ် (၃၀)ပါး။

**ကာမသောဘဏစိတ် (၂၄)ပါး**

မဟာကုသိုလ်စိတ် (၈)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ မဟာကြိယာစိတ် (၈)ပါး = ပေါင်း ကာမသောဘဏစိတ် (၂၄)ပါး။

→ **ကာမစိတ် (၅၄)ပါး**

အသောဘဏစိတ် (၃၀)ပါး၊ ကာမသောဘဏစိတ် (၂၄)ပါး = ပေါင်း ကာမစိတ် (၅၄)ပါး။

http://www.dhammadownload.com



**ရူပါဝစရစိတ် (၁၅)ပါး**

ရူပါဝစရကုသိုလ်စိတ် (၅)ပါး၊ ရူပါဝစရဝိပါက်စိတ် (၅)ပါး၊ ရူပါဝစရကြိယာစိတ် (၅)ပါး = ပေါင်း ရူပါဝစရစိတ် (၁၅)ပါး။

**အရူပါဝစရစိတ် (၁၂)ပါး**

အရူပါဝစရကုသိုလ်စိတ် (၄)ပါး၊ အရူပါဝစရဝိပါက်စိတ် (၄)ပါး၊ အရူပါဝစရကြိယာစိတ် (၄)ပါး = ပေါင်း အရူပါဝစရစိတ် (၁၂)ပါး။

→ **မဟဂ္ဂုတ်စိတ် (၂၇)ပါး**

ရူပါဝစရစိတ် (၁၅)ပါး၊ အရူပါဝစရစိတ် (၁၂)ပါး = ပေါင်း မဟဂ္ဂုတ်စိတ် (၂၇)ပါး။

→ **လောကီစိတ် (၈၁)ပါး**

ကာမစိတ်(၅၄)ပါး၊ မဟဂ္ဂုတ်စိတ်(၂၇)ပါး = ပေါင်း လောကီစိတ် (၈၁)ပါး။

**လောကုတ္တရာစိတ်အကျဉ်း (၈)ပါး**

လောကုတ္တရာကုသိုလ်စိတ် အကျဉ်း (၄)ပါး၊ လောကုတ္တရာဝိပါက် စိတ် အကျဉ်း (၄)ပါး = ပေါင်း လောကုတ္တရာစိတ် အကျဉ်း (၈)ပါး။

**တစ်နည်း**- မဂ်စိတ်အကျဉ်း (၄)ပါး၊ ဖိုလ်စိတ်အကျဉ်း (၄)ပါး= ပေါင်း လောကုတ္တရာစိတ် အကျဉ်း (၈)ပါး။

→ **စိတ် အကျဉ်း(၈၉)ပါး**

လောကီစိတ် (၈၁)ပါး၊ လောကုတ္တရာစိတ် အကျဉ်း (၈)ပါး = ပေါင်း စိတ် အကျဉ်း(၈၉)ပါး။

**မဂ်စိတ်အကျယ် (၂၀)**

သောတာပတ္တိမဂ်စိတ် (၅)ပါး၊ သကဒါဂါမိမဂ်စိတ် (၅)ပါး၊ အနာဂါမိမဂ်စိတ် (၅)ပါး၊ အရဟတ္တမဂ်စိတ် (၅)ပါး = ပေါင်း မဂ်စိတ် အကျယ်(၂၀)။

**တစ်နည်း** - သောတာပတ္တိမဂ်စိတ်(၅)ပါး၊ သကဒါဂါမိမဂ်စိတ် (၅)ပါး၊ အနာဂါမိမဂ်စိတ် (၅)ပါး၊ အရဟတ္တမဂ်စိတ် (၅)ပါး = ပေါင်း လောကုတ္တရာကုသိုလ်စိတ် အကျယ်(၂၀)။

http://www.dhammadownload.com



**ဖိုလ်စိတ်အကျယ် (၂၀)**

သောတာပတ္တိဖိုလ်စိတ်(၅)ပါး၊ သကဒါဂါမိဖိုလ်စိတ်(၅)ပါး၊ အနာဂါမိဖိုလ်စိတ်(၅)ပါး၊ အရဟတ္တဖိုလ်စိတ်(၅)ပါး = ပေါင်း ဖိုလ်စိတ် အကျယ်(၂၀)။

**တစ်နည်း** – သောတာပတ္တိဖိုလ်စိတ်(၅)ပါး၊ သကဒါဂါမိဖိုလ်စိတ် (၅)ပါး၊ အနာဂါမိဖိုလ်စိတ်(၅)ပါး၊ အရဟတ္တဖိုလ်စိတ်(၅)ပါး= ပေါင်း လောကုတ္တရာဝိပါက်စိတ် အကျယ်(၂၀)။

→ **လောကုတ္တရာစိတ် အကျယ်(၄၀)**

မဂ်စိတ်အကျယ်(၂၀)၊ ဖိုလ်စိတ်အကျယ်(၂၀) = ပေါင်း လောကုတ္တရာစိတ် အကျယ်(၄၀)။

**တစ်နည်း**– လောကုတ္တရာကုသိုလ်စိတ် အကျယ်(၂၀)၊ လောကုတ္တရာဝိပါက်စိတ် အကျယ်(၂၀) = ပေါင်း လောကုတ္တရာစိတ် အကျယ်(၄၀)။

→ **စိတ် အကျယ်(၁၂၁)ပါး**

လောကီစိတ် (၈၁)ပါး၊ လောကုတ္တရာစိတ် အကျယ်(၄၀) = ပေါင်း စိတ်အကျယ် (၁၂၁)ပါး။

→ **ဈာန်စိတ် (အပ္ပနာစိတ်) ၆၇-ပါး**

မဟဂ္ဂုတ်စိတ် (၂၇)ပါး၊ လောကုတ္တရာစိတ် အကျယ် (၄၀) = ပေါင်း ဈာန်စိတ် (၆၇)ပါး။ **တစ်နည်း**– အပ္ပနာစိတ် (၆၇)ပါး။

**စိတ်ပိုင်း ပထမလွှာ (ဆိုရိုး) ပြီး၏။**

http://www.dhammadownload.com



## ဒုတိယသင်္ခာဆိုင်ရာ

(စိတ်အကျဉ်း-စိတ်အကျယ်ကို အကုသိုလ်-ကုသိုလ်-ဝိပါက်-ကြိယာ = စိတ်အမည် ၄-မျိုးခွဲခြား၍ ဝေဖန်ခြင်း)

[စိတ်အမည် ခေါင်းစဉ်နှင့်ကပ်လျက် အကုသိုလ်-ကုသိုလ်-ဝိပါက်-ကြိယာ = ခေါင်းစဉ်များအတိုင်း ဒေါင်လိုက် ဆွဲချပေါင်းပြီး ပူဇော်သွားရန်]

**စိတ်အမည်** = အကုသိုလ်စိတ်၊ ကုသိုလ်စိတ်၊ ဝိပါက်စိတ်၊ ကြိယာစိတ်။

**၁။ အကုသိုလ်စိတ် (၁၂)ပါး**

လောဘမူစိတ်(၈)ပါး၊ ဒေါသမူစိတ်(၂)ပါး၊ မောဟမူစိတ်(၂)ပါး = ပေါင်း အကုသိုလ်စိတ် (၁၂)ပါး။

**၂။ ကုသိုလ်စိတ် အကျဉ်း(၂၁)ပါး**

မဟာကုသိုလ်စိတ် (၈)ပါး၊ ရူပါဝစရကုသိုလ်စိတ် (၅)ပါး၊ အရူပါဝစရ ကုသိုလ်စိတ် (၄)ပါး၊ လောကုတ္တရာကုသိုလ်စိတ် အကျဉ်း (၄)ပါး = ပေါင်း ကုသိုလ်စိတ် အကျဉ်း(၂၁)ပါး။

**ကုသိုလ်စိတ် အကျယ်(၃၇)ပါး**

မဟာကုသိုလ်စိတ် (၈)ပါး၊ ရူပါဝစရကုသိုလ်စိတ် (၅)ပါး၊ အရူပါဝစရ ကုသိုလ်စိတ် (၄)ပါး၊ လောကုတ္တရာကုသိုလ်စိတ် အကျယ်(၂၀)ပါး = ပေါင်း ကုသိုလ်စိတ် အကျယ်(၃၇)ပါး။

**၃။ ဝိပါက်စိတ် အကျဉ်း(၃၆)ပါး**

အကုသလဝိပါက်စိတ်(၇)ပါး၊ အဟိတ်ကုသလဝိပါက်စိတ် (၈)ပါး၊ မဟာ ဝိပါက်စိတ်(၈)ပါး၊ ရူပါဝစရဝိပါက်စိတ် (၅)ပါး၊ အရူပါဝစရ ဝိပါက်စိတ် (၄)ပါး၊ လောကုတ္တရာဝိပါက်စိတ် အကျဉ်း(၄)ပါး = ပေါင်း ဝိပါက်စိတ် အကျဉ်း(၃၆)ပါး။

http://www.dhammadownload.com



**ဝိပါက်စိတ် အကျယ်(၅၂)ပါး**

အကုသလဝိပါက်စိတ်(၇)ပါး၊ အဟိတ်ကုသလဝိပါက်စိတ် (၈)ပါး၊ မဟာဝိပါက်စိတ်(၈)ပါး၊ ရူပါဝစရဝိပါက်စိတ် (၅)ပါး၊ အရူပါဝစရ ဝိပါက်စိတ် (၄)ပါး၊ လောကုတ္တရာဝိပါက်စိတ် အကျယ်(၂၀)ပါး = ပေါင်း ဝိပါက်စိတ် အကျယ်(၅၂)ပါး။

၄။ **ကြိယာစိတ် (၂၀)ပါး**

အဟိတ်ကြိယာစိတ်(၃)ပါး၊ မဟာကြိယာစိတ်(၈)ပါး၊ ရူပါဝစရကြိယာစိတ် (၅)ပါး၊ အရူပါဝစရကြိယာစိတ် (၄)ပါး= ပေါင်း ကြိယာစိတ် (၂၀)ပါး။

→ **စိတ်အကျဉ်း (၈၉)ပါး**

အကုသိုလ်စိတ် (၁၂)ပါး၊ ကုသိုလ်စိတ် အကျဉ်း (၂၁)ပါး၊ ဝိပါက်စိတ် အကျဉ်း(၃၆)ပါး၊ ကြိယာစိတ် (၂၀)ပါး = ပေါင်း စိတ် အကျဉ်း(၈၉)ပါး။

→ **စိတ်အကျယ် (၁၂၁)ပါး**

အကုသိုလ်စိတ် (၁၂)ပါး၊ ကုသိုလ်စိတ် အကျယ် (၃၇)ပါး၊ ဝိပါက်စိတ် အကျယ်(၅၂)ပါး၊ ကြိယာစိတ် (၂၀)ပါး = ပေါင်း စိတ် အကျယ်(၁၂၁)ပါး။

**စိတ်ပိုင်း ဒုတိယလ္ဘာ (ဆိုရိုး) ပြီး၏။**

http://www.dhammadownload.com



## တတိယသွှာဆိုင်ရိုး

(စိတ်တို့ကို အကျဉ်း-အကျယ်အလိုက် တစ်ပါးချင်း အမည်နှင့်တကွ ပူဇော်ခြင်း)

သင်္ကေတအမှတ်များ

| | |
|---|---|
| ○ | = သောမနဿသဟဂုတ် |
| ● | = ဥပေက္ခာသဟဂုတ် |
| ★ | = ဒေါမနဿသဟဂုတ် |
| ▲ | = ဒုက္ခသဟဂုတ် |
| △ | = သုခသဟဂုတ် |
| ◒ | = သော – ဥ အရော |
| ဒိဋ္ဌိသံ | = ဒိဋ္ဌိဂတသမ္ပယုတ် |
| ဒိဋ္ဌိဝိ | = ဒိဋ္ဌိဂတဝိပ္ပယုတ် |
| ပဋိဃသံ | = ပဋိဃသမ္ပယုတ် |
| ဝိစိသံ | = ဝိစိကိစ္ဆာသမ္ပယုတ် |
| ဥဒ္ဓစ္စသံ | = ဥဒ္ဓစ္စသမ္ပယုတ် |
| ဉာသံ | = ဉာဏသမ္ပယုတ် |
| ဉာဝိ | = ဉာဏဝိပ္ပယုတ် |
| အ | = အ–သင်္ခါရိက |
| သ | = သ–သင်္ခါရိက |

| | |
|---|---|
| စက် | = စက္ခုဝိညာဉ် |
| သော | = သောတဝိညာဉ် |
| ဃာ | = ဃာနဝိညာဉ် |
| ဇိ | = ဇိဝှါဝိညာဉ် |
| ကာ | = ကာယဝိညာဉ် |
| သံ | = သမ္ပဋိစ္ဆိုင်း |
| တီ | = သန္တီရဏ |

| | |
|---|---|
| ပဉ္စဒွါ | = ပဉ္စဒွါရာဝဇ္ဇန်း |
| မနောဒွါ | = မနောဒွါရာဝဇ္ဇန်း |
| ဟသိ | = ဟသိတုပ္ပါဒ် |

| | |
|---|---|
| အာကာ | = အာကာသာနဉ္စာယတန |
| ဝိညာ | = ဝိညာဏဉ္စာယတန |
| အာကိ | = အာကိဉ္စညာယတန |
| နေဝ | = နေဝသညာနာသညာယတန |

| | |
|---|---|
| သော | = သောတာပတ္တိ |
| ဒါ | = သကဒါဂါမိ |
| နာ | = အနာဂါမိ |
| အရ | = အရဟတ္တ |

| | |
|---|---|
| တက် | = ဝိတက် |
| စာ | = ဝိစာရ |
| ပီ | = ပီတိ |
| သုခ | = သုခ |
| ဥ | = ဥပေက္ခာ |
| ဧ | = ဧကဂ္ဂတာ |

| | |
|---|---|
| ပ | = ပထမဈာန် |
| ဒု | = ဒုတိယဈာန် |
| တ | = တတိယဈာန် |
| စ | = စတုတ္ထဈာန် |
| ပဉ္စ | = ပဉ္စမဈာန် |

http://www.dhammadownload.com



## လောဘမူစိတ် (၈)ပါး

ဒိဋ္ဌိသံ
○ = သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အ-သင်္ခါရိကစိတ်(၁)ပါး၊
အ

ဒိဋ္ဌိသံ
○ = သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သ-သင်္ခါရိကစိတ်(၁)ပါး၊
သ

ဒိဋ္ဌိဝိ
○ = သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အ-သင်္ခါရိကစိတ်(၁)ပါး၊
အ

ဒိဋ္ဌိဝိ
○ = သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သ-သင်္ခါရိကစိတ်(၁)ပါး၊
သ

ဒိဋ္ဌိသံ
● = ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အ-သင်္ခါရိကစိတ်(၁)ပါး၊
အ

ဒိဋ္ဌိသံ
● = ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သ-သင်္ခါရိကစိတ်(၁)ပါး၊
သ

ဒိဋ္ဌိဝိ
● = ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အ-သင်္ခါရိကစိတ်(၁)ပါး၊
အ

ဒိဋ္ဌိဝိ
● = ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သ-သင်္ခါရိကစိတ်(၁)ပါး။
သ

ပေါင်း လောဘမူစိတ် (၈)ပါး။

## ဒေါသမူစိတ် (၂)ပါး

ပဋိဃ
★ = ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အ-သင်္ခါရိကစိတ် (၁)ပါး၊
အ

ပဋိဃ
★ = ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သ-သင်္ခါရိကစိတ် (၁)ပါး၊
သ

ပေါင်း ဒေါသမူစိတ် (၂)ပါး။

## မောဟမူစိတ် (၂)ပါး

ဝိစိသံ
● = ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် (၁)ပါး၊

ဥဒ္ဓစ္စသံ
● = ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ် (၁)ပါး၊

ပေါင်း မောဟမူစိတ် (၂)ပါး။

http://www.dhammadownload.com



→ **အကုသိုလ်စိတ်(၁၂)ပါး**

လောဘမူစိတ်(၈)ပါး၊ ဒေါသမူစိတ်(၂)ပါး၊ မောဟမူစိတ်(၂)ပါး = ပေါင်း အကုသိုလ်စိတ်(၁၂)ပါး။

**အကုသလဝိပါက်စိတ် (၇)ပါး**

စက်
● = ဥပေက္ခာသဟဂုတ် စက္ခုဝိညာဉ်စိတ် (၁) ပါး၊
သော
● = ဥပေက္ခာသဟဂုတ် သောတဝိညာဉ်စိတ် (၁) ပါး၊
ဃာ
● = ဥပေက္ခာသဟဂုတ် ဃာနဝိညာဉ်စိတ် (၁) ပါး၊
ဇိ
● = ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဉ်စိတ် (၁) ပါး၊
ကာ
▲ = ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ် (၁) ပါး၊
သံ
● = ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ် (၁) ပါး၊
တီ
● = ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် (၁) ပါး။

ပေါင်း အကုသလဝိပါက်စိတ် (၇) ပါး။

**အဟိတ်ကုသလဝိပါက်စိတ် (၈)ပါး**

စက်
● = ဥပေက္ခာသဟဂုတ် စက္ခုဝိညာဉ်စိတ် (၁) ပါး၊
သော
● = ဥပေက္ခာသဟဂုတ် သောတဝိညာဉ်စိတ် (၁) ပါး၊
ဃာ
● = ဥပေက္ခာသဟဂုတ် ဃာနဝိညာဉ်စိတ် (၁) ပါး၊
ဇိ
● = ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဉ်စိတ် (၁) ပါး၊
ကာ
△ = သုခသဟဂုတ် ကာယဝိညာဉ်စိတ် (၁) ပါး၊
သံ
● = ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ် (၁) ပါး၊
တီ
○ = သောမနဿသဟဂုတ် သန္တီရဏစိတ် (၁) ပါး။

http://www.dhammadownload.com



တီ
● = ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် (၁) ပါး။

ပေါင်း အဟိတ်ကုသလဝိပါက်စိတ် (၈) ပါး။

**အဟိတ်ကြိယာစိတ် (၃)ပါး**

ပဥ္စဒွါ
● = ဥပေက္ခာသဟဂုတ် ပဥ္စဒွါရာဝဇ္ဇန်းစိတ် (၁) ပါး၊

မနောဒွါ
● = ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ် (၁) ပါး၊

ဟသိ
○ = သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ် (၁) ပါး။

ပေါင်း အဟိတ်ကြိယာစိတ် (၃) ပါး။

→ **အဟိတ်စိတ်(၁၈)ပါး**

အကုသလဝိပါက်စိတ် (၇)ပါး၊ အဟိတ်ကုသလဝိပါက်စိတ် (၈)ပါး၊ အဟိတ် ကြိယာစိတ် (၃)ပါး = ပေါင်း အဟိတ်စိတ်(၁၈)ပါး။

→ **အသောဘဏစိတ် (၃၀)ပါး**

အကုသိုလ်စိတ် (၁၂)ပါး၊ အဟိတ်စိတ် (၁၈)ပါး = ပေါင်း အသောဘဏ စိတ် (၃၀)ပါး။

**မဟာကုသိုလ်စိတ် (၈)ပါး**

ဉာသံ
○
အ = သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အ-သင်္ခါရိကစိတ်(၁)ပါး၊

ဉာသံ
○
သ = သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သ-သင်္ခါရိကစိတ်(၁)ပါး၊

ဉာဝိ
○
အ = သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အ-သင်္ခါရိကစိတ်(၁)ပါး၊

ဉာဝိ
○
သ = သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သ-သင်္ခါရိကစိတ်(၁)ပါး၊

ဉာသံ ● အ = ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အ-သင်္ခါရိကစိတ်(၁)ပါး၊

ဉာသံ ● သ = ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သ-သင်္ခါရိကစိတ်(၁)ပါး၊

ဉာဝိ ● အ = ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အ-သင်္ခါရိကစိတ်(၁)ပါး၊

ဉာဝိ ● သ = ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သ-သင်္ခါရိကစိတ်(၁)ပါး။

ပေါင်း မဟာကုသိုလ်စိတ် (၈)ပါး။

**မဟာဝိပါက်စိတ် (၈)ပါး**

ဉာသံ ○ အ = သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အ-သင်္ခါရိကစိတ်(၁)ပါး၊

ဉာသံ ○ သ = သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သ-သင်္ခါရိကစိတ်(၁)ပါး၊

ဉာဝိ ○ အ = သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အ-သင်္ခါရိကစိတ်(၁)ပါး၊

ဉာဝိ ○ သ = သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သ-သင်္ခါရိကစိတ်(၁)ပါး၊

ဉာသံ ● အ = ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အ-သင်္ခါရိကစိတ်(၁)ပါး၊

ဉာသံ ● သ = ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သ-သင်္ခါရိကစိတ်(၁)ပါး၊

ဉာဝိ ● အ = ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အ-သင်္ခါရိကစိတ်(၁)ပါး၊

ဉာဝိ ● သ = ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သ-သင်္ခါရိကစိတ်(၁)ပါး။

ပေါင်း မဟာဝိပါက်စိတ် (၈)ပါး။

http://www.dhammadownload.com



## မဟာကြိယာစိတ် (၈)ပါး

ဉာသံ ○ အ = သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အ–သင်္ခါရိကစိတ်(၁)ပါး၊

ဉာသံ ○ သ = သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သ–သင်္ခါရိကစိတ်(၁)ပါး၊

ဉာဝိ ○ အ = သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အ–သင်္ခါရိကစိတ်(၁)ပါး၊

ဉာဝိ ○ သ = သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သ–သင်္ခါရိကစိတ်(၁)ပါး၊

ဉာသံ ● အ = ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အ–သင်္ခါရိကစိတ်(၁)ပါး၊

ဉာသံ ● သ = ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သ–သင်္ခါရိကစိတ်(၁)ပါး၊

ဉာဝိ ● အ = ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အ–သင်္ခါရိကစိတ်(၁)ပါး၊

ဉာဝိ ● သ = ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သ–သင်္ခါရိကစိတ်(၁)ပါး။

ပေါင်း မဟာကြိယာစိတ် (၈)ပါး။

## → ကာမသောဘဏစိတ် (၂၄)ပါး

မဟာကုသိုလ်စိတ် (၈)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ မဟာကြိယာစိတ် (၈)ပါး = ပေါင်း ကာမသောဘဏစိတ် (၂၄)ပါး။

## → ကာမစိတ် (၅၄)ပါး

အသောဘဏစိတ် (၃၀)ပါး၊ ကာမသောဘဏစိတ် (၂၄)ပါး = ပေါင်း ကာမစိတ် (၅၄)ပါး။

http://www.dhammadownload.com



## ရူပါဝစရကုသိုလ်စိတ် (၅)ပါး

တက် ○ ပ = ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၅)ပါးနှင့်တကွဖြစ်သော ရူပါဝစရကုသိုလ် ပထမဈာန်စိတ်(၁)ပါး။

စာ ○ ဒု = ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၄)ပါးနှင့် တကွဖြစ်သော ရူပါဝစရကုသိုလ် ဒုတိယဈာန်စိတ်(၁)ပါး။

ပီ ○ တ = ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၃)ပါးနှင့် တကွဖြစ်သော ရူပါဝစရကုသိုလ် တတိယဈာန်စိတ်(၁)ပါး။

သု ○ စ = သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့် တကွဖြစ်သော ရူပါဝစရကုသိုလ် စတုတ္ထဈာန်စိတ်(၁)ပါး။

ဥ ● ပဉ္စ = ဥပေက္ခာ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့် တကွဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်စိတ်(၁)ပါး။

ပေါင်း ရူပါဝစရကုသိုလ်စိတ် (၅)ပါး။

## ရူပါဝစရဝိပါက်စိတ် (၅)ပါး

တက် ○ ပ = ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၅)ပါးနှင့်တကွဖြစ်သော ရူပါဝစရဝိပါက် ပထမဈာန်စိတ်(၁)ပါး။

စာ ○ ဒု = ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၄)ပါးနှင့် တကွဖြစ်သော ရူပါဝစရဝိပါက် ဒုတိယဈာန်စိတ်(၁)ပါး။

ပီ ○ တ = ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၃)ပါးနှင့် တကွဖြစ်သော ရူပါဝစရဝိပါက် တတိယဈာန်စိတ်(၁)ပါး။

သု ○ စ = သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့် တကွဖြစ်သော ရူပါဝစရဝိပါက် စတုတ္ထဈာန်စိတ်(၁)ပါး။

ဥ ● ပဉ္စ = ဥပေက္ခာ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့် တကွဖြစ်သော ရူပါဝစရဝိပါက် ပဉ္စမဈာန်စိတ်(၁)ပါး။

ပေါင်း ရူပါဝစရဝိပါက်စိတ် (၅)ပါး။

http://www.dhammadownload.com



## ရူပါဝစရကြိယာစိတ် (၅)ပါး

တက် ○ ပ = ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၅)ပါးနှင့်တကွဖြစ်သော ရူပါဝစရကြိယာ ပထမဈာန်စိတ်(၁)ပါး။

စာ ○ ဒု = ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၄)ပါးနှင့် တကွဖြစ်သော ရူပါဝစရကြိယာ ဒုတိယဈာန်စိတ်(၁)ပါး။

ပီ ○ တ = ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၃)ပါးနှင့် တကွဖြစ်သော ရူပါဝစရကြိယာ တတိယဈာန်စိတ်(၁)ပါး။

သု ○ စ = သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့် တကွဖြစ်သော ရူပါဝစရကြိယာ စတုတ္ထဈာန်စိတ်(၁)ပါး။

ဥ ● ပဥ္စ = ဥပေက္ခာ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့် တကွဖြစ်သော ရူပါဝစရကြိယာ ပဥ္စမဈာန်စိတ်(၁)ပါး။

ပေါင်း ရူပါဝစရကြိယာစိတ် (၅)ပါး။

→ **ရူပါဝစရစိတ် (၁၅)ပါး**

ရူပါဝစရကုသိုလ်စိတ် (၅)ပါး၊ ရူပါဝစရဝိပါက်စိတ် (၅)ပါး၊ ရူပါဝစရကြိယာစိတ် (၅)ပါး = ပေါင်း ရူပါဝစရစိတ် (၁၅)ပါး။

## အရူပါဝစရကုသိုလ်စိတ် (၄)ပါး

အာကာ ● = အာကာသာနဉ္စာယတနကုသိုလ်စိတ် (၁)ပါး၊

ဝိညာ ● = ဝိညာဏဉ္စာယတနကုသိုလ်စိတ် (၁)ပါး၊

အာကိ ● = အာကိဉ္စညာယတနကုသိုလ်စိတ် (၁)ပါး၊

နေဝ ● = နေဝသညာနာသညာယတနကုသိုလ်စိတ် (၁)ပါး၊

ပေါင်း အရူပါဝစရကုသိုလ်စိတ် (၄)ပါး။

http://www.dhammadownload.com



**အရူပါဝစရဝိပါက်စိတ် (၄)ပါး**

အာကာ
● = အာကာသာနဉ္စာယတနဝိပါက်စိတ် (၁)ပါး၊

ဝိညာ
● = ဝိညာဏဉ္စာယတနဝိပါက်စိတ် (၁)ပါး၊

အာကိ
● = အာကိဉ္စညာယတနဝိပါက်စိတ် (၁)ပါး၊

နေဝ
● = နေဝသညာနာသညာယတနဝိပါက်စိတ် (၁)ပါး၊

ပေါင်း အရူပါဝစရဝိပါက်စိတ် (၄)ပါး။

**အရူပါဝစရကြိယာစိတ် (၄)ပါး**

အာကာ
● = အာကာသာနဉ္စာယတနကြိယာစိတ် (၁)ပါး၊

ဝိညာ
● = ဝိညာဏဉ္စာယတနကြိယာစိတ် (၁)ပါး၊

အာကိ
● = အာကိဉ္စညာယတနကြိယာစိတ် (၁)ပါး၊

နေဝ
● = နေဝသညာနာသညာယတနကြိယာစိတ် (၁)ပါး၊

ပေါင်း အရူပါဝစရကြိယာစိတ် (၄)ပါး။

→ **အရူပါဝစရစိတ် (၁၂)ပါး**

အရူပါဝစရကုသိုလ်စိတ် (၄)ပါး၊ အရူပါဝစရဝိပါက်စိတ် (၄)ပါး၊ အရူပါဝစရကြိယာစိတ် (၄)ပါး = ပေါင်း အရူပါဝစရစိတ် (၁၂)ပါး။

→ **မဟဂ္ဂုတ်စိတ် (၂၇)ပါး**

ရူပါဝစရစိတ် (၁၅)ပါး၊ အရူပါဝစရစိတ် (၁၂)ပါး = ပေါင်း မဟဂ္ဂုတ်စိတ် (၂၇)ပါး။

http://www.dhammadownload.com



→ **လောကီစိတ် (၈၁)ပါး**

ကာမစိတ်(၅၄)ပါး၊ မဟဂ္ဂုတ်စိတ်(၂၇)ပါး = ပေါင်း လောကီစိတ် (၈၁)ပါး။

**လောကုတ္တရာကုသိုလ် စိတ်အကျဉ်း (၄)ပါး**

သော မ = သောတာပတ္တိမဂ်စိတ် (၁)ပါး၊

ဒါ မ = သကဒါဂါမိမဂ်စိတ် (၁)ပါး၊

နာ မ = အနာဂါမိမဂ်စိတ် (၁)ပါး၊

အရ မ = အရဟတ္တမဂ်စိတ် (၁)ပါး၊

ပေါင်း လောကုတ္တရာကုသိုလ်စိတ် အကျဉ်း (၄)ပါး။

**လောကုတ္တရာဝိပါက် စိတ်အကျဉ်း (၄)ပါး**

သော ဖ = သောတာပတ္တိဖိုလ်စိတ်(၁)ပါး၊

ဒါ ဖ = သကဒါဂါမိဖိုလ်စိတ် (၁)ပါး၊

နာ ဖ = အနာဂါမိဖိုလ်စိတ် (၁)ပါး၊

အရ ဖ = အရဟတ္တဖိုလ်စိတ် (၁)ပါး၊

ပေါင်း လောကုတ္တရာဝိပါက်စိတ် အကျဉ်း (၄)ပါး။

→ **လောကုတ္တရာစိတ် အကျဉ်း (၈)ပါး**

လောကုတ္တရာကုသိုလ် စိတ်အကျဉ်း (၄)ပါး၊ လောကုတ္တရာဝိပါက် စိတ် အကျဉ်း (၄)ပါး = ပေါင်း လောကုတ္တရာစိတ် အကျဉ်း (၈)ပါး။

http://www.dhammadownload.com



→ **စိတ်အကျဉ်း (၈၉)ပါး**

လောကီစိတ် (၈၁)ပါး၊ လောကုတ္တရာစိတ် အကျဉ်း (၈)ပါး = ပေါင်း စိတ်အကျဉ်း (၈၉)ပါး။

**သောတာပတ္တိမဂ်စိတ် (၅)ပါး**

တက် ဝ ပ = ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၅)ပါးနှင့်တကွဖြစ်သော သောတာပတ္တိမဂ် ပထမဈာန်စိတ်(၁)ပါး။

စာ ဝ ဒု = ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၄)ပါးနှင့် တကွဖြစ်သော သောတာပတ္တိမဂ် ဒုတိယဈာန်စိတ်(၁)ပါး။

ပိ ဝ တ = ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၃)ပါးနှင့် တကွဖြစ်သော သောတာပတ္တိမဂ် တတိယဈာန်စိတ်(၁)ပါး။

သု ဝ စ = သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့် တကွဖြစ်သော သောတာပတ္တိမဂ် စတုတ္ထဈာန်စိတ်(၁)ပါး။

ဥ ● ပဉ္စ = ဥပေက္ခာ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့် တကွဖြစ်သော သောတာပတ္တိမဂ် ပဉ္စမဈာန်စိတ် (၁)ပါး။

ပေါင်း သောတာပတ္တိမဂ်စိတ် (၅)ပါး။

**သကဒါဂါမိမဂ်စိတ် (၅)ပါး**

တက် ဝ ပ = ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၅)ပါးနှင့်တကွဖြစ်သော သကဒါဂါမိမဂ် ပထမဈာန်စိတ်(၁)ပါး။

စာ ဝ ဒု = ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၄)ပါးနှင့် တကွဖြစ်သော သကဒါဂါမိမဂ် ဒုတိယဈာန်စိတ်(၁)ပါး။

ပိ ဝ တ = ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၃)ပါးနှင့် တကွဖြစ်သော သကဒါဂါမိမဂ် တတိယဈာန်စိတ်(၁)ပါး။

သု ဝ စ = သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့် တကွဖြစ်သော သကဒါဂါမိမဂ် စတုတ္ထဈာန်စိတ်(၁)ပါး။

ဥ ● ပဉ္စ = ဥပေက္ခာ၊ ကေဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့် တကွဖြစ်သော သကဒါဂါမိမဂ် ပဉ္စမဈာန်စိတ်(၁)ပါး။

ပေါင်း သကဒါဂါမိမဂ်စိတ် (၅)ပါး။

**အနာဂါမိမဂ်စိတ် (၅)ပါး**

တက် ○ ပ = ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၅)ပါးနှင့်တကွဖြစ်သော အနာဂါမိမဂ် ပဌမဈာန်စိတ်(၁)ပါး။

စာ ○ ဒု = ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၄)ပါးနှင့် တကွဖြစ်သော အနာဂါမိမဂ် ဒုတိယဈာန်စိတ်(၁)ပါး။

ပိ ○ တ = ပီတိ၊ သုခ၊ ကေဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၃)ပါးနှင့် တကွဖြစ်သော အနာဂါမိမဂ် တတိယဈာန်စိတ်(၁)ပါး။

သု ○ စ = သုခ၊ ကေဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့် တကွဖြစ်သော အနာဂါမိမဂ် စတုတ္ထဈာန်စိတ်(၁)ပါး။

ဥ ● ပဉ္စ = ဥပေက္ခာ၊ ကေဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့် တကွဖြစ်သော အနာဂါမိမဂ် ပဉ္စမဈာန်စိတ်(၁)ပါး။

ပေါင်း အနာဂါမိမဂ်စိတ် (၅)ပါး။

**အရဟတ္တမဂ်စိတ် (၅)ပါး**

တက် ○ ပ = ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၅)ပါးနှင့်တကွဖြစ်သော အရဟတ္တမဂ် ပဌမဈာန်စိတ်(၁)ပါး။

စာ ○ ဒု = ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၄)ပါးနှင့် တကွဖြစ်သော အရဟတ္တမဂ် ဒုတိယဈာန်စိတ်(၁)ပါး။

ပိ ○ တ = ပီတိ၊ သုခ၊ ကေဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၃)ပါးနှင့် တကွဖြစ်သော အရဟတ္တမဂ် တတိယဈာန်စိတ်(၁)ပါး။

သု ○ စ = သုခ၊ ကေဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့် တကွဖြစ်သော အရဟတ္တမဂ် စတုတ္ထဈာန်စိတ်(၁)ပါး။

http://www.dhammadownload.com



ဥ ● ပဉ္စ = ဥပေက္ခာ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့် တကွဖြစ်သော အရဟတ္တမဂ် ပဉ္စမဈာန်စိတ်(၁)ပါး။

ပေါင်း အရဟတ္တမဂ်စိတ် (၅)ပါး။

→ **မဂ်စိတ်အကျယ် (၂၀)**

သောတာပတ္တိမဂ်စိတ် (၅)ပါး၊ သကဒါဂါမိမဂ်စိတ် (၅)ပါး၊ အနာဂါမိမဂ်စိတ် (၅)ပါး၊ အရဟတ္တမဂ်စိတ် (၅)ပါး = ပေါင်း မဂ်စိတ် အကျယ်(၂၀)။

**သောတာပတ္တိဖိုလ်စိတ် (၅)ပါး**

တက် ဝ ပ = ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၅)ပါးနှင့်တကွဖြစ်သော သောတာပတ္တိဖိုလ် ပထမဈာန်စိတ်(၁)ပါး။

စာ ဝ ဒု = ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၄)ပါးနှင့် တကွဖြစ်သော သောတာပတ္တိဖိုလ် ဒုတိယဈာန်စိတ်(၁)ပါး။

ဝိ တ္တ တ = ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၃)ပါးနှင့် တကွဖြစ်သော သောတာပတ္တိဖိုလ် တတိယဈာန်စိတ်(၁)ပါး။

သု ဝ စ = သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့် တကွဖြစ်သော သောတာပတ္တိဖိုလ် စတုတ္ထဈာန်စိတ်(၁)ပါး။

ဥ ● ပဉ္စ = ဥပေက္ခာ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့် တကွဖြစ်သော သောတာပတ္တိဖိုလ် ပဉ္စမဈာန်စိတ် (၁)ပါး။

ပေါင်း သောတာပတ္တိဖိုလ်စိတ် (၅)ပါး။

**သကဒါဂါမိဖိုလ်စိတ် (၅)ပါး**

တက် ဝ ပ = ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၅)ပါးနှင့်တကွဖြစ်သော သကဒါဂါမိဖိုလ် ပထမဈာန်စိတ်(၁)ပါး။

စာ ဝ ဒု = ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၄)ပါးနှင့် တကွဖြစ်သော သကဒါဂါမိဖိုလ် ဒုတိယဈာန်စိတ်(၁)ပါး။

http://www.dhammadownload.com



ပီ တ = ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၃)ပါးနှင့် တကွဖြစ်သော သကဒါဂါမိဖိုလ် တတိယဈာန်စိတ်(၁)ပါး။

သု စ = သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့် တကွဖြစ်သော သကဒါဂါမိဖိုလ် စတုတ္ထဈာန်စိတ်(၁)ပါး။

ဥ ပဥ္စ = ဥပေက္ခာ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့် တကွဖြစ်သော သကဒါဂါမိဖိုလ် ပဥ္စမဈာန်စိတ်(၁)ပါး။

ပေါင်း သကဒါဂါမိဖိုလ်စိတ် (၅)ပါး။

## အနာဂါမိဖိုလ်စိတ် (၅)ပါး

တက် ပ = ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၅)ပါးနှင့်တကွဖြစ်သော အနာဂါမိဖိုလ် ပထမဈာန်စိတ်(၁)ပါး။

စာ ဒု = ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၄)ပါးနှင့် တကွဖြစ်သော အနာဂါမိဖိုလ် ဒုတိယဈာန်စိတ်(၁)ပါး။

ပီ တ = ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၃)ပါးနှင့် တကွဖြစ်သော အနာဂါမိဖိုလ် တတိယဈာန်စိတ်(၁)ပါး။

သု စ = သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့် တကွဖြစ်သော အနာဂါမိဖိုလ် စတုတ္ထဈာန်စိတ်(၁)ပါး။

ဥ ပဥ္စ = ဥပေက္ခာ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့် တကွဖြစ်သော အနာဂါမိဖိုလ် ပဥ္စမဈာန်စိတ်(၁)ပါး။

ပေါင်း အနာဂါမိဖိုလ်စိတ် (၅)ပါး။

## အရဟတ္တဖိုလ်စိတ် (၅)ပါး

တက် ပ = ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၅)ပါးနှင့်တကွဖြစ်သော အရဟတ္တဖိုလ် ပထမဈာန်စိတ်(၁)ပါး။

စာ ဒု = ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၄)ပါးနှင့် တကွဖြစ်သော အရဟတ္တဖိုလ် ဒုတိယဈာန်စိတ်(၁)ပါး။

http://www.dhammadownload.com



ပီ ဝ တ = ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော စျာန်အင်္ဂါ (၃)ပါးနှင့် တကွဖြစ်သော အရဟတ္တဖိုလ် တတိယစျာန်စိတ်(၁)ပါး။

သု ဝ စ = သုခ၊ ဧကဂ္ဂတာ တည်းဟူသော စျာန်အင်္ဂါ (၂)ပါးနှင့် တကွဖြစ်သော အရဟတ္တဖိုလ် စတုတ္ထစျာန်စိတ်(၁)ပါး။

ဥ ● ပဉ္စ = ဥပေက္ခာ၊ ဧကဂ္ဂတာ တည်းဟူသော စျာန်အင်္ဂါ (၂)ပါးနှင့် တကွဖြစ်သော အရဟတ္တဖိုလ် ပဉ္စမစျာန်စိတ်(၁)ပါး။

ပေါင်း အရဟတ္တဖိုလ်စိတ် (၅)ပါး။

**→ ဖိုလ်စိတ် အကျယ်(၂၀)ပါး**

သောတာပတ္တိဖိုလ်စိတ်(၅)ပါး၊ သကဒါဂါမိဖိုလ်စိတ်(၅)ပါး၊ အနာဂါမိဖိုလ် စိတ်(၅)ပါး၊ အရဟတ္တဖိုလ်စိတ်(၅)ပါး = ပေါင်း ဖိုလ်စိတ်အကျယ်(၂၀)ပါး။

**→ လောကုတ္တရာစိတ် အကျယ်(၄၀)ပါး**

မဂ်စိတ် အကျယ် (၂၀)၊ ဖိုလ်စိတ် အကျယ် (၂၀) = ပေါင်း လောကုတ္တရာ စိတ်အကျယ် (၄၀)ပါး။

**→ စိတ် အကျယ်(၁၂၁)ပါး**

လောကီစိတ် (၈၁)ပါး၊ လောကုတ္တရာစိတ် အကျယ်(၄၀)ပါး = ပေါင်း စိတ် အကျယ် (၁၂၁)ပါး။

**→ စျာန်စိတ် (အပ္ပနာစိတ်) ၆၇-ပါး**

မဟဂ္ဂုတ်စိတ် (၂၇)ပါး၊ လောကုတ္တရာစိတ် အကျယ်(၄၀)ပါး = ပေါင်း စျာန်စိတ် (၆၇)ပါး။ တစ်နည်း- အပ္ပနာစိတ် (၆၇)ပါး။

**စိတ်ပိုင်း တတိယလွှာ (ဆိုရိုး) ပြီး၏။**

http://www.dhammadownload.com

# ၂။ စေတသိက်ပိုင်း

## သမ္ပယောဂအင်္ဂါ ၄-ပါး (စေတသိက်အင်္ဂါ ၄-ပါး)

(၁) ကေပ္ပါဒ = စိတ်နှင့်အတူ ဖြစ်ခြင်း။
(၂) ကေနိရောဓ = စိတ်နှင့်အတူ ချုပ်ခြင်း။
(၃) ကောရမ္မဏ = စိတ်နှင့်အာရုံ တူခြင်း။
(၄) ကေဝတ္ထုက = စိတ်နှင့်မှီရာ တူခြင်း

ပေါင်း သမ္ပယောဂအင်္ဂါ ၄-ပါး (တစ်နည်း) စေတသိက်အင်္ဂါ ၄-ပါး။

## စေတသိက်အမည်များ

## အညသမာန်းစေတသိက် (၁၃)ပါး

### ၁။ သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ပါး

ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ= ပေါင်း သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး။

### ၂။ ပကိဏ်းစေတသိက်(၆)ပါး

ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ၊ ဝီရိယ၊ ပီတိ၊ ဆန္ဒ= ပေါင်း ပကိဏ်း စေတသိက် ၆-ပါး။

→ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး၊ ပကိဏ်းစေတသိက် ၆-ပါး= ပေါင်း အညသမာန်းစေတသိက် ၁၃-ပါး။

## အကုသိုလ်စေတသိက် (၁၄)ပါး

### ၁။ မောစတုက်စေတသိက် (၄)ပါး [တစ်နည်း]

### သဗ္ဗာကုသလသာဓာရဏစေတသိက် (၄)ပါး

မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ = ပေါင်း မောစတုက်စေတသိက် ၄-ပါး။ (တစ်နည်း) သဗ္ဗာကုသလသာဓာရဏစေတသိက် ၄-ပါး။

http://www.dhammadownload.com



**၂။ လောဘတြိစေတသိက် (၃)ပါး**

လောဘ၊ ဒိဋ္ဌိ၊ မာန = ပေါင်း လောဘတြိစေတသိက် ၃-ပါး။

**၃။ ဒေါစတုက်စေတသိက် (၄)ပါး**

ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ = ပေါင်း ဒေါစတုက်စေတသိက် ၄-ပါး။

**၄။ ဆုံးတြိစေတသိက် (၃)ပါး**

ထိန၊ မိဒ္ဓ၊ ဝိစိကိစ္ဆာ = ပေါင်း ဆုံးတြိစေတသိက် ၃-ပါး။

→ မောစတုက်စေတသိက် ၄-ပါး၊ လောဘတြိစေတသိက် (၃)ပါး၊ ဒေါစတုက်စေတသိက် (၄)ပါး၊ ဆုံးတြိစေတသိက် ၃-ပါး = ပေါင်း **အကုသိုလ်စေတသိက် ၁၄-ပါး။**

## သောဘဏစေတသိက် (၂၅)ပါး

**၁။ သောဘဏသာဓာရဏစေတသိက် (၁၉)ပါး**

သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ အလောဘ၊ အဒေါသ၊ တတြမဇ္ဈတ္တတာ၊ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ၊ စိတ္တလဟုတာ၊ ကာယမုဒုတာ၊ စိတ္တမုဒုတာ၊ ကာယကမ္မညတာ၊ စိတ္တကမ္မညတာ၊ ကာယပါဂုညတာ၊ စိတ္တပါဂုညတာ၊ ကာယုဇုကတာ၊ စိတ္တုဇုကတာ = ပေါင်း **သောဘဏသာဓာရဏ စေတသိက် ၁၉-ပါး။**

**၂။ ဝိရတီစေတသိက် (၃)ပါး**

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ = ပေါင်း **ဝိရတီစေတသိက်(၃)ပါး။**

**၃။ အပ္ပမညာစေတသိက် (၂)ပါး**

ကရုဏာ၊ မုဒိတာ = ပေါင်း **အပ္ပမညာစေတသိက်(၂)ပါး။**

**၄။ ပညာ(အမောဟ)စေတသိက် (၁)ပါး**

→ သောဘဏသာဓာရဏစေတသိက် ၁၉-ပါး၊ ဝိရတီစေတသိက် ၃-ပါး၊ အပ္ပမညာစေတသိက် ၂-ပါး၊ ပညာ(အမောဟ) စေတသိက် ၁-ပါး = ပေါင်း **သောဘဏစေတသိက် (၂၅)ပါး။**

http://www.dhammadownload.com



♦ **စေတသိက် ၅၂-ပါး**

အညသမာန်းစေတသိက် ၁၃-ပါး၊ အကုသိုလ် စေတသိက် ၁၄-ပါး၊ သောဘဏ စေတသိက် ၂၅-ပါး = ပေါင်း **စေတသိက် ၅၂-ပါး**။

## ၁။ သမ္ပယောဂနည်း
## (စေတသိက်ကို မှုတည်ထား၍စိတ်ယှဉ်သောနည်း)

**အညသမာန်းစေတသိက် (၁၃)ပါး**

၁။ **သဗ္ဗစိတ္တသာဓာရဏ စေတသိက်(၇)ပါး** သည် စိတ်အကျဉ်း ၈၉-ပါး၊ စိတ်အကျယ် ၁၂၁-ပါးနှင့် ယှဉ်၏။

၂။ **ပကိဏ်းစေတသိက် (၆)ပါး**

* **ဝိတက်စေတသိက်သည်** (ဒွေပဉ္စဝိညာဉ် ၁၀-ကြဉ်သော်) ကာမစိတ်- ၄၄၊ ပထမဈာန်စိတ်- ၁၁ = ပေါင်း ၅၅-ပါးသော စိတ်တို့နှင့် ယှဉ်၏။
* **ဝိစာရစေတသိက်သည်** (ဒွေပဉ္စဝိညာဉ် ၁၀-ကြဉ်သော်) ကာမစိတ်- ၄၄၊ ပထမဈာန်စိတ်- ၁၁၊ ဒုတိယဈာန်စိတ်- ၁၁ = ပေါင်း ၆၆-ပါးသော စိတ်တို့နှင့် ယှဉ်၏။
* **အဓိမောက္ခစေတသိက်သည်** (ဝိစိကိစ္ဆာသမ္ပယုတ်စိတ်- ၁၊ ဒွေပဉ္စဝိညာဉ်- ၁၀ = ပေါင်း ၁၁-ပါးကြဉ်သော်) စိတ်အကျဉ်း- ၇၈၊ စိတ်အကျယ် ၁၁၀-ပါးနှင့် ယှဉ်၏။
* **ဝီရိယစေတသိက်သည်** (ဒွေပဉ္စဝိညာဉ်- ၁၀၊ သမ္ပဋိစ္ဆိုင်း- ၂၊ သန္တီရဏ-၃၊ ပဉ္စဒွါရာဝဇ္ဇန်း-၁ = ပေါင်း ၁၆-ပါးကြဉ်သော်) စိတ် အကျဉ်း- ၇၃၊ စိတ်အကျယ် ၁၀၅-ပါးနှင့် ယှဉ်၏။
* **ပီတိစေတသိက်သည်** (စတုတ္ထဈာန်စိတ် ၁၁-ပါး ကြဉ်သော်) သောမနဿ သဟဂုတ်စိတ် ၅၁-ပါးနှင့် ယှဉ်၏။
* **ဆန္ဒစေတသိက်သည်** (မောဟမူဒွေး၊ အဟိတ်စိတ် ၁၈-ပါး= ပေါင်း ၂၀-ပါးကြဉ်သော်) စိတ်အကျဉ်း-၆၉၊ စိတ်အကျယ် ၁၀၁-ပါးနှင့် ယှဉ်၏။

http://www.dhammadownload.com



**အကုသိုလ်စေတသိက် (၁၄)ပါး**

* မောစတုက်စေတသိက် ၄–ပါးသည် အကုသိုလ်စိတ် ၁၂–ပါးနှင့် ယှဉ်၏။
* လောဘစေတသိက်သည် လောဘမူစိတ် ၈–ပါးနှင့် ယှဉ်၏။
* ဒိဋ္ဌိစေတသိက်သည် လောဘမူစိတ် ၈–ပါးမှ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ပါးနှင့် ယှဉ်၏။
* မာနစေတသိက်သည် လောဘမူစိတ် ၈–ပါးမှ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ပါးနှင့် ယှဉ်၏။
* ဒေါစတုက်စေတသိက် ၄–ပါးသည် ဒေါသမူစိတ် ၂–ပါးနှင့် ယှဉ်၏။
* ထိန– မိဒ္ဓစေတသိက် ၂–ပါးသည် လောဘမူ သ–သင်္ခါရိကစိတ် ၄–ပါး ၊ ဒေါသမူ သ–သင်္ခါရိကစိတ် ၁–ပါး၊ ပေါင်း သ–သင်္ခါရိကစိတ် ၅–ပါးနှင့် ယှဉ်၏။
* ဝိစိကိစ္ဆာစေတသိက် ၁–ပါးသည် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် ၁–ပါးနှင့် ယှဉ်၏။

**သောဘဏစေတသိက် (၂၅)ပါး**

* သောဘဏသာဓာရဏစေတသိက် (၁၉)ပါးသည် သောဘဏစိတ် အကျဉ်း ၅၉–ပါး၊ စိတ်အကျယ် ၉၁–ပါးနှင့် ယှဉ်၏ ။
* ဝိရတီစေတသိက်(၃)ပါးသည် မဟာကုသိုလ်စိတ် ၈–ပါး၌ ရံခါအသီးသီး၊ လောကုတ္တရာစိတ် အကျဉ်း ၈–ပါး၊ စိတ်အကျယ် ၄၀–ပါး၌ အမြဲတပေါင်း တည်း = ပေါင်း စိတ်အကျဉ်း ၁၆–ပါး၊ စိတ်အကျယ် ၄၈–ပါးနှင့် ယှဉ်၏ ။
* အပ္ပမညာစေတသိက်(၂)ပါးသည် မဟာကုသိုလ်ကြိယာ ၁၆–ပါး၌ ရံခါ အသီးသီး၊ မဟဂ္ဂုတ် ပဌမရျာန် ၃–ပါး၊ ဒုတိယရျာန် ၃–ပါး၊ တတိယ ရျာန် ၃–ပါး၊ စတုတ္ထရျာန် ၃–ပါး= ပေါင်း ၂၈–ပါးသောစိတ်နှင့် ယှဉ်၏ ။
* ပညာ(အမောဟ)စေတသိက်(၁)ပါးသည် ဉာဏသမ္ပယုတ်စိတ် ၁၂–ပါး၊ မဟဂ္ဂုတ်စိတ် ၂၇–ပါး၊ လောကုတ္တရာစိတ်အကျဉ်း ၈–ပါး၊ အကျယ်– ၄၀= ပေါင်း စိတ်အကျဉ်း ၄၇–ပါး၊ စိတ်အကျယ် ၇၉–ပါးနှင့် ယှဉ်၏ ။

http://www.dhammadownload.com



## သမ္ပယောဂနည်း (၁၆)နည်း ရေတွက်ပုံ

* သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး = ၁-နည်း
* ဝိတက် = ၁-နည်း
* ဝိစာရ = ၁-နည်း
* အဓိမောက္ခ = ၁-နည်း
* ဝီရိယ = ၁-နည်း
* ပီတိ = ၁-နည်း
* ဆန္ဒ = ၁-နည်း

ပေါင်း အညသမာန်းစေတသိက် (၁၃)ပါး - သမ္ပယောဂနည်း = ၇-နည်း

* မောစတုက်စေတသိက် ၄-ပါး = ၁-နည်း
* လောတြိ စေတသိက် ၃-ပါး = ၁-နည်း
* ဒေါစတုက်စေတသိက် ၄-ပါး = ၁-နည်း
* ထိန- မိဒ္ဓ စေတသိက် ၂-ပါး = ၁-နည်း
* ဝိစိကိစ္ဆာ စေတသိက် ၁-ပါး = ၁-နည်း

ပေါင်း အကုသိုလ်စေတသိက် (၁၄)ပါး - သမ္ပယောဂနည်း = ၅-နည်း

* သောဘဏသာဓာရဏစေတသိက်၁၉-ပါး= ၁-နည်း
* ဝိရတီ စေတသိက် ၃-ပါး = ၁-နည်း
* အပ္ပမညာ စေတသိက် ၂-ပါး = ၁-နည်း
* ပညာ စေတသိက် ၁-ပါး = ၁-နည်း

ပေါင်း သောဘဏစေတသိက် (၂၅)ပါး - သမ္ပယောဂနည်း = ၄-နည်း

* အညသမာန်းစေတသိက်(၁၃)ပါး - သမ္ပယောဂနည်း = ၇-နည်း
* အကုသိုလ်စေတသိက် (၁၄)ပါး - သမ္ပယောဂနည်း = ၅-နည်း
* သောဘဏစေတသိက် (၂၅)ပါး - သမ္ပယောဂနည်း = ၄-နည်း

♦ ပေါင်း စေတသိက် (၅၂)ပါး - သမ္ပယောဂနည်း = ၁၆-နည်း

http://www.dhammadownload.com



**အနိယတယောဂီစေတသိက် (၁၁)ပါး**

မာန၊ ဣဿာ–မစ္ဆရိယ–ကုက္ကုစ္စ၊ ထိန–မိဒ္ဓ၊ ဝိရတီ–၃၊ အပ္ပမညာ–၂ ပေါင်း = ၁၁–ပါးသော စေတသိက်တို့သည် မိမိယှဉ်သောစိတ်တို့နှင့် အမြဲ မယှဉ်သောကြောင့် အနိယတယောဂီစေတသိက် မည်၏။

**နိယတယောဂီစေတသိက် (၄၁)ပါး**

ကျန် ၄၁–ပါးသော စေတသိက်တို့သည် မိမိယှဉ်သောစိတ်တို့နှင့် အမြဲ ယှဉ်သောကြောင့် နိယတယောဂီစေတသိက် မည်၏။

စေတသိက်ပိုင်း သမ္ပယောဂနည်း(ဆိုရိုး) ပြီး၏။

http://www.dhammadownload.com



## ၂။ သင်္ဂဟနည်း ၃၃-နည်း

(စိတ်ကို မူတည်ထား၍ စေတသိက်ယှဉ်သောနည်း)

**<u>လောဘမူစိတ် (၈)ပါး</u>**

* **လောဘမူ ပဌမ(အ-သင်္ခါရိက)စိတ်သည်-**

အညသမာန်းစေတသိက် = ၁၃-ပါး
သဗ္ဗာကုသလသာဓာရဏစေတသိက် = ၄-ပါး
လောဘ၊ ဒိဋ္ဌိ = ၂-ပါး

ပေါင်း ၁၉-ပါးသော စေတသိက်တို့နှင့် ယှဉ်၏။

* **လောဘမူ ဒုတိယ(အ-သင်္ခါရိက)စိတ်သည်-**

အညသမာန်းစေတသိက် = ၁၃-ပါး
သဗ္ဗာကုသလသာဓာရဏစေတသိက် = ၄-ပါး
လောဘ၊ မာန = ၂-ပါး

ပေါင်း ၁၉-ပါးသော စေတသိက်တို့နှင့် ယှဉ်၏။

* **လောဘမူ တတိယ(အ-သင်္ခါရိက)စိတ်သည်-**

(ပီတိကြဉ်သော်) အညသမာန်းစေတသိက် = ၁၂-ပါး
သဗ္ဗာကုသလသာဓာရဏစေတသိက် = ၄-ပါး
လောဘ၊ ဒိဋ္ဌိ = ၂-ပါး

ပေါင်း ၁၈-ပါးသော စေတသိက်တို့နှင့် ယှဉ်၏။

* **လောဘမူ စတုတ္ထ(အ-သင်္ခါရိက)စိတ်သည်-**

(ပီတိကြဉ်သော်) အညသမာန်းစေတသိက် = ၁၂-ပါး
သဗ္ဗာကုသလသာဓာရဏစေတသိက် = ၄-ပါး
လောဘ၊ မာန = ၂-ပါး

ပေါင်း ၁၈-ပါးသော စေတသိက်တို့နှင့် ယှဉ်၏။

* **လောဘမူ ပဌမ(သ-သင်္ခါရိက)စိတ်သည်-**

အညသမာန်းစေတသိက် = ၁၃-ပါး

http://www.dhammadownload.com



သဗ္ဗာကုသလသာဓာရဏစေတသိက် = ၄-ပါး
လောဘ၊ ဒိဋ္ဌိ = ၂-ပါး
**ထိန-မိဒ္ဓ** = ၂-ပါး

ပေါင်း ၂၁-ပါးသော စေတသိက်တို့နှင့် ယှဉ်၏။

* **လောဘမူ ဒုတိယ(သ-သင်္ခါရိက)စိတ်သည်-**
အညသမာန်းစေတသိက် = ၁၃-ပါး
သဗ္ဗာကုသလသာဓာရဏစေတသိက် = ၄-ပါး
လောဘ၊ မာန = ၂-ပါး
**ထိန-မိဒ္ဓ** = ၂-ပါး

ပေါင်း ၂၁-ပါးသော စေတသိက်တို့နှင့် ယှဉ်၏။

* **လောဘမူ တတိယ(သ-သင်္ခါရိက)စိတ်သည်-**
(ပီတိကြဉ်သော်) အညသမာန်းစေတသိက် = ၁၂-ပါး
သဗ္ဗာကုသလသာဓာရဏစေတသိက် = ၄-ပါး
လောဘ၊ ဒိဋ္ဌိ = ၂-ပါး
**ထိန-မိဒ္ဓ** = ၂-ပါး

ပေါင်း ၂၀-ပါးသော စေတသိက်တို့နှင့် ယှဉ်၏။

* **လောဘမူ စတုတ္ထ(သ-သင်္ခါရိက)စိတ်သည်-**
(ပီတိကြဉ်သော်) အညသမာန်းစေတသိက် = ၁၂-ပါး
သဗ္ဗာကုသလ သာဓာရဏစေတသိက် = ၄-ပါး
လောဘ၊ မာန = ၂-ပါး
**ထိန-မိဒ္ဓ** = ၂-ပါး

ပေါင်း ၂၀-ပါးသော စေတသိက်တို့နှင့် ယှဉ်၏။

**ဒေါသမူစိတ် (၂)ပါး**

* **ဒေါသမူ (အ-သင်္ခါရိက)စိတ်သည်-**
(ပီတိကြဉ်သော်) အညသမာန်းစေတသိက် = ၁၂-ပါး

http://www.dhammadownload.com



သဗ္ဗာကုသလသာဓာရဏစေတသိက် = ၄–ပါး
ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ
(ဒေါစတုက်စေတသိက်) = ၄–ပါး

ပေါင်း ၂၀–ပါးသော စေတသိက်တို့နှင့် ယှဉ်၏။

* ဒေါသမူ (သ–သင်္ခါရိက)စိတ်သည်–
(ပီတိကြဉ်သော်) အညသမာန်းစေတသိက် = ၁၂–ပါး
သဗ္ဗာကုသလသာဓာရဏစေတသိက် = ၄–ပါး
ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ
(ဒေါစတုက်စေတသိက်) = ၄–ပါး
ထိန– မိဒ္ဓစေတသိက် = ၂–ပါး

ပေါင်း ၂၂–ပါးသော စေတသိက်တို့နှင့် ယှဉ်၏။

## မောဟမူစိတ် (၂)ပါး

* ဝိစိကိစ္ဆာသမ္ပယုတ်စိတ်(၁)ပါးသည်–
(အဓိမောက္ခ– ပီတိ– ဆန္ဒကြဉ်သော်)
အညသမာန်းစေတသိက် = ၁၀–ပါး
သဗ္ဗာကုသလသာဓာရဏစေတသိက် = ၄–ပါး
ဝိစိကိစ္ဆာစေတသိက် = ၁–ပါး

ပေါင်း ၁၅–ပါးသော စေတသိက်တို့နှင့် ယှဉ်၏။

* ဥဒ္ဓစ္စသမ္ပယုတ်စိတ်(၁)ပါးသည်–
(ပီတိ–ဆန္ဒကြဉ်သော်) အညသမာန်းစေတသိက်= ၁၁–ပါး
သဗ္ဗာကုသလသာဓာရဏစေတသိက် = ၄–ပါး

ပေါင်း ၁၅–ပါးသော စေတသိက်တို့နှင့် ယှဉ်၏။

## အဟိတ်စိတ် (၁၈)ပါး

* ဒွေပဉ္စဝိညာဉ်စိတ် ၁၀–ပါးသည် သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ပါးနှင့် ယှဉ်၏။

http://www.dhammadownload.com



* သောမနဿသန္တီရဏစိတ် ၁-ပါးသည် (ဝီရိယ၊ ဆန္ဒကြဉ်သော်) အညသမာန်း စေတသိက် (၁၁)ပါးနှင့် ယှဉ်၏။
* မနောဒွါရာဝဇ္ဇန်းစိတ် ၁-ပါးသည် (ပီတိ၊ ဆန္ဒကြဉ်သော်) အညသမာန်း စေတသိက် (၁၁)ပါးနှင့် ယှဉ်၏။
* ဟသိတုပ္ပါဒ်စိတ် ၁-ပါးသည် (ဆန္ဒကြဉ်သော်) အညသမာန်းစေတသိက် (၁၂)ပါးနှင့် ယှဉ်၏။
* ဥပေက္ခာသန္တီရဏ-၂၊ မနောဓာတ်-၃ = ပေါင်း (၅)ပါးသော စိတ်တို့ သည် (ဝီရိယ၊ ပီတိ၊ ဆန္ဒကြဉ်သော်) အညသမာန်းစေတသိက် (၁၀)ပါး နှင့် ယှဉ်၏။

## မဟာကုသိုလ်စိတ် (၈)ပါး

* မဟာကုသိုလ် ပဌမဒွေသည် အညသမာန်းစေတသိက် ၁၃-ပါး၊ သောဘဏစေတသိက် ၂၅-ပါး =ပေါင်း (၃၈)ပါးသော စေတသိက်တို့နှင့် ယှဉ်၏။
* မဟာကုသိုလ် ဒုတိယဒွေသည် အညသမာန်းစေတသိက် ၁၃-ပါး၊ (ပညာ ကြဉ်သော်) သောဘဏစေတသိက် ၂၄-ပါး = ပေါင်း (၃၇)ပါးသော စေတသိက်တို့နှင့် ယှဉ်၏။
* မဟာကုသိုလ် တတိယဒွေသည် (ပီတိကြဉ်သော်) အညသမာန်း စေတ သိက် ၁၂-ပါး၊ သောဘဏစေတသိက် ၂၅-ပါး = ပေါင်း (၃၇)ပါးသော စေတသိက်တို့နှင့် ယှဉ်၏။
* မဟာကုသိုလ် စတုတ္ထဒွေသည် (ပီတိကြဉ်သော်) အညသမာန်းစေတသိက် ၁၂-ပါး၊ (ပညာကြဉ်သော်) သောဘဏစေတသိက် ၂၄-ပါး = ပေါင်း (၃၆)ပါးသော စေတသိက်တို့နှင့် ယှဉ်၏။

## မဟာဝိပါက်စိတ် (၈)ပါး

* မဟာဝိပါက် ပဌမဒွေသည် အညသမာန်းစေတသိက် ၁၃-ပါး၊ သောဘဏသာဓာရဏစေတသိက် ၁၉-ပါး၊ ပညာစေတသိက် ၁-ပါး =ပေါင်း (၃၃)ပါးသော စေတသိက်တို့နှင့် ယှဉ်၏။

http://www.dhammadownload.com



* **မဟာဝိပါက် ဒုတိယဒွေသည်** အညသမာန်းစေတသိက် ၁၃–ပါး၊ သောဘဏသာဓာရဏစေတသိက် ၁၉–ပါး= ပေါင်း (၃၂)ပါးသော စေတသိက်တို့နှင့် ယှဉ်၏။

* **မဟာဝိပါက် တတိယဒွေသည်** (ပီတိကြဉ်သော်) အညသမာန်းစေတသိက် ၁၂–ပါး၊ သောဘဏသာဓာရဏစေတသိက် ၁၉–ပါး၊ ပညာစေတသိက် ၁–ပါး = ပေါင်း (၃၂)ပါးသော စေတသိက်တို့နှင့် ယှဉ်၏။

* **မဟာဝိပါက် စတုတ္ထဒွေသည်** (ပီတိကြဉ်သော်) အညသမာန်းစေတသိက် ၁၂–ပါး၊ သောဘဏသာဓာရဏစေတသိက် ၁၉–ပါး = ပေါင်း (၃၁)ပါးသော စေတသိက်တို့နှင့် ယှဉ်၏။

**<u>မဟာကြိယာစိတ် (၈)ပါး</u>**

* **မဟာကြိယာ ပထမဒွေသည်** အညသမာန်းစေတသိက် ၁၃–ပါး၊ သောဘဏ သာဓာရဏစေတသိက် ၁၉–ပါး၊ အပ္ပမညာစေတသိက် ၂–ပါး၊ ပညာစေတသိက် ၁–ပါး =ပေါင်း (၃၅)ပါးသော စေတသိက်တို့နှင့် ယှဉ်၏။

* ဝိညာဏဉ္စာယတနဘုံသားတို့သည် = ဝိညာဏဉ္စာယတန ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေ နေကြ၏။

* အာကိဉ္စညာယတနဘုံသားတို့သည် = အာကိဉ္စညာယတနဝိပါက်စိတ်ဖြင့် ဖြင့် ပဋိသန္ဓေ နေကြ၏။

* နေဝသညာနာသညာယတနဘုံသားတို့သည် = နေဝသညာ နာသညာ ယတနဝိပါက်စိတ်ဖြင့် ပဋိသန္ဓေ နေကြ၏။

## ၂။ ပဋိသန္ဓိစတုက္က

| | | | |
|---|---|---|---|
| (၁) အပါယ်ပဋိသန္ဓေ | = အကုသိုလ် ဥပေက္ခာ (၁)ပါး | = | ၁–ပါး |
| (၂) ကာမသုဂတိပဋိသန္ဓေ | = အဟိတ်ကုသိုလ် ဥပေက္ခာ(၁)ပါး + မဟာဝိပါက် (၈)ပါး | = | ၉–ပါး |
| (၃) ရူပ ပဋိသန္ဓေ | = ဇီဝိတနဝကကလာပ် ရုပ်ပဋိ(၁)ပါး + ရူပဝိပါက်(၅)ပါး | = | ၆–ပါး |
| (၄) အရူပ ပဋိသန္ဓေ | = အရူပဝိပါက် (၄)ပါး | = | ၄–ပါး |
| ပေါင်း ပဋိသန္ဓေ | = ရုပ်ပဋိသန္ဓေ(၁)+ နာမ်ပဋိသန္ဓေ (၁၉) | = | ၂၀–ပါး |

http://www.dhammadownload.com



## ❁ ကပ် (၄)ပါး

အာယုကပ်၊ အန္တရကပ်၊ အသင်္ချေယျကပ်၊ မဟာကပ် = ပေါင်း ကပ်(၄)ပါး။

* အာယုကပ် – (၁၀)နှစ်တမ်းမှ အသင်္ချေ၊ အသင်္ချေမှ (၁၀)နှစ်တမ်းသည် အာယုကပ် မည်၏။
* အန္တရကပ် – တက်ကပ်၊ ဆုတ်ကပ် (၂)ပါးသည် အန္တရကပ် မည်၏။
* အသင်္ချေယျကပ် – အန္တရကပ် (၆၄)ကပ်သည် အသင်္ချေယျကပ် မည်၏။
* မဟာကပ် – အသင်္ချေယျကပ် (၄)ကပ်သည် မဟာကပ်၊ မဟာကမ္ဘာ မည်၏။

### အသင်္ချေယျကပ် (၄)ကပ်

သံဝဋ္ဋကပ်၊ သံဝဋ္ဋဋ္ဌာယီကပ်၊ ဝိဝဋ္ဋကပ်၊ ဝိဝဋ္ဋဋ္ဌာယီကပ် = ပေါင်း အသင်္ချေယျကပ် (၄)ကပ်။

* ကမ္ဘာပျက်ဆဲသည် – သံဝဋ္ဋကပ် မည်၏။
* ပျက်ပြီးတည်နေဆဲသည် – သံဝဋ္ဋဋ္ဌာယီကပ် မည်၏။
* ကမ္ဘာဖြစ်ဆဲသည် – ဝိဝဋ္ဋကပ် မည်၏။
* ဖြစ်ပြီးတည်နေဆဲသည် – ဝိဝဋ္ဋဋ္ဌာယီကပ် မည်၏။

♦ အသင်္ချေယျကပ် (၄)ကပ်သည် မဟာကပ်–မဟာကမ္ဘာ မည်၏။

## ❁ ကမ္ဘာပျက်ပုံ

မီး(၇)ကြိမ်၊ (၈)ကြိမ်မြောက် = ရေ ၁–ကြိမ်၊

မီး(၇)ကြိမ်၊ (၈)ကြိမ်မြောက် = ရေ ၁–ကြိမ်၊
(၆၄)ကြိမ်မြောက် = လေ ၁–ကြိမ် ဖျက်၏။

* မီးဖျက်သောအခါ – ပထမဈာန် ၃–ဘုံ ပျက်၏။
* ရေဖျက်သောအခါ – ဒုတိယဈာန် ၃–ဘုံ ပျက်၏။

♦ လေဖျက်သောအခါ – တတိယဈာန် ၃–ဘုံ ပျက်၏။

http://www.dhammadownload.com



## ❁ ခေတ် (၃)ပါး

ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယခေတ် = ပေါင်း ခေတ် (၃)ပါး။

* စကြဝဠာတစ်သောင်းသည် ဇာတိခေတ် မည်၏။
* စကြဝဠာကုဋေတစ်သိန်းသည် အာဏာခေတ် မည်၏။
* စကြဝဠာအသင်္ချေအနန္တသည် ဝိသယခေတ် မည်၏။

♦ အာဏာခေတ်သည် ကမ္ဘာနှင့် ဖြစ်အတူ ပျက်အတူ ဖြစ်၏။

## ၃။ ကမ္မစတုက္က

### (၁) ကိစ္စအပြား ကံလေးပါး [ကိစ္စ စတုက္က]

♦ ဇနကကံ၊ ဥပတ္ထမ္ဘကကံ၊ ဥပပီဠကကံ၊ ဥပစ္ဆေဒကကံ = ပေါင်း ကိစ္စအပြား ကံလေးပါး။

(က) ပဋိသန္ဓေ-ပဝတ္တိဝိပါက်၊ ကဋတ္တာရုပ်ကို ဖြစ်စေသော ကုသိုလ်-အကုသိုလ် စေတနာသည် ဇနကကံ မည်၏။

(ခ) ကံတစ်ပါးကိုလည်းကောင်း၊ ကံတစ်ပါးကြောင့် ဖြစ်နေသော ခန္ဓာအစဉ်ကို လည်းကောင်း ထောက်ပံ့သော ကုသိုလ်- အကုသိုလ် စေတနာသည် ဥပတ္ထမ္ဘကကံ မည်၏။

(ဂ) ကံတစ်ပါးကိုလည်းကောင်း၊ ကံတစ်ပါးကြောင့် ဖြစ်နေသော ခန္ဓာအစဉ်ကို လည်းကောင်း ဆုတ်ယုတ်လျော့ပါး ညှိုးနွမ်းအောင် နှိပ်စက်သော ကုသိုလ်- အကုသိုလ်စေတနာသည် ဥပပီဠကကံ မည်၏။

(ဃ) ကံတစ်ပါးကိုလည်းကောင်း၊ ကံတစ်ပါးကြောင့်ဖြစ်နေသော ခန္ဓာအစဉ်ကို လည်းကောင်း အတင်းသတ်ဖြတ်သော ကုသိုလ်- အကုသိုလ်စေတနာသည် ဥပစ္ဆေဒကကံ မည်၏။ (တစ်နည်း) ဥပဃာတကကံ မည်၏။

http://www.dhammadownload.com



## (၂) အကျိုးပေးပုံ အလှည့်အကြိမ်လေးပါး [ပါကဒါန ပရိယာယ စတုက္က]

♦ ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ၊ ကဋတ္တာကံ = ပေါင်း အကျိုးပေးပုံ အလှည့်အကြိမ် (၄)ပါး။

(က) သေက ဒုတိယဘဝ၌ အကျိုးပေးမြဲသော, အားကြီးသော မဟဂ္ဂုတ်ကံ၊ ပဥ္စာနန္တရိယကံ စသည်တို့၏ အဆုံးဇော စေတနာသည် ဂရုကံ မည်၏။

(ခ) သေခါနီးမှ ပြုဖူး၊ ရှေးက ပြုခဲ့ဖူး၍ သေခါနီးမှ အမှတ်ရခါ အဟောင်းပေါ်လာသော စေတနာကံသည် အာသန္နကံ မည်၏။

(ဂ) နေ့ရှည် ရက်ရှည် စွဲမြဲ၍ ပြုသော ကုသိုလ်,အကုသိုလ်စေတနာ၊ တစ်ကြိမ်ပြုလည်း မပြတ်အောက်မေ့အပ်သော စေတနာကံသည် အာစိဏ္ဏကံ မည်၏။

(ဃ) ရှေ့ကံ ၃-ပါးမှ လွတ်သော အပရာပရိယာယကံဟောင်းစု၊ ဤဘဝရံခါ ပြုသော သာမညကုသိုလ်- အကုသိုလ်စေတနာကံသည် ကဋတ္တာကံ မည်၏။

## (၃) အကျိုးပေးရာကာလဘေဒ(ကာလတိတ)လေးပါး [ပါကကာလ စတုက္က]

♦ ဒိဋ္ဌဓမ္မဝေဒနီယကံ၊ ဥပပဇ္ဇဝေဒနီယကံ၊ အပရာပရိယာယဝေဒနီယကံ၊ အဟောသိကံ = ပေါင်း အကျိုးပေးရာ ကာလဘေဒ(၄)ပါး။

(က) အာသေဝနပစ္စည်းမရ၊ အားနည်း၍ ဘဝတစ်ပါး၌ အကျိုးမပေးနိုင်ဘဲ မျက်မှောက်ဘဝ၌ အကျိုးပေးသော ပထမဇောစေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံ မည်၏။

(ခ) ကံကိစ္စပြီးပြီဖြစ်၍ အခြားမဲ့ ဒုတိယဘဝ၌ အကျိုးပေးသော အဆုံး သတ္တမဇော စေတနာသည် ဥပပဇ္ဇဝေဒနီယကံ မည်၏။

(ဂ) အာသေဝနပစ္စည်းရ၍ တတိယဘဝမှ နိဗ္ဗာန်မရမီ အခွင့်ရတိုင်း အကျိုးပေးသော အလယ်ဇော ၅-ချက်စေတနာသည် အပရာပရိယာယဝေဒနီယကံ မည်၏။

(ဃ) ကာလလွန်၍လည်းကောင်း၊ အရဟတ္တမဂ်ဖြင့် တဏှာအကြောင်းရင်းကို

http://www.dhammadownload.com



ပယ်သဖြင့် အာသေဝနပစ္စည်း မရ၍လည်းကောင်း၊ အကြောင်းချုပ်ခါ အကျိုး မပေး သုဉ်းဆိတ်သော ရှေ့ဇော ၇-ချက် စေတနာသည် အဟောသိကံ မည်၏။

(၄) ၁။ အကျိုးပေးရာ ဘုံဌာနနှင့်စပ်သော ကံလေးပါး [ပါကဌာန စတုက္က]

* **ကာမကံ ၂၀-ပါး**

(က) အကုသိုလ်စေတနာ(ကံ) = ၁၂-ပါး (အပါယ် ၄-ဘုံ)

(ခ) ကာမကုသိုလ်စေတနာ(ကံ) = ၈-ပါး (ကာမသုဂတိ ၇-ဘုံ)

* **မဟဂ္ဂုတ်ကံ ၉-ပါး**

(ဂ) ရူပကုသိုလ်စေတနာ(ကံ) = ၅-ပါး (ရူပ ၁၆-ဘုံ)

(ဃ) အရူပကုသိုလ်စေတနာ(ကံ) = ၄-ပါး (အရူပ ၄-ဘုံ)

(က) ဒုစရိုက် ၁၀-ပါး [အကုသိုလ်စေတနာကံ = ၁၂-ပါး]

(အပါယ် ပဋိသန္ဓေအကျိုး = ပဝတ္တိ ပျက်စီး)

* သူ့အသက်သတ်မှု - **ပါဏာတိပါတ၊**
သူ့ဥစ္စာ ခိုးမှု - **အဒိန္နာဒါန၊**
သူ့အိမ်ရာ ပြစ်မှားမှု - **ကာမေသုမိစ္ဆာစာရ** တို့သည်

ကာယဒွါရ-ဝစီဒွါရ ၂-ပါးလုံး၌ ဖြစ်၏၊ ကိုယ်၌ အဖြစ်များသောကြောင့် **ကာယဒုစရိုက် ၃-ပါး၊ ကာယကံ ၃-ပါး** မည်၏။

* မုသားပြောမှု - **မုသာဝါဒ၊**
ကုန်းတိုက်ခါ မိတ်ခွဲမှု- **ပိသုဏဝါစာ၊**
ကြမ်းစွာ ဆဲရေးမှု - **ဖရုသဝါစာ၊**
ပြိန်ဖြင်းစကားဆိုမှု - **သမ္ဖပ္ပလာပ** တို့သည်

ကာယဒွါရ-ဝစီဒွါရ ၂-ပါးလုံး၌ ဖြစ်၏၊ နှုတ်၌ အဖြစ်များသောကြောင့် **ဝစီဒုစရိုက် ၄-ပါး၊ ဝစီကံ ၄-ပါး** မည်၏။

http://www.dhammadownload.com



* သူပိုင်ဥစ္စာ ညွတ်မှု – အဘိဇ္ဈာ၊
အသေတောင့်တမှု – ဗျာပါဒ၊
အယူမှားမှု – မိစ္ဆာဒိဋ္ဌိ တို့သည်
ကာယဒွါရ– ဝစီဒွါရ– မနောဒွါရ ၃–ပါးလုံး၌ ဖြစ်၏၊ စိတ်၌ အဖြစ်များသော ကြောင့် မနောဒုစရိုက် ၃–ပါး၊ မနောကံ ၃–ပါး မည်၏။

* ကာယဒုစရိုက် (၃)ပါး၊ ဝစီဒုစရိုက် (၄)ပါး၊ မနောဒုစရိုက် (၃)ပါး = ပေါင်း ဒုစရိုက်(၁၀)ပါး။

| | | | |
|---|---|---|---|
| ကိုယ်တိုင်ပြုလုပ်သော | ဒုစရိုက် | = | ၁၀–ပါး |
| တိုက်တွန်းသော | ဒုစရိုက် | = | ၁၀–ပါး |
| ချီးမွမ်းသော | ဒုစရိုက် | = | ၁၀–ပါး |
| စိတ်တူသော | ဒုစရိုက် | = | ၁၀–ပါး |
| ပေါင်း | ဒုစရိုက်ပွား အပါး | = | ၄၀ |

♦ **ကံမြောက်ကြောင်းတရား**

* ပါဏာတိပါတ၊ ဖရုသဝါစာ တို့သည် – ဒေါသမူကြောင့် ဖြစ်၏။

* ဗျာပါဒသည် – ဒေါသမူလရှိသော ယုဉ်ဖက်စိတ်ကြောင့် ဖြစ်၏။

* ကာမေသုမိစ္ဆာစာရ၊ မိစ္ဆာဒိဋ္ဌိတို့သည် – လောဘမူကြောင့် ဖြစ်၏။

* အဘိဇ္ဈာသည် – လောဘမူလရှိသော ယုဉ်ဖက်စိတ်ကြောင့် ဖြစ်၏။

* အဒိန္နာဒါန၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ သမ္ဖပ္ပလာပတို့သည် – ရံခါ လောဘ၊ ရံခါ ဒေါသကြောင့် ဖြစ်၏။

**တရားကိုယ်**

* ကာယဒုစရိုက် ၃–ပါး၊
ဝစီဒုစရိုက် ၄–ပါး၏ တရားကိုယ်မှာ = စေတနာ စေတသိက် ရ၏။

* အဘိဇ္ဈာ၏ တရားကိုယ်မှာ = လောဘ စေတသိက် ရ၏။

* ဗျာပါဒ၏ တရားကိုယ်မှာ = ဒေါသ စေတသိက် ရ၏။

* မိစ္ဆာဒိဋ္ဌိ၏ တရားကိုယ်မှာ = ဒိဋ္ဌိ စေတသိက် ရ၏။

http://www.dhammadownload.com



(ခ) ၁။ သုစရိုက် ၁၀-ပါး [ကာမကုသိုလ်စေတနာကံ = ၈-ပါး]

(သုဂတိ ပဋိသန္ဓေအကျိုး = ပဝတ္တိ ချမ်းသာကြီးပွား)

*သူ့အသက်သတ်မှုမှ ရှောင်ကြဉ်မှု – ပါဏာတိပါတာ ဝေရမဏီ၊
သူ့ဥစ္စာ ခိုးမှုမှ ရှောင်ကြဉ်မှု – အဒိန္နာဒါနာ ဝေရမဏီ၊
သူ့အိမ်ရာ ပြစ်မှားမှုမှ ရှောင်ကြဉ်မှု –ကာမေသု မိစ္ဆာစာရာဝေရမဏီတို့သည်
ကာယဒွါရ–ဝစီဒွါရ ၂–ပါးလုံး၌ ဖြစ်၏၊ ကိုယ်၌ အဖြစ်များသောကြောင့် **ကာယသုစရိုက် ၃–ပါး၊ ကာယကံ ၃–ပါး** မည်၏။

* မုသားပြောမှုမှ ရှောင်ကြဉ်မှု – မုသာဝါဒါ ဝေရမဏီ၊
ကုန်းတိုက်ခါ မိတ်ခွဲမှုမှ ရှောင်ကြဉ်မှု – ပိသုဏာဝါစာ ဝေရမဏီ၊
ကြမ်းစွာ ဆဲရေးမှုမှ ရှောင်ကြဉ်မှု – ဖရုသဝါစာ ဝေရမဏီ၊
ပြိန်ဖြင်းစကားဆိုမှုမှ ရှောင်ကြဉ်မှု – သမ္ဖပ္ပလာပါ ဝေရမဏီတို့သည်
ကာယဒွါရ–ဝစီဒွါရ ၂–ပါးလုံး၌ ဖြစ်၏၊ နှုတ်၌ အဖြစ်များသောကြောင့် **ဝစီသုစရိုက် ၄–ပါး ဝစီကံ ၄–ပါး** မည်၏။

* သူပိုင်ဥစ္စာ မငဲ့ညွတ်မှု – အနဘိဇ္ဈာ၊
အသေ မတောင့်တမှု – အဗျာပါဒ၊
အယူမှန်မှု – သမ္မာဒိဋ္ဌိ တို့သည်
ကာယဒွါရ– ဝစီဒွါရ– မနောဒွါရ ၃–ပါးလုံး၌ ဖြစ်၏၊ စိတ်၌ အဖြစ်များသောကြောင့် **မနောသုစရိုက် ၃–ပါး၊ မနောကံ ၃–ပါး** မည်၏။

* ကာယသုစရိုက် (၃)ပါး၊ ဝစီသုစရိုက် (၄)ပါး၊ မနောသုစရိုက် (၃)ပါး = ပေါင်း **သုစရိုက်(၁၀)ပါး**။

| | | | |
|---|---|---|---|
| ကိုယ်တိုင်ပြုလုပ်သော | သုစရိုက် | = | ၁၀–ပါး |
| တိုက်တွန်းသော | သုစရိုက် | = | ၁၀–ပါး |
| ချီးမွမ်းသော | သုစရိုက် | = | ၁၀–ပါး |
| စိတ်တူသော | သုစရိုက် | = | ၁၀–ပါး |
| ပေါင်း **သုစရိုက်ပွား အပါး** | | = | ၄၀ |

http://www.dhammadownload.com



## တရားကိုယ်

* ကာယသုစရိုက် ၃-ပါး၊
ဝစီသုစရိုက် ၄-ပါး၏ တရားကိုယ်မှာ = ဝိရတိ စေတသိက် ရ၏။
* အနဘိဇ္ဈာ၏ တရားကိုယ်မှာ = အလောဘ စေတသိက် ရ၏။
* အဗျာပါဒ၏ တရားကိုယ်မှာ = အဒေါသ စေတသိက် ရ၏။
* သမ္မာဒိဋ္ဌိ၏ တရားကိုယ်မှာ = အမောဟ စေတသိက် ရ၏။

## (ခ) ၂။ ကောင်းမှုကုသိုလ်တရားတို့ဖြစ်ရာ ပုညကြိယဝတ္ထု ၁၀-ပါး

[ကာမကုသိုလ်စေတနာကား = ၈-ပါး]

ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်၊ အပစာယနကုသိုလ်၊ ဝေယျာဝစ္စကုသိုလ်၊ ပတ္တိဒါနကုသိုလ်၊ ပတ္တာနုမောဒနကုသိုလ်၊ ဓမ္မဿဝနကုသိုလ်၊ ဓမ္မဒေသနာကုသိုလ်၊ ဒိဋ္ဌိဇုကမ္မကုသိုလ် = ပေါင်း ပုညကြိယဝတ္ထု(၁၀)ပါး။

(၁) စွန့်ကြဲ၊ ပေးကမ်း၊ လှူဒါန်းမှုသည် - ဒါနကုသိုလ် မည်၏။
(၂) ကာယကံ၊ ဝစီကံကို စောင့်ရှောက်ရန် သီလကျင့်သုံးမှုသည် - သီလကုသိုလ် မည်၏။
(၃) သမထ၊ ဝိပဿနာ ဘာဝနာပွားများမှုသည်- ဘာဝနာကုသိုလ် မည်၏။
(၄) မိမိကိုယ်ကို နှိမ့်ချ၍ ဂုဏ်ကြီးသူကို ရိုသေပူဇော်မှုသည် - အပစာယနကုသိုလ် မည်၏။
(၅) သူတစ်ပါးကုသိုလ်ကိစ္စ၌ ကြောင့်ကြစိုက်၍ ကူညီမှုသည် - ဝေယျာဝစ္စကုသိုလ် မည်၏။
(၆) မိမိဒါနကို အမျှဝေငှမှုသည် - ပတ္တိဒါနကုသိုလ် မည်၏။
(၇) သူတစ်ပါးဝေငှသော အမျှကို ဝမ်းမြောက်စွာ သာဓုခေါ်ဆိုမှုသည်- ပတ္တာနုမောဒနကုသိုလ် မည်၏။
(၈) သူဟောသောတရားကို ရိုသေစွာ နာကြားမှုသည် - ဓမ္မဿဝနကုသိုလ် မည်၏။

http://www.dhammadownload.com



(၉) မိမိသိရာ တရားကို သူတစ်ပါးအား လာဘ်မငဲ့ဘဲ ဟောကြားမှုသည် - ဓမ္မဒေသနာကုသိုလ် မည်၏။

(၁၀) ကံကိုသာ ကိုးရိုးခါ အယူဖြောင့်မတ်မှုသည် - ဒိဋ္ဌိဇုကမ္မကုသိုလ် မည်၏။

* ဒါန၊ ပတ္တိဒါန၊ ပတ္တာနုမောဒန ကုသိုလ်တို့သည် =ဒါနကုသိုလ် မည်၏။
* သီလ၊ အပစာယန၊ ဝေယျာဝစ္စ ကုသိုလ်တို့သည် =သီလကုသိုလ် မည်၏။
* ဘာဝနာ၊ ဓမ္မသဝန၊ ဓမ္မဒေသနာ ကုသိုလ်တို့သည်=ဘာဝနာကုသိုလ် မည်၏။
* ဒိဋ္ဌိဇုကမ္မကုသိုလ်သည် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ် ၃-ပါးလုံး ရ၏။

❁ **စေတနာသုံးပါး** = ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာ = ပေါင်း စေတနာ (၃)ပါး။

(၁) မလှူမီ ရှေးအဖို့ ကြံစည်သည်မှစ၍ ဒါနအတွက် ရည်ရွယ်ကာ ဒွါရ ၃-ပါး၌ဖြစ်သော ကုသိုလ်စေတနာသည် **ပုဗ္ဗစေတနာ** မည်၏။

(၂) အလှူခံပုဂ္ဂိုလ်၏လက်သို့ လှူပါ၏ဟု ပစ္စုပ္ပန်ကြိယာဖြင့် စွန့်လွှတ်လှူဒါန်း ခိုက်၌ဖြစ်သော စေတနာသည် **မုဉ္စစေတနာ** မည်၏။

(၃) လှူပြီးနောက် လှူပြီးဒါနကို အဖန်ဖန်မပြတ် အောက်မေ့ဆင်ခြင် ဝမ်းမြောက်မှု၌ပါသော ကုသိုလ်စေတနာသည် **အပရစေတနာ** မည်၏။

❁ **မဟဂ္ဂုတ်ကံ** = ကသိုဏ်းနိမိတ်စသည်ကို အာရုံပြုကာ ပွားများ၍ရသော မဟဂ္ဂုတ် ကုသိုလ်ကံ ၉-ပါးသည် **ဘာဝနာကံ၊ အပ္ပနာ-မနောကံ** မည်၏။

## (၄) ၂။ ပါကဋ္ဌာနစတုက္က - ဘုံပိုင်း ကံအကျိုးပေး

**(က) ကာမကံ**= အကုသိုလ်ကံ ၁၂-ပါး + ကာမာဝစရကုသိုလ်ကံ ၈-ပါး = ပေါင်း ကာမကံ ၂၀-ပါး။

### အကုသိုလ်ကံ - အကျိုးပေး

ပါဏာတိပါတ၊ အဒိန္နာဒါန စသော အစွမ်းဖြင့်ဖြစ်သော

http://www.dhammadownload.com



(၁) (ဥဒ္ဓစ္စကြဉ်သော) အကုသိုလ်စေတနာ ၁၁–ပါးသည်–

* *ပဋိသန္ဓေအခါ* အပါယ် ၄–ဘုံ၌ = အကုသလဝိပါက် ဥပေက္ခာသန္တီ– ရဏစိတ် ၁–ပါးကို ဖြစ်စေ၏။

(၂) အကုသိုလ်စေတနာ ၁၂–ပါးသည်–

* *ပဝတ္တိအခါ* အပါယ် ၄–ဘုံ၌ = အကုသလဝိပါက်စိတ် ၇–ပါးကို ဖြစ်စေ၏။

* *ပဝတ္တိအခါ* ကာမသုဂတိ ၇–ဘုံ၌= အကုသလဝိပါက်စိတ် ၇–ပါးကို ဖြစ်စေ၏။

* *ပဝတ္တိအခါ* (အသညသတ်ကြဉ်သော်) ရူပ ၁၅–ဘုံ၌ = (ဃာန၊ ဇိဝှါ၊ ကာယဝိညာဉ်ကြဉ်သော်) အကုသလဝိပါက်စိတ် ၄–ပါးကို ဖြစ်စေ၏။

<u>ကာမာဝစရကုသိုလ်ကံ – အကျိုးပေး</u>

(၁) မဟာကုသိုလ်စေတနာ ၈–ပါးသည်–

* *ပဋိသန္ဓေအခါ* ကာမသုဂတိ ၇–ဘုံ၌=အဟိတ်ကုသလဝိပါက် ဥပေက္ခာ သန္တီရဏစိတ် ၁–ပါး၊ မဟာဝိပါက် စိတ် ၈–ပါး = ပေါင်း ၉–ပါးကို ဖြစ်စေ၏။

* *ပဝတ္တိအခါ* ကာမသုဂတိ ၇–ဘုံ၌= အဟိတ်ကုသလဝိပါက်စိတ် ၈–ပါး၊ မဟာဝိပါက်စိတ် ၈–ပါး = ပေါင်း ၁၆–ပါးကို ဖြစ်စေ၏။

* *ပဝတ္တိအခါ* အပါယ် ၄–ဘုံ၌ = အဟိတ်ကုသလဝိပါက်စိတ် ၈– ပါး ကို ဖြစ်စေ၏။

* *ပဝတ္တိအခါ* (အသညသတ်ကြဉ်သော်) ရူပ ၁၅–ဘုံ၌ = (ဃာန၊ ဇိဝှါ၊ ကာယဝိညာဉ်ကြဉ်သော်) အဟိတ်ကုသလ ဝိပါက်စိတ် ၅–ပါးကို ဖြစ် စေ၏။

http://www.dhammadownload.com



(၂) ကမ္မဿကတာဉာဏ်၊ ဝိပဿနာဉာဏ် ကုသိုလ်ခြံရံကာ ဟိတ် ၃-ပါး နှင့် ယှဉ်သော တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်စေတနာ ၄-ပါးသည်-

* *ပဋိသန္ဓေအခါ* ကာမသုဂတိ ၇-ဘုံ၌= မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄-ပါးကို ဖြစ်စေ၏။

* *ပဝတ္တိအခါ* ကာမသုဂတိ ၇-ဘုံ၌ = အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး = ပေါင်း ၁၆-ပါးကို ဖြစ်စေ၏။

* *ပဝတ္တိအခါ* အပါယ် ၄-ဘုံ၌ = အဟိတ်ကုသလဝိပါက်စိတ် ၈-ပါးကို ဖြစ်စေ၏။

* *ပဝတ္တိအခါ* (အသညသတ်ကြဉ်သော်) ရူပ ၁၅-ဘုံ၌ = (ဃာန၊ ဇိဝှါ၊ ကာယဝိညာဉ်ကြဉ်သော်) အဟိတ်ကုသလ ဝိပါက်စိတ် ၅-ပါးကို ဖြစ်စေ၏။

(၃) အကုသိုလ်ခြံရံကာ ဟိတ် ၃-ပါးနှင့်ယှဉ်သော တိဟိတ်ဩမက မဟာကုသိုလ်စေတနာ ၄-ပါး + ကုသိုလ်ခြံရံကာ ဟိတ် ၂-ပါး နှင့်ယှဉ်သော ဒွိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်စေတနာ ၄-ပါး = ပေါင်း ၈-ပါးသည်-

* *ပဋိသန္ဓေအခါ* ကာမသုဂတိ ၇-ဘုံ၌= မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄-ပါးကို ဖြစ်စေ၏။

* *ပဝတ္တိအခါ* ကာမသုဂတိ ၇-ဘုံ = အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် ၄-ပါး = ပေါင်း ၁၂-ပါးကို ဖြစ်စေ၏။

* *ပဝတ္တိအခါ* အပါယ် ၄-ဘုံ၌ = အဟိတ်ကုသလဝိပါက်စိတ် ၈- ပါးကို ဖြစ်စေ၏။

* *ပဝတ္တိအခါ* (အသညသတ်ကြဉ်သော်) ရူပ ၁၅-ဘုံ၌ = (ဃာန၊ ဇိဝှါ၊ ကာယဝိညာဉ်ကြဉ်သော်) အဟိတ်ကုသလဝိပါက်စိတ် ၅-ပါးကို ဖြစ်စေ၏။

http://www.dhammadownload.com



(၄) အကုသိုလ်ခြံရံကာ ဟိတ် ၂–ပါးနှင့်ယှဉ်သော ဒွိဟိတ်ဩမက မဟာကုသိုလ်စေတနာ ၄–ပါးသည်–

* *ပဋိသန္ဓေအခါ* လူ့ဘုံ၊ ဝိနိပါတိက အသုရာဘုံ ပေါင်း ၂–ဘုံ၌ = အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ၁–ပါးကို ဖြစ်စေ၏။

* *ပဝတ္တိအခါ* ကာမသုဂတိရ–ဘုံ၌ = အဟိတ်ကုသလဝိပါက်စိတ် ၈–ပါးကို ဖြစ်စေ၏။

* *ပဝတ္တိအခါ* အပါယ် ၄–ဘုံ၌ = အဟိတ်ကုသလဝိပါက်စိတ် ၈–ပါးကို ဖြစ်စေ၏။

* *ပဝတ္တိအခါ* (အသညသတ်ကြဉ်သော်) ရူပ ၁၅–ဘုံ၌ = (ဃာန၊ ဇိဝှါ၊ ကာယဝိညာဉ်ကြဉ်သော်) အဟိတ်ကုသလ ဝိပါက်စိတ် ၅–ပါးကို ဖြစ်စေ၏။

## (ခ) မဟာဂ္ဂုတ်ကံအကျိုးပေး

(၁) ဟီန၊ မဇ္ဈိမ၊ ပဏီတ ပထမဈာန်ကုသိုလ်သည် –
ပထမဈာန် ၃–ဘုံ၌ ပထမဈာန်ဝိပါက်စိတ်ကို ဖြစ်စေ၏။

(၂) ဟီန၊ မဇ္ဈိမ၊ ပဏီတ ဒုတိယဈာန်၊ တတိယဈာန်ကုသိုလ်သည်–
ဒုတိယဈာန် ၃–ဘုံ၌ ဒုတိယဈာန်၊ တတိယဈာန်ဝိပါက်စိတ်ကို ဖြစ်စေ၏။

(၃) ဟီန၊ မဇ္ဈိမ၊ ပဏီတ စတုတ္ထဈာန်ကုသိုလ်သည် –
တတိယဈာန် ၃–ဘုံ၌ စတုတ္ထဈာန်ဝိပါက်စိတ်ကို ဖြစ်စေ၏။

(၄) သာမည ပဉ္စမဈာန်ကုသိုလ်သည် –
ဝေဟပ္ဖိုလ်ဘုံ၌ ပဉ္စမဈာန်ဝိပါက်စိတ်ကို ဖြစ်စေ၏။

(၅) နာမ်ပျောက်စေလိုမှုနှင့် ယှဉ်သော ပဉ္စမဈာန်ကုသိုလ်သည် –
အသညသတ်ဘုံ၌ ဇီဝိတနဝကကလာပ် ရုပ်ပဋိသန္ဓေကို ဖြစ်စေ၏။

(၆) သဒ္ဓါလွန်သော အနာဂါမ်ပုဂ္ဂိုလ်၏ ပဉ္စမဈာန်ကုသိုလ်သည် –
အဝိဟာဘုံ၌ ပဉ္စမဈာန်ဝိပါက်စိတ်ကို ဖြစ်စေ၏။

http://www.dhammadownload.com



(၇) ဝီရိယလွန်သော အနာဂါမ်ပုဂ္ဂိုလ်၏ ပဉ္စမဈာန်ကုသိုလ်သည် - အတပ္ပါဘုံ၌ ပဉ္စမဈာန်ဝိပါက်စိတ်ကို ဖြစ်စေ၏။

(၈) သတိလွန်သော အနာဂါမ်ပုဂ္ဂိုလ်၏ ပဉ္စမဈာန်ကုသိုလ်သည် - သုဒဿာဘုံ၌ ပဉ္စမဈာန်ဝိပါက်စိတ်ကို ဖြစ်စေ၏။

(၉) သမာဓိလွန်သော အနာဂါမ်ပုဂ္ဂိုလ်၏ ပဉ္စမဈာန်ကုသိုလ်သည် - သုဒဿီဘုံ၌ ပဉ္စမဈာန်ဝိပါက်စိတ်ကို ဖြစ်စေ၏။

(၁၀) ပညာလွန်သော အနာဂါမ်ပုဂ္ဂိုလ်၏ ပဉ္စမဈာန်ကုသိုလ်သည် - အကနိဋ္ဌဘုံ၌ ပဉ္စမဈာန်ဝိပါက်စိတ်ကို ဖြစ်စေ၏။

(၁၁) အာကာသာနဉ္စာယတနကုသိုလ်သည် - အာကာသာနဉ္စာယတနဘုံ၌ အာကာသာနဉ္စာယတနဝိပါက်စိတ်ကို ဖြစ်စေ၏။

(၁၂) ဝိညာဏဉ္စာယတနကုသိုလ်သည် - ဝိညာဏဉ္စာယတနဘုံ၌ ဝိညာဏဉ္စာယတနဝိပါက်စိတ်ကို ဖြစ်စေ၏။

(၁၃) အာကိဉ္စညာယတနကုသိုလ်သည်- အာကိဉ္စညာယတနဘုံ၌ အာကိဉ္စညာယတနဝိပါက်စိတ်ကို ဖြစ်စေ၏။

(၁၄) နေဝသညာနာသညာယတနကုသိုလ်သည် - နေဝသညာနာသညာယတနဘုံ၌ နေဝသညာနာသညာယတနဝိပါက်စိတ်ကို ဖြစ်စေ၏။

---

## ၄။ မရဏုပ္ပတ္တိစတုက္က

♦ သေခြင်းမရဏ ၄-ပါး = အာယုက္ခယ၊ ကမ္မက္ခယ၊ ဥဘယက္ခယ၊ ဥပစ္ဆေဒက = ပေါင်း သေခြင်းမရဏ ၄ ပါး။

* အသက်တမ်းကုန်၍သေခြင်းသည် = အာယုက္ခယ မည်၏။
* ကံစွမ်းကုန်၍သေခြင်းသည် = ကမ္မက္ခယ မည်၏။
* အသက်တမ်း၊ ကံစွမ်း ၂-ပါးကုန်၍သေခြင်းသည်= ဥဘယက္ခယ မည်၏။
* ကံဆိုးဖြတ်ချ လတ်တလောသေခြင်းသည် = ဥပစ္ဆေဒက မည်၏။

http://www.dhammadownload.com



အာယုက္ခယ၊ ကမ္မက္ခယ၊ ဥဘယက္ခယ = ပေါင်း **ကာလမရဏ ၃–ပါး၊**
ဥပစ္ဆေဒက = ပေါင်း **အကာလမရဏ ၁–ပါး**

♦ ကာလမရဏ ၃–ပါး + အကာလမရဏ ၁–ပါး = ပေါင်း **သေခြင်းမရဏ ၄–ပါး။**

## ♦ သေခါနီး ထင်လာသော နိမိတ် ၃–ပါး

ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် = ပေါင်း သေခါနီး ထင်လာသော နိမိတ် ၃–ပါး။

(၁) အကျိုးပေးခွင့်ရ၍ ရှေးရှုတည်နေသော, ပဋိသန္ဓေကို ဖြစ်စေသော ဥပပဇ္ဇ အပရာပရိယာယ ကုသိုလ်၊ အကုသိုလ် ဇနကကံသည် **ကံ** မည်၏။

* ထို ကံသည် အတိတ်ကာလ–မနောဒွါရ၌ ထင်၏။

(၂) ကံမြောက်ကြောင်း အလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ်၊ လက်နက် တုတ် ဓား စသော ကံအဆောက်အဦ၊ ကံနှင့် စပ်သမျှသော ဝတ္ထုအာရုံ ၆–ပါးသည် **ကမ္မနိမိတ်** မည်၏။

* ထို ကမ္မနိမိတ်သည် အတိတ်ကာလ– အာရုံ ၆–ပါး၊ မနောဒွါရ၌ ထင်၏။ ပစ္စုပ္ပန်ကာလ– အာရုံ ၆–ပါး၊ (ယထာရဟ) ၆–ဒွါရ၌ ထင်၏။

(၃) လားရာဂတိ၊ အမိဝမ်းရေ၊ နတ်သမီးဘုံဗိမာန်၊ ဥယျာဉ်၊ ပဒေသာပင်၊ ငရဲအိုး၊ ငရဲထိန်း၊ ငရဲမီးလျှံ စသည်သည် **ဂတိနိမိတ်** မည်၏။

* ထို ဂတိနိမိတ်သည် ပစ္စုပ္ပန်ကာလ– အာရုံ ၆–ပါး၊ ၆–ဒွါရ၌ ထင်၏။

## ♦ ပဋိသန္ဓေ

* သေခါနီးသူအား ဒွါရ ၆–ပါး၌ ထင်လာသောအာရုံကို အာရုံပြု၍ ဘဝ တစ်ပါး၌ ပဋိသန္ဓေ ဖြစ်၏။

* စိတ်တစ်ခုပင် ပဋိသန္ဓေ၊ ဘဝင်၊ စုတိဟု အာရုံတစ်ခု၊ ဘဝတစ်ခု၌ ဖြစ်၏။

http://www.dhammadownload.com



## ♦ ပဋိသန္ဓေနေခြင်း အကြောင်းသုံးပါး

အဝိဇ္ဇာ၊ တဏှာ၊ ကံ (သင်္ခါရ) = ပေါင်း ပဋိသန္ဓေနေခြင်း အကြောင်း ၃–ပါး။

* ဘဝသစ်၌ အပြစ်ဖုံးလွှမ်းခြင်းသည် အဝိဇ္ဇာ မည်၏။
* စိတ်အစဉ်ကို ဘဝသစ်၌ ညွှတ်ကိုင်းရှိုင်းခြင်းသည် တဏှာ မည်၏။
* ဘဝသစ်၌ ပစ်ချသော လောကီကုသိုလ်– အကုသိုလ်ဇနကကံသည် ကံ(သင်္ခါရ) မည်၏။

– အဝိဇ္ဇာခြံရံ၊ တဏှာအရင်းခံသော ကံ(သင်္ခါရ)ကြောင့် ပဋိသန္ဓေနေကြ၏။

## ♦ စုတိနောင် ပဋိသန္ဓေနှောင်းပုံ

(၁) အပါယ် ၄–ဘုံ၊ လူ့ဘုံ၊ စာတုမဟာရာဇ်ဘုံမှ စုတေသော ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်စုတိ ၆–ပါးနောင်= ကာမ ၁၁–ဘုံ၌ ကာမ ပဋိသန္ဓေ ၁၀–ပါး နှောင်း၏။

(၂) ကာမသုဂတိ ၇–ဘုံမှ စုတေသော ကာမတိဟိတ် စုတိ ၄–ပါးနောင်= ၃၁–ဘုံ၌ ပဋိသန္ဓေ ၂၀–ပါး နှောင်း၏။

(၃) အသညသတ်ကြဉ်သော ရူပ ၁၅–ဘုံမှ စုတေသော ရူပစုတိ ၅–ပါး နောင် = (အပါယ်၊ အသညသတ်ကြဉ်သော်) ၂၆–ဘုံ၌ (အဟိတ်ပဋိသန္ဓေ၊ အသညသတ် ပဋိသန္ဓေ ကြဉ်သော်) သဟိတ်ပဋိသန္ဓေ ၁၇–ပါး နှောင်း၏။

(၄) အသညသတ်ဘုံမှ စုတေသော အသညသတ် ရုပ်စုတိ ၁–ပါးနောင်= ကာမသုဂတိ ၇–ဘုံ၌ (အဟိတ်ပဋိသန္ဓေကြဉ်သော်) ကာမသဟိတ် ပဋိသန္ဓေ ၈– ပါး နှောင်း၏။

(၅) အာကာသာနဉ္စာယတနဘုံမှ စုတေသော အာကာသာနဉ္စာယတန စုတိ ၁–ပါးနောင် = ကာမသုဂတိ ၇–ဘုံ၊ အရူပ ၄–ဘုံ = ပေါင်း ၁၁–ဘုံ၌ ကာမ တိဟိတ်ပဋိသန္ဓေ ၄–ပါး၊ အရူပ ပဋိသန္ဓေ ၄–ပါး = ပေါင်း ပဋိသန္ဓေ ၈–ပါး နှောင်း၏။

http://www.dhammadownload.com



(၆) ဝိညာဏဉ္စာယတနဘုံမှ စုတေသော ဝိညာဏဉ္စာယတန စုတိ ၁-ပါး နောင် = ကာမသုဂတိ ၇-ဘုံ၊ (အာကာသာနဉ္စာယတနဘုံကြဉ်သော်) အရူပ ၃-ဘုံ = ပေါင်း ၁၀-ဘုံ၌ ကာမတိဟိတ်ပဋိသန္ဓေ ၄-ပါး၊ (အာကာသာနဉ္စာယတန ပဋိသန္ဓေကြဉ်သော်) အရူပ ပဋိသန္ဓေ ၃-ပါး = ပေါင်း ပဋိသန္ဓေ ၇-ပါး နောင်း၏။

(၇) အာကိဉ္စညာယတနဘုံမှ စုတေသော အာကိဉ္စညာယတန စုတိ ၁-ပါး နောင် = ကာမသုဂတိ ၇-ဘုံ၊ အာကိဉ္စညာယတနဘုံ၊ နေဝသညာနာသညာယတနဘုံ= ပေါင်း ၉-ဘုံ၌ ကာမတိဟိတ် ပဋိသန္ဓေ ၄-ပါး၊ အာကိဉ္စညာယတနပဋိသန္ဓေ၊ နေဝသညာနာသညာယတန ပဋိသန္ဓေ = ပေါင်း ပဋိသန္ဓေ ၆-ပါး နောင်း၏။

(၈) နေဝသညာ နာသညာယတနဘုံမှ စုတေသော နေဝသညာ နာသညာယတနစုတိ ၁-ပါးနောင် = ကာမသုဂတိ ၇-ဘုံ၊ နေဝသညာနာသညာယတနဘုံ = ပေါင်း ၈-ဘုံ၌ ကာမတိဟိတ် ပဋိသန္ဓေ ၄-ပါး၊ နေဝသညာနာသညာယတန ပဋိသန္ဓေ ၁-ပါး = ပေါင်း ပဋိသန္ဓေ ၅-ပါး နောင်း၏။

## ♦ ပဋိသန္ဓေ- ဘဝင်- စုတိ တို့ တူပုံ

ဘဝတစ်ခု၌ ပဋိသန္ဓေ - ဘဝင် - စုတိတို့သည် ဘူမိ၊ ဇာတိ၊ သမ္ပယုတ္တဓမ္မ၊ သင်္ခါရ၊ အာရုံအားဖြင့် ယထာရဟ တူကြ၏။

ဝီထိမုတ်ပိုင်း (ဆိုရိုး) ပြီး၏။

http://www.dhammadownload.com

# ၆။ ရုပ်ပိုင်း

၁။ ရူပ သမုဒ္ဒေသ
၂။ ရူပ ဝိဘာဂ
၃။ ရူပ သမုဋ္ဌာန်
၄။ ရူပ ကလာပ
၅။ ရူပ ပဝတ္တိက္ကမ

## ၁။ ရူပသမုဒ္ဒေသ

* ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော = ပေါင်း **မဟာဘုတ်ရုပ် ၄-ပါး၊**
* စက္ခုပသာဒရုပ်၊ သောတပသာဒရုပ်၊ ဃာနပသာဒရုပ်၊ ဇိဝှါပသာဒရုပ်၊ ကာယပသာဒရုပ် = ပေါင်း **ပသာဒရုပ် ၅-ပါး၊**
* ရူပါရုံရုပ် ၁-ပါး၊ သဒ္ဒါရုံရုပ် ၁-ပါး၊ ဂန္ဓာရုံ ၁-ပါး၊ ရသာရုံ ၁-ပါး၊ ပထဝီ, တေဇော, ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံရုပ် ၃-ပါး = ပေါင်း **ဂေါစရရုပ် ၇-ပါး၊**
* ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ် = ပေါင်း **ဘာဝရုပ် ၂-ပါး၊**
* **ဟဒယရုပ် ၁-ပါး၊**
* **ဇီဝိတရုပ် ၁-ပါး၊**
* **ကဗဠီကာရ အာဟာရ (ဩဇာ)ရုပ် ၁-ပါး၊**

♦ မဟာဘုတ်ရုပ် ၄-ပါး၊ ပသာဒရုပ် ၅-ပါး၊ ဂေါစရရုပ် ၄-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဟဒယရုပ် ၁-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ ကဗဠီကာရ အာဟာရ(ဩဇာ) ရုပ် ၁-ပါး = ပေါင်း ၁၈-ပါးသည် **သဘာဝရုပ်** မည်၏၊ **သလက္ခဏရုပ်** မည်၏၊ **နိပ္ဖန္နရုပ်** မည်၏၊ **ရူပရုပ်** မည်၏၊ **သမ္မသနရုပ်** မည်၏။

* **အာကာသဓာတ်ပရိစ္ဆေဒရုပ် ၁-ပါး၊**
* ကာယဝိညတ်၊ ဝစီဝိညတ် = ပေါင်း **ဝိညတ်ရုပ် ၂-ပါး၊**

http://www.dhammadownload.com



* ရူပဿလဟုတာ၊ ရူပဿမုဒုတာ၊ ရူပဿကမ္မညတာ = ပေါင်း **လဟုတာဒိရုပ် ၃-ပါး**၊

♦ ဝိညတ်ရုပ် ၂-ပါး၊ လဟုတာဒိရုပ် ၃-ပါး = ပေါင်း **ဝိကာရရုပ် ၅-ပါး**။

* ဥပစယ၊ သန္တတိ = ပေါင်း ဇာတိရုပ် ၂-ပါး၊ ဇရတာရုပ် ၁-ပါး အနိစ္စတာရုပ် ၁-ပါး = ပေါင်း **လက္ခဏရုပ် ၄-ပါး**၊

♦ အာကာသဓာတ်ပရိစ္ဆေဒရုပ် ၁-ပါး၊ ဝိညတ်ရုပ် ၂-ပါး၊ လဟုတာဒိရုပ် ၃-ပါး၊ လက္ခဏရုပ် ၄-ပါး = ပေါင်း ၁၀-ပါးသည် **အသဘာဝရုပ်** မည်၏၊ **အလက္ခဏရုပ်** မည်၏၊ **အနိပ္ဖန္နရုပ်** မည်၏၊ **အရူပရုပ်** မည်၏၊ **အသမ္မသနရုပ်** မည်၏။

♦ သဘာဝရုပ် ၁၈-ပါး၊ အသဘာဝရုပ် ၁၀-ပါး = ပေါင်း ရုပ် ၂၈-ပါး

♦ သလက္ခဏရုပ် ၁၈-ပါး၊ အလက္ခဏရုပ် ၁၀-ပါး = ပေါင်း ရုပ် ၂၈-ပါး

♦ နိပ္ဖန္နရုပ် ၁၈-ပါး၊ အနိပ္ဖန္နရုပ် ၁၀-ပါး = ပေါင်း ရုပ် ၂၈-ပါး

♦ ရူပရုပ် ၁၈-ပါး၊ အရူပရုပ် ၁၀-ပါး = ပေါင်း ရုပ် ၂၈-ပါး

♦ သမ္မသနရုပ် ၁၈-ပါး၊ အသမ္မသနရုပ် ၁၀-ပါး = ပေါင်း ရုပ် ၂၈-ပါး

## ၂။ ရူပဝိဘာဂ

* ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော = ပေါင်း ၄-ပါးသည် **မဟာဘုတ်ရုပ်** မည်၏။

ကျန် ၂၄-ပါးသည် **ဥပါဒါရုပ်** မည်၏။

* စက္ခုပသာဒရုပ်၊ သောတပသာဒရုပ်၊ ဃာနပသာဒရုပ်၊ ဇိဝှါပသာဒရုပ်၊ ကာယပသာဒရုပ် = ပေါင်း ပသာဒရုပ် ၅-ပါးသည် **အဇ္ဈတ္တိကရုပ်** မည်၏၊ **ဂေါစရဂ္ဂါဟကရုပ်** မည်၏။

ကျန် ၂၃-ပါးသည် **ဗာဟိရရုပ်** မည်၏၊ **အဂေါစရဂ္ဂါဟကရုပ်** မည်၏။

* စက္ခုပသာဒ၊ သောတပသာဒ= ပေါင်း ၂-ပါးသည် **အသမ္ပတ္တဂ္ဂါဟကရုပ်** မည်၏၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒ= ပေါင်း ၃-ပါးသည် **သမ္ပတ္တဂ္ဂါဟကရုပ်** မည်၏။

http://www.dhammadownload.com



ကျန် ၂၃-ပါးသည် **အဂါဟကရုပ်** မည်၏။

* ပသာဒရုပ် ၅-ပါး၊ ဟဒယရုပ် ၁-ပါး = ပေါင်း ၆-ပါးသည် **ဝတ္ထုရုပ်** မည်၏။

ကျန် ၂၂-ပါးသည် **အဝတ္ထုရုပ်** မည်၏။

* ပသာဒရုပ် ၅-ပါး၊ ဝိညတ်ရုပ် ၂-ပါး = ပေါင်း ၇-ပါးသည် **ဒွါရရုပ်** မည်၏။

ကျန် ၂၁-ပါးသည် **အဒွါရရုပ်** မည်၏။

* ပသာဒရုပ် ၅-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဇီဝိတရုပ် ၁-ပါး = ပေါင်း ၈-ပါးသည် **ဣန္ဒြိယရုပ်** မည်၏၊ ကျန် ၂၀-ပါးသည် **အနိန္ဒြိယရုပ်** မည်၏။

* မဟာဘုတ်ရုပ် ၄-ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇ = ပေါင်း ၈-ပါးသည် **အဝိနိဗ္ဘောဂရုပ်** မည်၏။

ကျန် ၂၀-ပါးသည် **ဝိနိဗ္ဘောဂရုပ်** မည်၏။

* ပသာဒရုပ် ၅-ပါး၊ ဂေါစရရုပ် ၇-ပါး = ပေါင်း ၁၂-ပါးသည် **ဩဠာရိကရုပ်** မည်၏၊ **သပ္ပဋိဃရုပ်** မည်၏၊ **သန္တိကေရုပ်** မည်၏။

ကျန် ၁၆-ပါးသည် **သုခုမရုပ်** မည်၏၊ **အပ္ပဋိဃရုပ်** မည်၏၊ **ဒူရေရုပ်** မည်၏။

* ရုပ်ပါရုံရုပ် ၁-ပါးသည် **သနိဒဿနရုပ်** မည်၏။

ကျန် ၂၇-ပါးသည် **အနိ ဒဿနရုပ်** မည်၏။

## ၃။ ရုပသမုဋ္ဌာန်

♦ ကံ၊ စိတ်၊ ဥတု၊ အာဟာရ = ပေါင်း **ရုပသမုဋ္ဌာန်** ၄-ပါး။

* ပသာဒရုပ် ၅-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဟဒယရုပ် ၁-ပါး၊ ဇီဝိတရုပ် ၁-ပါး = ပေါင်း ၉-ပါးသည် **ကမ္မဇကေန်** မည်၏။

* မဟာဘုတ်ရုပ် ၄-ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇ၊ အာကာသဓာတ်ပရိစ္ဆေဒရုပ် ၁-ပါး = ပေါင်း ၉-ပါးသည် **ကမ္မဇအနေကန်** မည်၏။

♦ ကမ္မဇကေန် ၉-ပါး၊ ကမ္မဇအနေကန် ၉-ပါး = ပေါင်း **ကမ္မဇရုပ်** ၁၈-ပါး။

http://www.dhammadownload.com



* ကာယဝိညတ်၊ ဝစီဝိညတ် = ပေါင်း ဝိညတ်ရုပ် ၂–ပါးသည် **စိတ္တဇကေန်** မည်၏။

* မဟာဘုတ်ရုပ် ၄–ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇ၊ အာကာသဓာတ်ပရိစ္ဆေဒရုပ် ၁–ပါး၊ သဒ္ဒရုပ် ၁–ပါး၊ လဟုတာဒိရုပ် ၃–ပါး = ပေါင်း ၁၃–ပါးသည် **စိတ္တဇအနေကန်** မည်၏။

♦ စိတ္တဇကေန် ၂–ပါး၊ စိတ္တဇအနေကန် ၁၃–ပါး = ပေါင်း **စိတ္တဇရုပ် ၁၅–ပါး**။

* **ဥတုဇကေန်** မရှိ။

* မဟာဘုတ်ရုပ် ၄–ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇ၊ အာကာသဓာတ်ပရိစ္ဆေဒရုပ် ၁–ပါး၊ သဒ္ဒရုပ် ၁–ပါး၊ လဟုတာဒိရုပ် ၃–ပါး = ပေါင်း ၁၃–ပါးသည် **ဥတုဇအနေကန်** မည်၏။

♦ ဥတုဇကေန် မရှိ၊ ဥတုဇအနေကန် ၁၃–ပါး = ပေါင်း **ဥတုဇရုပ် ၁၃–ပါး**။

* **အာဟာရဇကေန်** မရှိ။

* မဟာဘုတ်ရုပ် ၄–ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇ၊ အာကာသဓာတ်ပရိစ္ဆေဒရုပ် ၁–ပါး၊ လဟုတာဒိရုပ် ၃–ပါး =ပေါင်း ၁၂–ပါးသည် **အာဟာရဇအနေကန်** မည်၏။

♦ အာဟာရဇကေန် မရှိ၊ အာဟာရဇအနေကန် ၁၂–ပါး =ပေါင်း **အာဟာရဇရုပ် ၁၂–ပါး**။

* **လက္ခဏရုပ် ၄–ပါးသည်** ကံ၊ စိတ်၊ ဥတု၊ အာဟာရ မည်သည့်အကြောင်းကြောင့်မျှ မဖြစ်သောကြောင့် **နကုတောစိသမုဋ္ဌာန်** မည်၏။
(တစ်နည်း) ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်း ၄–ပါးမှ လွတ်သောကြောင့် **စတုဝိမုတ်** မည်၏။

♦ ကမ္မဇကေန် ၉–ပါး၊ ကမ္မဇအနေကန် ၉–ပါး= ပေါင်း **ဥပါဒိန္နရုပ် ၁၈–ပါး**။

♦ စိတ္တဇရုပ် ၁၅–ပါး၊ ဥတုဇရုပ် ၁၃–ပါး၊ အာဟာရဇရုပ် ၁၂–ပါး = ပေါင်း **အနုပါဒိန္နရုပ် ၄၀–ပါး**။

http://www.dhammadownload.com



* **ကမ္မဇကေန် ၉-ပါး၊ စိတ္တဇကေန် ၂-ပါး = ပေါင်း ၁၁-ပါးသည်** ကံ၊ စိတ်အကြောင်းတစ်ပါးစီကြောင့် ဖြစ်သောကြောင့် **ကေဇရုပ်** မည်၏။
* သဒ္ဒရုပ် ၁-ပါးသည် စိတ်၊ ဥတု အကြောင်း ၂-ပါးကြောင့် ဖြစ်သောကြောင့် **ဒွိဇရုပ်** မည်၏။
* လဟုတာဒိရုပ် ၃-ပါးသည် စိတ်၊ ဥတု၊ အာဟာရအကြောင်း ၃-ပါးကြောင့် ဖြစ်သောကြောင့် **တိဇရုပ်** မည်၏။
* မဟာဘုတ်ရုပ်၄-ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇ၊ အာကာသဓာတ်ပရိစ္ဆေဒရုပ် ၁-ပါး = ပေါင်း ၉-ပါးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်း ၄-ပါးကြောင့် ဖြစ်သောကြောင့် **စတုဇရုပ်** မည်၏။
* လက္ခဏရုပ် ၄-ပါးသည် အကြောင်း ၄-ပါးမှ လွတ်သောကြောင့် **စတုဝိမုတ်** မည်၏။

◈ **ကေဇရုပ် ၁၁-ပါး၊ ဒွိဇရုပ် ၁-ပါး၊ တိဇရုပ် ၃-ပါး၊ စတုဇရုပ် ၉-ပါး၊ စတုဝိမုတ် ၄-ပါး = ပေါင်း ရုပ် ၂၈-ပါး။**

## ၄။ ရူပကလာပ

### ကမ္မဇကလာပ် ၉-စည်း

(၁) အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇီဝိတရုပ် ၁-ပါး = ပေါင်း ၉-ပါးသည် **ဇီဝိတနဝက** ကလာပ် မည်၏။

(၂) အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ စက္ခုပသာဒရုပ် ၁-ပါး= ပေါင်း ၁၀-ပါးသည် **စက္ခုဒသက** ကလာပ် မည်၏။

(၃) အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ သောတပသာဒရုပ် ၁-ပါး= ပေါင်း ၁၀-ပါးသည် **သောတဒသက** ကလာပ် မည်၏။

(၄) အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ ဃာနပသာဒရုပ် ၁-ပါး= ပေါင်း ၁၀-ပါးသည် **ဃာနဒသက** ကလာပ် မည်၏။

(၅) အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ ဇိဝှါပသာဒရုပ် ၁-ပါး= ပေါင်း ၁၀-ပါးသည် **ဇိဝှါဒသက** ကလာပ် မည်၏။

http://www.dhammadownload.com



(၆) အဝိနိဗ္ဘောဂရုပ် ၈–ပါး၊ ဇီဝိတရုပ် ၁–ပါး၊ ကာယပသာဒရုပ် ၁–ပါး= ပေါင်း ၁၀–ပါးသည် **ကာယဒသက ကလာပ်** မည်၏။

(၇) အဝိနိဗ္ဘောဂရုပ် ၈–ပါး၊ ဇီဝိတရုပ် ၁–ပါး၊ ဣတ္ထိဘာဝရုပ် ၁–ပါး= ပေါင်း ၁၀–ပါးသည် **ဣတ္ထိဘာဝဒသက ကလာပ်** မည်၏။

(၈) အဝိနိဗ္ဘောဂရုပ် ၈–ပါး၊ ဇီဝိတရုပ် ၁–ပါး၊ ပုမ္ဘာဝရုပ် ၁–ပါး= ပေါင်း ၁၀–ပါးသည် **ပုမ္ဘာဝဒသက ကလာပ်** မည်၏။

(၉) အဝိနိဗ္ဘောဂရုပ် ၈–ပါး၊ ဇီဝိတရုပ် ၁–ပါး၊ ဟဒယရုပ် ၁–ပါး= ပေါင်း ၁၀–ပါးသည် **ဝတ္ထုဒသက ကလာပ်** မည်၏။

♦ ဇီဝိတနဝက ကလာပ် ၁–စည်း၊ စက္ခုဒသက ကလာပ် ၁–စည်း၊ သောတဒသက ကလာပ် ၁–စည်း၊ ဃာနဒသက ကလာပ် ၁–စည်း၊ ဇိဝှါဒသက ကလာပ် ၁–စည်း၊ ကာယဒသက ကလာပ် ၁–စည်း၊ ဣတ္ထိဘာဝဒသက ကလာပ် ၁–စည်း၊ ပုမ္ဘာဝဒသက ကလာပ် ၁–စည်း၊ ဝတ္ထုဒသက ကလာပ် ၁–စည်း = ပေါင်း **ကမ္မဇကလာပ် ၉–စည်း**။

## စိတ္တဇကလာပ် ၆-စည်း

(၁) အဝိနိဗ္ဘောဂရုပ် ၈–ပါးသည် **သုဒ္ဓဋ္ဌက ကလာပ်** မည်၏။

(၂) အဝိနိဗ္ဘောဂရုပ်– ၈၊ ကာယဝိညတ်ရုပ်– ၁= ပေါင်း ၉–ပါးသည် **ကာယဝိညတ္တိ နဝက ကလာပ်** မည်၏။

(၃) အဝိနိဗ္ဘောဂရုပ် – ၈၊ သဒ္ဒရုပ် –၁၊ ဝစီဝိညတ်ရုပ်– ၁= ပေါင်း ၁၀–ပါးသည် **သဒ္ဒဝစီဝိညတ္တိ ဒသက ကလာပ်** မည်၏။

(၄) အဝိနိဗ္ဘောဂရုပ်– ၈၊ လဟုတာဒိရုပ်–၃= ပေါင်း ၁၁–ပါးသည် **လဟုတာဒိ ကောဒသက ကလာပ်** မည်၏။

(၅) အဝိနိဗ္ဘောဂရုပ် – ၈၊ ကာယဝိညတ်ရုပ် –၁၊ လဟုတာဒိရုပ်– ၃= ပေါင်း ၁၂–ပါးသည် **ကာယဝိညတ္တိ လဟုတာ ဒိဒွါဒသက ကလာပ်** မည်၏။

(၆) အဝိနိဗ္ဘောဂရုပ် – ၈၊ သဒ္ဒရုပ် –၁၊ ဝစီဝိညတ်ရုပ်– ၁၊ လဟုတာဒိရုပ် –၃၊ ပေါင်း ၁၃–ပါး သည် **သဒ္ဒဝစီဝိညတ္တိ လဟုတာဒိ တေရသက ကလာပ်** မည်၏။

http://www.dhammadownload.com



♦ သုဒ္ဓဋ္ဌက ကလာပ် ၁–စည်း၊ ကာယဝိညတ္တိ နဝက ကလာပ် ၁–စည်း၊ သဒ္ဒဝစီဝိညတ္တိ ဒသက ကလာပ် ၁–စည်း၊ လဟုတာဒိ ဧကာဒသက ကလာပ် ၁–စည်း၊ ကာယဝိညတ္တိ လဟုတာဒိ ဒွါဒသကကလာပ် ၁–စည်း၊ သဒ္ဒဝစီဝိညတ္တိ လဟုတာဒိ တေရသကကလာပ် ၁–စည်း = ပေါင်း စိတ္တဇ ကလာပ် ၆–စည်း။

<u>ဥတုဇကလာပ် ၄-စည်း</u>

(၁) အဝိနိဗ္ဘောဂရုပ် ၈–ပါးသည် သုဒ္ဓဋ္ဌက ကလာပ် မည်၏။

(၂) အဝိနိဗ္ဘောဂရုပ်– ၈၊ သဒ္ဒရုပ်– ၁= ပေါင်း ၉–ပါးသည် သဒ္ဒနဝက ကလာပ် မည်၏။

(၃) အဝိနိဗ္ဘောဂရုပ်– ၈၊ လဟုတာဒိရုပ်–၃= ပေါင်း ၁၁–ပါးသည် လဟုတာဒိ ဧကာဒသက ကလာပ် မည်၏။

(၄) အဝိနိဗ္ဘောဂရုပ်– ၈၊ သဒ္ဒရုပ်–၁၊ လဟုတာဒိရုပ်– ၃ = ပေါင်း ၁၂–ပါးသည် သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ် မည်၏။

♦ သုဒ္ဓဋ္ဌက ကလာပ် ၁–စည်း၊ သဒ္ဒနဝက ကလာပ် ၁–စည်း၊ လဟုတာဒိ ဧကာဒသက ကလာပ် ၁–စည်း၊ သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ် ၁–စည်း = ပေါင်း ဥတုဇကလာပ် ၄–စည်း။

<u>အာဟာရဇကလာပ် ၂-စည်း</u>

(၁) အဝိနိဗ္ဘောဂရုပ် ၈–ပါးသည် သုဒ္ဓဋ္ဌက ကလာပ် မည်၏။

(၂) အဝိနိဗ္ဘောဂရုပ်– ၈၊ လဟုတာဒိရုပ်– ၃= ပေါင်း ၁၁–ပါးသည် လဟုတာဒိ ဧကာဒသက ကလာပ် မည်၏။

♦ သုဒ္ဓဋ္ဌက ကလာပ် ၁–စည်း၊ လဟုတာဒိ ဧကာဒသက ကလာပ် ၁–စည်း = ပေါင်း အာဟာရဇကလာပ် ၂–စည်း။

♦ ကမ္မဇ ကလာပ် = ၉–စည်း၊<br>
စိတ္တဇ ကလာပ် = ၆–စည်း၊<br>
ဥတုဇ ကလာပ် = ၄–စည်း၊<br>
အာဟာရဇ ကလာပ် = ၂–စည်း<br>
= ပေါင်း ကလာပ် ၂၁–စည်း။

http://www.dhammadownload.com



- ♦ အဇ္ဈတ္တ သန္တာန်၌ ကလာပ် ၂၁–စည်း၊ ရုပ်ပေါင်း ၂၈–ပါး ရ၏။
- ♦ ဗဟိဒ္ဓ သန္တာန်၌ ဥတုဇကလာပ် ၄–စည်းမှ သုဒ္ဓဋ္ဌကကလာပ် ၁–စည်း၊ သဒ္ဒနဝက ကလာပ် ၁–စည်း = ပေါင်း ကလာပ် ၂–စည်း၊ ရုပ်ပေါင်း ၉–ပါး ရ၏။

---

## ရုပသမုဋ္ဌာန်

- ♦ ကံ၊ စိတ်၊ ဥတု၊ အာဟာရ = ပေါင်း **ရုပသမုဋ္ဌာန် ၄–ပါး**။

<u>ကံ</u> = နာနာက္ခဏိက အတိတ်အကုသိုလ်၊ ကာမကုသိုလ်၊ ရူပကုသိုလ် စေတနာ ၂၅–ပါးသည် ရုပ်ကို **ဖြစ်စေသော ကံ** မည်၏။

= ထိုကံသည် ကာမဘုံ၊ ရူပဘုံ၌ ပဋိသန္ဓေ၏ ဥပါဒ်မှစ၍ ပဋိသန္ဓေ၊ ပဝတ္တိအခါ မြစ်ရေအယဉ်ကဲ့သို့ ခဏတိုင်း ခဏတိုင်း ဣန္ဒြိယ ဗဒ္ဓသန္တာန်၌ **ကမ္မဇရုပ်ကို** ဖြစ်စေ၏။

<u>စိတ်</u> = (အရူပဝိပါက်–၄၊ ဒွေပဉ္စဝိညာဉ်–၁၀၊ ရဟန္တာတို့ စုတိ၊ အလုံးစုံသော ပဋိသန္ဓေကြဉ်သော) **စိတ် ၇၅–ပါး၊ စေတသိက် ၅၂–ပါးသည် ရုပ်ကိုဖြစ်စေသောစိတ်** မည်၏။

= ထိုစိတ်သည် ပဉ္စဝေါကာရ ၂၆–ဘုံ၌ ပဋိသန္ဓေနောင် ပထမဘဝင် ဥပါဒ်မှစ၍ ပဝတ္တိအခါ စိတ် ဥပါဒ်တိုင်း ဥပါဒ်တိုင်း ဣန္ဒြိယ ဗဒ္ဓသန္တာန်၌ **စိတ္တဇရုပ်ကို** ဖြစ်စေ၏။

<u>ဥတု</u> = ချမ်းအေးမှု၊ ပူနွေးမှု မီးနှစ်ပါးဟုဆိုအပ်သော **တေဇောဓာတ် သည် ရုပ်ကို ဖြစ်စေသော ဥတု**မည်၏။

= ထိုဥတုသည် (အဇ္ဈတ္တသန္တာန်ဝယ်) ကာမဘုံ၊ ရူပဘုံ၌ ပဋိသန္ဓေ၏ ဌီခဏမှစ၍ ပဝတ္တိအခါ မိမိဌီရောက်ရာ ခဏတိုင်း ခဏတိုင်း ဥတုဇရုပ် ၁၃–ပါးကို ဖြစ်စေ၏။

(ဗဟိဒ္ဓသန္တာန်ဝယ်) မိမိဌီသို့ရောက်ရာ ခဏတိုင်း ခဏတိုင်း ဥတုဇ ရုပ်ကို ဖြစ်စေ၏။

http://www.dhammadownload.com



အာဟာရ = ကဗဠီကာရာဟာရ ဩဇာရုပ်သည် ရုပ်ကိုဖြစ်စေသော အာဟာရ မည်၏။

= ထိုအာဟာရသည် အဇ္ဈတ္တ၊ ဗဟိဒ္ဓ အာဟာရနှစ်ပါး အချင်းချင်း ဌီသို့ ရောက်၍ ရောနှောမိက ကာမဘုံ၌ ပဝတ္တိအခါ အဇ္ဈတ္တသန္တာန် ဝယ် ခဏတိုင်း ခဏတိုင်း အာဟာရဇရုပ်ကို ဖြစ်စေ၏။

---

## ပဥ္စဝေါကာရ ၂၆-ဘုံ၌ ၇၅-ပါးသောစိတ်တို့ ဆောင်ရွက်သောကိစ္စ

## (ဇနကသင်္ဂဟ)

စိတ္တဇရုပ်နှင့်တကွ တစ်ပါးသောကိစ္စကို ဆောင်ရွက်ကြသောစိတ်များ-

* မနောဓာတ်-၃၊ တဒါရုံ-၁၁၊ ရူပဝိပါက်-၅ = ပေါင်း ၁၉-ပါးသော စိတ်တို့သည် စိတ္တဇရုပ်သက်သက်ကို ဖြစ်စေ၏။

* (အဘိညာဥ်ဒွေကြဉ်သော) အပ္ပနာဇော ၂၆-ပါးသည် ရုပ်နှင့်ဣရိယာပုထ် လေးပါးကို ထောက်ပံ့ ခိုင်ခံ့စေသည်။

* မနောဒွါရာဝဇ္ဇန်း-၁၊ ကာမဇော-၂၉၊ အဘိညာဥ်ဒွေ = ပေါင်း ၃၂-ပါး သောစိတ်တို့သည် ရုပ်၊ ဣရိယာပုထ်၊ ကာယဝိညတ်၊ ဝစီဝိညတ်ရုပ်များ ကို ဖြစ်စေသည်။

* လောဘမူ သောမနဿ-၄၊ မဟာကုသိုလ် သောမနဿ-၄ = ပေါင်း ၈-ပါးသော စိတ်တို့ဖြင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့ ပြုံးရယ်ကြ၏။

* လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ် သောမနဿ-၂၊ မဟာကုသိုလ်သောမနဿ- ၄ = ပေါင်း ၆-ပါးသော စိတ်တို့ဖြင့် သေက္ခပုဂ္ဂိုလ်တို့ ပြုံးရယ်ကြ၏။

* ဟသိတုပ္ပါဒ်-၁၊ မဟာကြိယာ သောမနဿ-၄ = ပေါင်း ၅-ပါးသော စိတ်တို့ဖြင့် ဘုရား ရဟန္တာတို့ ပြုံးရယ်ကြ၏။

* ဒေါသမူစိတ် ၂-ပါးဖြင့် ငိုကြွေး ငြီးတွားကြ၏။

* ဒွေပဥ္စဝိညာဉ်- ၁၀၊ အရူပဝိပါက်-၄၊ ရဟန္တာတို့ စုတိ၊ အလုံးစုံသော ပဋိသန္ဓေ= ပေါင်း ၁၆-ပါးသော စိတ်တို့သည် ဘာကိုမျှ မဖြစ်စေသော စိတ် မည်၏။

http://www.dhammadownload.com



## နေကာသင်္ဂဟ (ဒုတိယအလွှာ)

* မနောဓာတ်–၃၊ တဒါရုံ–၁၁၊ ရူပဝိပါက်–၅ = ပေါင်း ၁၉–ပါးသော စိတ်တို့သည် ရုပ်သက်သက် ၁–ကိစ္စ တပ်၏။

* (အဘိညာဉ်ကြဉ်သော) အပ္ပနာဇော ၂၆–ပါးသည် ရုပ်၊ ဣရိယာပုထ် = ပေါင်း ၂–ကိစ္စ တပ်၏။

* မနောဒွါရာဝဇ္ဇန်း–၁၊ ကာမဇော–၂၉၊ အဘိညာဉ်ဒွေ = ပေါင်း ၃၂–ပါးသော စိတ်တို့သည် ရုပ်၊ ဣရိယာပုထ်၊ ဝိညတ် = ပေါင်း ၃–ကိစ္စတပ်၏။

* လောဘမူ သောမနဿ–၄၊ မဟာကုသိုလ် သောမနဿ–၄၊ ဟသိတုပ္ပါဒ်–၁၊ မဟာကြိယာ သောမနဿ–၄ = ပေါင်း ကာမ သောမနဿ ၁၃–ပါးသည် ရုပ်၊ ဣရိယာပုထ်၊ ဝိညတ်၊ ပြုံးရယ်တတ် = ပေါင်း ၄–ကိစ္စ တပ်၏။

* ဒေါသမူစိတ် ၂–ပါးသည် ရုပ်၊ ဣရိယာပုထ်၊ ဝိညတ်၊ ငိုကြွေး ငြီးတွားကြ = ပေါင်း ၄–ကိစ္စ တပ်၏။

* ဒွေပဉ္စဝိညာဉ်– ၁၀၊ အရူပဝိပါက်– ၄၊ ရဟန္တာတို့ စုတိ၊ အလုံးစုံသော ပဋိသန္ဓေ = ပေါင်း ၁၆–ပါးသော စိတ်တို့သည် မည်သည့်ကိစ္စမျှ မတပ်။

## ၅။ ရူပ ပဝတ္တိက္ကမ

### (က) ကာမဘုံသားတို့၏ ပဋိသန္ဓေအခိုက် ရုပ်တို့၏ဖြစ်ပုံ

♦ သံသေဒဇ ၊ ဥပပါတ် ပဋိသန္ဓေအခိုက်–

**(မိန်းမဖြစ်အံ့)**

* ဇီဝိတနဝက ကလာပ် ၁–စည်း၊ ပုမ္ဘာဝ ဒသက ကလာပ် ၁–စည်း ကြဉ်သော် ကမ္မဇကလာပ် ၇–စည်း ရ၏။

**(ယောကျ်ားဖြစ်အံ့)**

* ဇီဝိတနဝက ကလာပ် ၁–စည်း၊ ဣတ္ထိဘာဝ ဒသက ကလာပ် ၁–စည်း

http://www.dhammadownload.com



ကြည်သော ကမ္မဇကလာပ် ၇–စည်း ရ၏။

* (စက္ခုဒသက ကလာပ်၊ သောတဒသက ကလာပ်၊ ဃာနဒသက ကလာပ်၊ ဘာဝဒသက ကလာပ်– ရံခါ ချို့ကောင်းသဖြင့်) ကမ္မဇကလာပ် ၆–စည်း၊ ၅–စည်း၊ ၄–စည်း၊ ၃–စည်း ရ၏။

♦ **ဇလာဗုဇ၊ အဏ္ဍဇ (ခေါ်) ဂဗ္ဘသေယျက ပဋိသန္ဓေအခိုက်–**

**(မိန်းမဖြစ်အံ့)**

* ကာယဒသက ကလာပ် ၁–စည်း၊ ဣတ္ထိဘာဝဒသက ကလာပ် ၁–စည်း၊ ဝတ္ထုဒသက ကလာပ် ၁–စည်း = ပေါင်း ကမ္မဇကလာပ် ၃–စည်း ရ၏။

**(ယောကျ်ားဖြစ်အံ့)**

* ကာယဒသက ကလာပ် ၁–စည်း၊ ပုမ္ဘာဝဒသက ကလာပ် ၁–စည်း၊ ဝတ္ထုဒသက ကလာပ် ၁–စည်း= ပေါင်း ကမ္မဇကလာပ် ၃–စည်း ရ၏။

**(နပုံးဖြစ်အံ့)**

* ကာယဒသက ကလာပ် ၁–စည်း၊ ဝတ္ထု ဒသက ကလာပ် ၁–စည်း= ပေါင်း ကမ္မဇကလာပ် ၂–စည်း ရ၏။

## ဂဗ္ဘသေယျက သတ္တာဟဖြစ်စဉ်

ကလလရေကြည် ၇–ရက်၊ အမြှုပ် ၇–ရက်၊ အစိုင်အခဲ ၇–ရက်၊ သားတစ် ၇–ရက်၊ ခက်မငါးဖြာ ၇–ရက်၊ ခက်မရင့်မာ ၃၅–ရက်၊ ၁၁– သတ္တာဟမြောက် နောက်ဆုံး ၇၇–ရက်၌ စက္ခုဒသက ကလာပ် ၁–စည်း၊ သောတဒသက ကလာပ် ၁–စည်း၊ ဃာနဒသက ကလာပ် ၁–စည်း၊ ဇိဝှါဒသက ကလာပ် ၁–စည်း = ပေါင်း ဒသက ကလာပ် ၄–စည်း ရ၏။

* **ကာမ ၁၁–ဘုံ၌–ရုပ်ပေါင်း ၂၈–ပါး ရ၏။**

– ဒသကကလာပ်များမှ ယှဉ်ပြီးဖြစ်၍ ဇီဝိတနဝက ကလာပ် သီးခြား မရသောကြောင့် ကလာပ် ၂၀–စည်း ရ၏။

http://www.dhammadownload.com



## ယောနိ လေးပါး "အမျိုးဇာတ်"

သံသေဒဇပဋိသန္ဓေ၊ ဥပပါတ်ပဋိသန္ဓေ၊ ဇလာဗုဇပဋိသန္ဓေ၊ အဏ္ဍဇ ပဋိသန္ဓေ = ပေါင်း **ယောနိ လေးပါး၊ အမျိုးဇာတ် လေးပါး**။

* အညှိ၌ စွဲ၍ဖြစ်သော သတ္တဝါမျိုးသည် **သံသေဒဇ** မည်၏။
* ကိုယ်ထင်ရှားဖြစ်သော သတ္တဝါမျိုးသည် **ဥပပါတ်** မည်၏။
* အမိဝမ်း၌ဖြစ်သော သတ္တဝါမျိုးသည် **ဇလာဗုဇ** မည်၏။
* အဥ၌ဖြစ်သော သတ္တဝါမျိုးသည် **အဏ္ဍဇ** မည်၏။

♦ (ဘုမ္မဖိုဝ်းနတ်ကြဉ်သော်) ကြွင်း ကာမနတ်၊ ပြိတ္တာ၊ နိဇ္ဈာမတဏှိကပြိတ္တာ၊ ငရဲဘုံသားတို့သည် ဥပပါတ် ပဋိသန္ဓေတစ်ပါးသာ ရ၏။

♦ ဘုမ္မဖိုဝ်းနတ်၊ လူ၊ တိရစ္ဆာန်၊ (နိဇ္ဈာမတဏှိကပြိတ္တာမှတစ်ပါး) ကြွင်းပြိတ္တာတို့သည် ယောနိ လေးပါးလုံး ရ၏။

* **ကာမသုဂတိ ရ-ဘုံမှ ဥပပါတ်ပုဂ္ဂိုလ်တို့အား - မည်သည့်ဒသကမျှ မချို့။**
* ကမ္ဘာဦးလူ ဥပပါတ်ပုဂ္ဂိုလ်တို့အား - ဘာဝဒသက ချို့ကောင်း၏။
* (ဒုဂ္ဂတိသံသေဒဇမှ) ကြွင်းသော သံသေဒဇပုဂ္ဂိုလ်တို့အား - စက္ခု၊ သောတ၊ ဃာန ဒသက ချို့ကောင်း၏။
* ဒုဂ္ဂတိဥပပါတ် ပုဂ္ဂိုလ်တို့အား - စက္ခု၊ သောတ၊ ဘာဝဒသက ချို့ကောင်း၏။
* **ဒုဂ္ဂတိ သံသေဒဇနှင့် ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား** - စက္ခု၊ သောတ၊ ဃာန၊ ဘာဝဒသက ချို့ကောင်း၏။

## ၅။ (ခ) ရုပ်တို့၏ ဖြစ်ပုံ-ချုပ်ပုံ

♦ ကာမဘုံသားတို့၏ ရုပ်စ၍ ဖြစ်ရာ-

* ကာမဘုံသားတို့အား ပဋိသန္ဓေ၏ ဥပါဒ်ခဏာမှစ၍ ပဋိသန္ဓေ၊ ပဝတ္တိအခါ ခဏတိုင်း ခဏတိုင်း ကမ္မဇရုပ်တို့ ဖြစ်ပေါ်၏။

http://www.dhammadownload.com



* ပဋိသန္ဓေနောင် ပထမဘွင် ဥပါဒ်မှစ၍ စိတ္တဇအဋ္ဌကလာပ်တို့ ဖြစ်ပေါ်၏။
* ပဋိသန္ဓေ၏ ဌီခဏမှစ၍ ဥတုဇအဋ္ဌကလာပ်တို့ ဖြစ်ပေါ်၏။
* ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား ၂-သတ္တာဟ၊ ၃-သတ္တာဟအခါ၌ အမိစား အပ်သော ရသဓာတ်ရည် စိုစွတ်စိမ့်ဝင်သောအခါမှစ၍ အာဟာရဇအဋ္ဌ ကလာပ်တို့ဖြစ်ပေါ်၏။

သံသေဒဇ- ဥပပါတ်ပုဂ္ဂိုလ်တို့အား မိမိတံတွေးကို မျိုသောအခါ၊ အစာ တစ်ခုခု မျိုသောအခါမှစ၍ အာဟာရဇအဋ္ဌကလာပ်တို့ ဖြစ်ပေါ်၏။

## ♦ ကာမဘုံသားတို့၏ ရုပ်ကလာပ်ချုပ်ငြိမ်းရာ-

* ကာမဘုံသားတို့အား ကမ္မဇရုပ်တို့သည် စုတိစိတ်နှင့်ပြိုင်၍ ချုပ်သဖြင့် စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက် စိတ်၏ ဌီခဏမှစ၍ ကမ္မဇ ရုပ်သစ် မဖြစ်ပြီ။
(၁၇-ချက်မြောက် စိတ်၏ဥပါဒ်၌ ကမ္မဇရုပ်သစ် နောက်ဆုံးဖြစ်၏။)
* စိတ္တဇရုပ်တို့သည် စုတိနောက် စိတ္တက္ခဏ ၁၆-ချက်(ခဏငယ် ၄၈-ချက်) ခန့်ကြာမှ ချုပ်၏။
* ဥတုဇရုပ်တို့သည် အကောင်ပုပ်ဖြစ်၍ ကမ္ဘာမြေစာအထိ အဆင့်ဆင့်ဖြစ်၏။
* အာဟာရဇရုပ်တို့သည် စုတိနောက် စိတ္တက္ခဏ ၁၆-ချက်ခန့်သာသာ (ခဏငယ်-၅၀)ကြာမှ ချုပ်၏။

## ♦ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ ရူပပြဝတ္တိရုပ်ဖြစ်စဉ်

* (အသညသတ်ကြဉ်သော) ရူပပြဟ္မာတို့အား ပဋိသန္ဓေ၏ ဥပါဒ်ခဏမှ စ၍ ပဋိသန္ဓေ ပဝတ္တိအခါ ခဏတိုင်း ခဏတိုင်း၌ ဇီဝိတနဝက ကလာပ် ၁- စည်း၊ စက္ခုဒသက ကလာပ် ၁-စည်း၊ သောတဒသက ကလာပ် ၁- စည်း၊ ဝတ္ထုဒသက ကလာပ် ၁-စည်း = ပေါင်း ကမ္မဇကလာပ် ၄-စည်း တို့ ဖြစ်ပေါ်၏။
* ပဋိသန္ဓေနောင် ပထမဘွင်၏ ဥပါဒ်မှစ၍ စိတ္တဇအဋ္ဌကလာပ်တို့ ဖြစ်ပေါ်၏။
* ပဋိသန္ဓေ၏ ဌီခဏမှစ၍ ဥတုဇအဋ္ဌကလာပ်တို့ ဖြစ်ပေါ်၏။

http://www.dhammadownload.com



* (အသညသတ်ကြဉ်သော်) ရူပ ၁၅–ဘုံ၌ (ဃာနဒသက၊ ဇိဝှါဒသက၊ ကာယဒသက၊ ဘာဝဒသက ကလာပ်ကြဉ်သော်) ကမ္မဇကလာပ် ၄–စည်း၊ စိတ္တဇကလာပ် ၆–စည်း၊ ဥတုဇကလာပ် ၄–စည်း = ပေါင်း ကလာပ် ၁၄–စည်း၊ ရုပ်ပေါင်း ၂၃–ပါး ရ၏။

♦ **အသညသတ် (ပဋိသန္ဓေ၊ ပဝတ္တိ)ရုပ်ဖြစ်စဉ်**

* **အသညသတ်ဗြဟ္မာတို့အား**
– ပဋိသန္ဓေအခါ ဇီဝိတနဝကကလာပ် ၁–စည်း၊
– ပဝတ္တိအခါ ဇီဝိတနဝက ကလာပ် ၁–စည်း၊ ဥတုဇကလာပ် ၄–စည်းမှ သုဒ္ဓဋ္ဌက ကလာပ် ၁–စည်း၊ လဟုတာဒိ ဧကာဒသက ကလာပ် ၁–စည်း = ပေါင်း ကလာပ် ၃–စည်း၊ ရုပ်ပေါင်း ၁၇–ပါး ရ၏။

♦ **ရူပဗြဟ္မာ ရုပ်ကလာပ်ချုပ်ငြိမ်းပုံ**

* ကမ္မဇရုပ်တို့သည် စုတိစိတ်နှင့်ပြိုင်၍ ချုပ်သဖြင့် စုတိစိတ်မှ ပြန်၍ ရေသော် ၁၇–ချက်မြောက်စိတ်၏ ဠီမှစ၍ ကမ္မဇရုပ်သစ် မဖြစ်ပြီ။

* စိတ္တဇရုပ်တို့သည် စုတိစိတ်နောက် စိတ္တခဏ ၁၆–ချက် (ခဏငယ် ၄၈–ချက်)ခန့်ကြာမှ ချုပ်၏။

* ဥတုဇရုပ်တို့သည် စုတိစိတ်နောက် လက်ဖျစ်တစ်တွက် လျှပ်တစ်ပြက် ကာလအတွင်း ချုပ်၏။

♦ <u>ဣန္ဒြိယဗဒ္ဓ(အဇ္ဈတ္တ)သန္တာန်၌</u> ကမ္မဇကလာပ် ၉–စည်း၊ စိတ္တဇကလာပ် ၆–စည်း၊ ဥတုဇကလာပ် ၄–စည်း၊ အာဟာရဇကလာပ် ၂–စည်း = ပေါင်း ကလာပ် ၂၁–စည်း၊ ရုပ်ပေါင်း ၂၈–ပါး ရ၏။

♦ <u>ဗဟိဒ္ဓသန္တာန်(မတကာယ)၌</u> ဥတုဇကလာပ် ၄–စည်းမှ သုဒ္ဓဋ္ဌက ကလာပ် ၁–စည်း၊ သဒ္ဒနဝက ကလာပ် ၁–စည်း = ပေါင်း ကလာပ် ၂–စည်း၊ ရုပ်ပေါင်း ၉–ပါး ရ၏။

♦ <u>ကမ္ဘာဦးလူ(အာဒိကပ္ပိက)ပုဂ္ဂိုလ်တို့၌</u> (ဘာဝဒသက ကလာပ်ကြဉ်သော်) ကမ္မဇကလာပ် ၇–စည်း၊ စိတ္တဇကလာပ် ၆–စည်း၊ ဥတုဇကလာပ် ၄–

http://www.dhammadownload.com



စည်း = ပေါင်း ကလာပ် ၁၇-စည်း၊ ရုပ်ပေါင်း ၂၆-ပါး ရ၏။

♦ ဥပပါတ်တို့ စုတိက မျက်စိတမှိတ်၊ လျှပ်တစ်ပြက်အတွင်း အချင်းခပ်သိမ်း ရုပ်ခန္ဓာ ကွယ်ပျောက်၏။

♦ အသည်းသတ်ကြည့်သော် ရုပပြဟ္မာတို့အား ပဝတ္တိအခါ သဒ္ဒပါသော ဥတုဇ ကလာပ် ၂-စည်း၊ ဝိညတ်ပါသော စိတ္တဇကလာပ် ၄-စည်း = ပေါင်း ၆-စည်းတို့သည် ကိုယ်အင်္ဂါ လှုပ်ရှားခြင်း၊ စကားပြောဆိုခြင်း၊ ကိုယ်မှာ အသံဖြစ်ခြင်း ရှိသောအခါမှ ဖြစ်ကြကုန်၏။

---

## နိဗ္ဗာန်

(၁) လပြည့်ဝန်းကို မျက်စိဖြင့် ဒိဋ္ဌပစ္စက္ခ မြင်ရသလို မဂ်ဉာဏ် ၄-ပါးတည်းဟူသော ဓမ္မစက္ခုဖြင့် ဒိဋ္ဌပစ္စက္ခ မြင်အပ် မျက်မှောက်ပြုအပ်၏။

(၂) မဂ်, ဖိုလ်, ဂေါတြဘူ, ဝေါဒါန်, အာဝဇ္ဇန်း, ပစ္စဝေက္ခဏာဇောတို့၏ အာရုံ ဖြစ်၏။

(၃) လောကုတ္တရာဓာတ် ဖြစ်၍

(၄) တဏှာ၏ အာရုံပြုခြင်း မခံရသော တရားဖြစ်၏။

နိဗ္ဗာန်သည် ငြိမ်းအေးခြင်း သန္တိလက္ခဏာဟူသော မိမိ၏ သဘော လက္ခဏာ တစ်ပါးသာ ရှိ၏။

♦ *မှတ်သားကြောင်း ပရိယာယ်အားဖြင့်*-

သဉပါဒိသေသ နိဗ္ဗာန်၊ အနုပါဒိသေသ နိဗ္ဗာန်ဟု နှစ်ပါးအပြားရှိ၏။

* ဝိပါက်ကမ္မဇရုပ် ခန္ဓာကြွင်းရှိလျက် ခံစံအပ်, အာရုံပြုအပ်သော ကိလေသ နိဗ္ဗာန်၊ ဒိဋ္ဌဓမ္မိကနိဗ္ဗာန်တို့သည် သဉပါဒိသေသ နိဗ္ဗာန် မည်၏။

* ခန္ဓာကြွင်းမရှိ အဆုံးစွန် ပရိနိဗ္ဗာန်စံမှုဖြစ်သော ခန္ဓနိဗ္ဗာန်၊ သမ္ပရာယိက နိဗ္ဗာန်သည် အနုပါဒိသေသ နိဗ္ဗာန် မည်၏။

http://www.dhammadownload.com



♦ *အခြင်းအရာအပြားအားဖြင့်* –

သုညတ နိဗ္ဗာန်၊ အနိမိတ္တ နိဗ္ဗာန်၊ အပ္ပဏိဟိတ နိဗ္ဗာန် ဟု သုံးပါး အပြား ရှိ၏။

* ရာဂစသော ကြောင့်ကြဖွယ် ပလိဗောဓအမျိုးမျိုးမှ ကင်းငြိမ်းသုဉ်းဆိတ်သော နိဗ္ဗာန်သည် သုညတ နိဗ္ဗာန် မည်၏။
* ရာဂနိမိတ်စသော ဘေးရန်အပေါင်းနှင့် မဆက်ဆံသော နိဗ္ဗာန်သည် အနိမိတ္တ နိဗ္ဗာန် မည်၏။
* အာသာ, တဏှာစသော တောင့်တမှု, ပူပန်မှုတို့၏ မဆက်ဆံသော နိဗ္ဗာန် သည် အပ္ပဏိဟိတ နိဗ္ဗာန် မည်၏။

**ရုပ်ပိုင်း (ဆိုရိုး) ပြီး၏။**

http://www.dhammadownload.com

# ၇။ သမုစ္စည်းပိုင်း

ပရမတ္ထတရားတို့ကို သဘောတူ စုစည်းပြရာသည် သမုစ္စည်းပိုင်း မည်၏။

## တရားကိုယ်ရကြသော ဝတ္ထုဓမ္မ

စိတ်–၁၊ စေတသိက် ၅၂–ဟုဆိုအပ်သော နာမ်တေပညာသ၊ နိပ္ဖန္နရုပ်–၁၈၊ နိဗ္ဗာန်–၁ = ပေါင်း ၇၂–ပါးသည် တရားကိုယ်ရကြသော ဝတ္ထုဓမ္မ မည်၏၊ ပရမတ္ထဓမ္မမည်၏။

## တရားကိုယ် မရကြသော အဝတ္ထုဓမ္မ

အနိပ္ဖန္နရုပ် ၁၀–ပါးသည် တရားကိုယ် မရကြသော အဝတ္ထုဓမ္မ မည်၏၊ ပညတ္တိဓမ္မ မည်၏။

## သင်္ဂဟာလေးပါး

၁။ အကုသလ သင်္ဂဟ
၂။ မိဿက သင်္ဂဟ
၃။ ဗောဓိပက္ခိယ သင်္ဂဟ
၄။ သဗ္ဗ သင်္ဂဟ = ပေါင်း သင်္ဂဟ ၄–ပါး။

## ၁။ အကုသလသင်္ဂဟ = ဒိဋ္ဌိသင်္ဂဟ = ပါပသင်္ဂဟ

### တရား (၉)ပါး

- အာသဝ၊ ဩဃ၊ ယောဂ၊ ကာယဂန္ထ၊ ဥပါဒါန်၊ နီဝရဏ၊ အနုသယ၊ သံယောဇဉ်၊ ကိလေသာ = ပေါင်း အကုသလသင်္ဂဟ တရား ၉–ပါး။
- အာသဝတရား ၄–ပါး၊ ဩဃတရား ၄–ပါး၊ ယောဂတရား ၄–ပါး၊ ကာယဂန္ထတရား ၄–ပါး၊ ဥပါဒါန်တရား ၄–ပါး၊ နီဝရဏတရား ၆–ပါး၊ အနုသယတရား ၇–ပါး၊ သံယောဇဉ်တရား ၁၀–ပါး၊ ကိလေသာတရား ၁၀–ပါး။

http://www.dhammadownload.com



(၁) အာသဝတရား ၄-ပါး၊ တရားကိုယ် ၃-ပါး

* ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ = ပေါင်း အာသဝတရား ၄-ပါး။

* ကာမာသဝ၊ ဘဝါသဝသည် - လောဘ တရားကိုယ်
ဒိဋ္ဌာသဝသည် - ဒိဋ္ဌိ တရားကိုယ်
အဝိဇ္ဇာသဝသည် - မောဟ တရားကိုယ်
ပေါင်း တရားကိုယ် ၃-ပါး ရ၏။

(၂) ဩဃတရား ၄-ပါး၊ တရားကိုယ် ၃-ပါး

* ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ = ပေါင်း ဩဃတရား ၄-ပါး။

* ကာမောဃ၊ ဘဝေါဃသည် - လောဘ တရားကိုယ်
ဒိဋ္ဌောဃသည် - ဒိဋ္ဌိ တရားကိုယ်
အဝိဇ္ဇောဃသည် - မောဟ တရားကိုယ်
ပေါင်း တရားကိုယ် ၃-ပါး ရ၏။

(၃) ယောဂတရား ၄-ပါး၊ တရားကိုယ် ၃-ပါး

* ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂ = ပေါင်း ယောဂ တရား ၄-ပါး။

* ကာမယောဂ၊ ဘဝယောဂသည် - လောဘ တရားကိုယ်
ဒိဋ္ဌိယောဂသည် - ဒိဋ္ဌိ တရားကိုယ်
အဝိဇ္ဇာယောဂသည် - မောဟ တရားကိုယ်
ပေါင်း တရားကိုယ် ၃-ပါး ရ၏။

(တစ်နည်း)

အာသဝ၊ ဩဃ၊ ယောဂ တရား ၄-ပါးစီ၊ တရားကိုယ် ၃-ပါးစီ

* ကာမာသဝ - ဘဝါသဝ
ကာမောဃ - ဘဝေါဃ
ကာမယောဂ - ဘဝယောဂ
} သည် = လောဘ တရားကိုယ်

http://www.dhammadownload.com



ဒိဋ္ဌာသဝ၊ ဒိဋ္ဌောဃ၊ ဒိဋ္ဌိယောဂ သည် – ဒိဋ္ဌိ တရားကိုယ်
အဝိဇ္ဇာသဝ၊ အဝိဇ္ဇောဃ၊ အဝိဇ္ဇာယောဂ သည် – မောဟ တရားကိုယ်
ပေါင်း တရားကိုယ် (၃)ပါးစီ ရ၏။

(၄) ကာယဂန္ထတရား ၄-ပါး။ တရားကိုယ် ၃-ပါး

* အဘိဇ္ဈာကာယဂန္ထ၊ ဗျာပါဒကာယဂန္ထ၊ သီလဗ္ဗတပရာမာသကာယဂန္ထ၊ ဣဒံသစ္စာဘိနိဝေသကာယဂန္ထ = ပေါင်း ကာယဂန္ထတရား ၄–ပါး။

* အဘိဇ္ဈာကာယဂန္ထ သည် – လောဘ တရားကိုယ်
ဗျာပါဒ ကာယဂန္ထ သည် – ဒေါသ တရားကိုယ်
သီလဗ္ဗတပရာမာသကာယဂန္ထ
ဣဒံသစ္စာဘိနိဝေသကာယဂန္ထ } သည် – ဒိဋ္ဌိ တရားကိုယ်
ပေါင်း တရားကိုယ် ၃–ပါး ရ၏။

(၅) ဥပါဒါန်တရား ၄-ပါး။ တရားကိုယ် ၂-ပါး

* ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် = ပေါင်း ဥပါဒါန်တရား ၄–ပါး။

* ကာမုပါဒါန်သည် – လောဘ တရားကိုယ်
ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်သည်– ဒိဋ္ဌိ တရားကိုယ်
ပေါင်း တရားကိုယ် ၂–ပါး ရ၏။

(၆) နီဝရဏတရား ၆-ပါး။ တရားကိုယ် ၈-ပါး

* ကာမစ္ဆန္ဒ နီဝရဏ၊ ဗျာပါဒ နီဝရဏ၊ ထိန–မိဒ္ဓ နီဝရဏ၊ ဥဒ္ဓစ္စ– ကုက္ကုစ္စ နီဝရဏ၊ ဝိစိကိစ္ဆာ နီဝရဏ၊ အဝိဇ္ဇာ နီဝရဏ = ပေါင်း နီဝရဏ တရား ၆–ပါး။

* ကာမစ္ဆန္ဒ နီဝရဏသည် – လောဘ တရားကိုယ်
ဗျာပါဒ နီဝရဏသည် – ဒေါသ တရားကိုယ်
ထိန–မိဒ္ဓ နီဝရဏသည် – ထိနတရားကိုယ်၊ မိဒ္ဓတရားကိုယ်
ဥဒ္ဓစ္စ–ကုက္ကုစ္စ နီဝရဏသည် – ဥဒ္ဓစ္စတရားကိုယ်၊ ကုက္ကုစ္စတရားကိုယ်
ဝိစိကိစ္ဆာ နီဝရဏသည် – ဝိစိကိစ္ဆာ တရားကိုယ်

http://www.dhammadownload.com



အဝိဇ္ဇာ နီဝရဏသည် - မောဟ တရားကိုယ်
ပေါင်း တရားကိုယ် (၈)ပါး ရ၏။

(၇) အနုသယတရား ၇-ပါး၊ တရားကိုယ် ၆-ပါး

* ကာမရာဂါနုသယ၊ ဘဝရာဂါနုသယ၊ ပဋိဃာနုသယ၊ မာနာနုသယ၊ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ၊ အဝိဇ္ဇာနုသယ = ပေါင်း အနုသယတရား ၇-ပါး။

* ကာမရာဂါနုသယ၊ ဘဝရာဂါနုသယသည် - လောဘ တရားကိုယ်
ပဋိဃာနုသယသည် - ဒေါသ တရားကိုယ်
မာနာနုသယသည် - မာန တရားကိုယ်
ဒိဋ္ဌာနုသယသည် - ဒိဋ္ဌိ တရားကိုယ်
ဝိစိကိစ္ဆာနုသယသည် - ဝိစိကိစ္ဆာ တရားကိုယ်
အဝိဇ္ဇာနုသယသည် - မောဟ တရားကိုယ်
ပေါင်း တရားကိုယ် (၆)ပါး ရ၏။

(၈) သုတ္တန်နည်း သံယောဇဉ်တရား ၁၀-ပါး၊ တရားကိုယ် ၇-ပါး

* ကာမရာဂသံယောဇဉ်၊ ရူပရာဂသံယောဇဉ်၊ အရူပရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်၊ မာနသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတ ပရာမာသသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ ဥဒ္ဓစ္စသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ် = ပေါင်း သုတ္တန်နည်း သံယောဇဉ်တရား ၁၀-ပါး။

* ကာမရာဂသံယောဇဉ်၊ ရူပရာဂသံယောဇဉ်၊
အရူပရာဂသံယောဇဉ်သည် - လောဘ တရားကိုယ်
ပဋိဃသံယောဇဉ်သည် - ဒေါသ တရားကိုယ်
မာနသံယောဇဉ်သည် - မာန တရားကိုယ်
ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသ
သံယောဇဉ်သည် - ဒိဋ္ဌိ တရားကိုယ်
ဝိစိကိစ္ဆာသံယောဇဉ်သည် - ဝိစိကိစ္ဆာ တရားကိုယ်
ဥဒ္ဓစ္စသံယောဇဉ်သည် - ဥဒ္ဓစ္စ တရားကိုယ်
အဝိဇ္ဇာသံယောဇဉ်သည် - မောဟ တရားကိုယ်
ပေါင်း တရားကိုယ် (၇)ပါး ရ၏။

http://www.dhammadownload.com



အဘိဓမ္မာနည်း သံယောဇဉ်တရား ၁၀-ပါး၊ တရားကိုယ် ၈-ပါး

* ကာမရာဂသံယောဇဉ်၊ ဘဝရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်၊ မာန သံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသသံယောဇဉ်၊ ဣဿာ သံယောဇဉ်၊ မစ္ဆရိယသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ် = ပေါင်း အဘိဓမ္မာနည်း သံယောဇဉ်တရား (၁၀) ပါး။

* ကာမရာဂသံယောဇဉ်၊ ဘဝရာဂသံယောဇဉ်သည် - လောဘ တရားကိုယ်
ပဋိဃသံယောဇဉ်သည် - ဒေါသ တရားကိုယ်
မာနသံယောဇဉ်သည် - မာန တရားကိုယ်
ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ်သည် - ဒိဋ္ဌိ တရားကိုယ်
ဣဿာသံယောဇဉ်သည် - ဣဿာ တရားကိုယ်
မစ္ဆရိယသံယောဇဉ်သည် - မစ္ဆရိယ တရားကိုယ်
ဝိစိကိစ္ဆာသံယောဇဉ်သည် - ဝိစိကိစ္ဆာ တရားကိုယ်
အဝိဇ္ဇာသံယောဇဉ်သည် - မောဟ တရားကိုယ်
ပေါင်း တရားကိုယ် (၈)ပါး ရ၏။

(၉) ကိလေသာတရား ၁၀-ပါး၊ တရားကိုယ် ၁၀-ပါး

* လောဘကိလေသာ၊ ဒေါသကိလေသာ၊ မောဟကိလေသာ၊ မာနကိလေသာ၊ ဒိဋ္ဌိကိလေသာ၊ ဝိစိကိစ္ဆာကိလေသာ၊ ထိနကိလေသာ၊ ဥဒ္ဓစ္စကိလေသာ၊ အဟိရိကကိလေသာ၊ အနောတ္တပ္ပကိလေသာ = ပေါင်း ကိလေသာတရား ၁၀- ပါး။

* တရားကိုယ် ၁၀-ပါး ရ၏။

♦ <u>ကိလေသာအကျယ် - ၁၅၀၀ (ရေတွက်ပုံ)</u>

နာမ် + နိ + လက်ကို တည်၊
ကိ, သန္တာန် နှင့် မြှောက်၊
၁၅၀၀- ရောက်။

http://www.dhammadownload.com



## ၂။ မိဿက သင်္ဂဟ

ကုသိုလ်၊ အကုသိုလ်၊ အဗျာကတတို့ကို ရောနှော၍ ပြရာသည့် သမုစ္စည်းပိုင်း မိဿက သင်္ဂဟ မည်၏။

<u>တရား (၇)ပါး</u>

♦ ဟိတ်၊ ဈာနင်၊ မဂ္ဂင်၊ ဣန္ဒြေ၊ ဗိုလ်၊ အဓိပတိ၊ အာဟာရ–ပေါင်း မိဿက သင်္ဂဟတရား ၇–ပါး။

♦ ဟိတ် ၆–ပါး၊ ဈာနင် ၇–ပါး၊ မဂ္ဂင် ၁၂–ပါး၊ ဣန္ဒြေ ၂၂–ပါး၊ ဗိုလ် ၉–ပါး၊ အဓိပတိ ၄–ပါး၊ အာဟာရ ၄–ပါး။

(၁) ဟိတ်တရား ၆-ပါး၊ တရားကိုယ် ၆-ပါး

* လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်၊ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ် – ပေါင်း ဟိတ်တရား (၆)ပါး။ တရားကိုယ် (၆)ပါး ရ၏။

(၂) ဈာနင်တရား ၇-ပါး၊ တရားကိုယ် ၅-ပါး

* ဝိတက်ဈာနင်၊ ဝိစာရဈာနင်၊ ပီတိဈာနင်၊ သောမနဿဈာနင်၊ ဒေါမနဿဈာနင်၊ ဥပေက္ခာဈာနင်၊ ဧကဂ္ဂတာဈာနင်= ပေါင်း ဈာနင်တရား ၇– ပါး။

* ဝိတက်ဈာနင်သည် – ဝိတက် တရားကိုယ်
ဝိစာရဈာနင်သည် – ဝိစာရ တရားကိုယ်
ပီတိဈာနင်သည် – ပီတိ တရားကိုယ်
သောမနဿဈာနင်၊ ဒေါမနဿဈာနင်၊ ဥပေက္ခာဈာနင် } သည် – ဝေဒနာ တရားကိုယ်
ဧကဂ္ဂတာဈာနင်သည် – ဧကဂ္ဂတာ တရားကိုယ်
ပေါင်း တရားကိုယ် (၅)ပါး ရ၏။

(၃) မဂ္ဂင်တရား ၁၂-ပါး၊ တရားကိုယ် ၉-ပါး

* သမ္မာဒိဋ္ဌိမဂ္ဂင်၊ သမ္မာသင်္ကပ္ပမဂ္ဂင်၊ သမ္မာဝါစာမဂ္ဂင်၊ သမ္မာကမ္မန္တမဂ္ဂင်၊ သမ္မာအာဇီဝမဂ္ဂင်၊ သမ္မာဝါယာမမဂ္ဂင်၊ သမ္မာသတိမဂ္ဂင်၊ သမ္မာသမာဓိ

http://www.dhammadownload.com



မဂ္ဂင်၊ မိစ္ဆာဒိဋ္ဌိမဂ္ဂင်၊ မိစ္ဆာသင်္ကပ္ပမဂ္ဂင်၊ မိစ္ဆာဝါယာမမဂ္ဂင်၊ မိစ္ဆာသမာဓိ မဂ္ဂင် = ပေါင်း မဂ္ဂင်တရား ၁၂-ပါး။

| | | |
|---|---|---|
| * | သမ္မာဒိဋ္ဌိမဂ္ဂင်သည် | - ပညာ တရားကိုယ် |
| | သမ္မာသင်္ကပ္ပမဂ္ဂင်၊ မိစ္ဆာသင်္ကပ္ပမဂ္ဂင်သည် | - ဝိတက် တရားကိုယ် |
| | သမ္မာဝါစာမဂ္ဂင်သည် | - သမ္မာဝါစာ တရားကိုယ် |
| | သမ္မာကမ္မန္တမဂ္ဂင်သည် | - သမ္မာကမ္မန္တ တရားကိုယ် |
| | သမ္မာအာဇီဝမဂ္ဂင်သည် | - သမ္မာအာဇီဝ တရားကိုယ် |
| | သမ္မာဝါယာမမဂ္ဂင်၊ မိစ္ဆာဝါယာမမဂ္ဂင်သည် | - ဝီရိယ တရားကိုယ် |
| | သမ္မာသတိမဂ္ဂင်သည် | - သတိ တရားကိုယ် |
| | သမ္မာသမာဓိမဂ္ဂင်၊ မိစ္ဆာသမာဓိမဂ္ဂင်သည် | - ဧကဂ္ဂတာ တရားကိုယ် |
| | မိစ္ဆာဒိဋ္ဌိမဂ္ဂင်သည် | - ဒိဋ္ဌိ တရားကိုယ် |

ပေါင်း တရားကိုယ် (၉)ပါး ရ၏။

(၄) ဣန္ဒြေတရား ၂၂-ပါး၊ တရားကိုယ် ၁၆-ပါး

* စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဇီဝိတိန္ဒြေ၊ မနိန္ဒြေ၊ သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ။ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ၊ အနညာတညဿာမိတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ = ပေါင်း ဣန္ဒြေတရား၂၂-ပါး။

| | | |
|---|---|---|
| * | စက္ခုန္ဒြေသည် | - စက္ခုပသာဒရုပ် တရားကိုယ် |
| | သောတိန္ဒြေသည် | - သောတပသာဒရုပ် တရားကိုယ် |
| | ဃာနိန္ဒြေသည် | - ဃာနပသာဒရုပ် တရားကိုယ် |
| | ဇိဝှိန္ဒြေသည် | - ဇိဝှာပသာဒရုပ် တရားကိုယ် |
| | ကာယိန္ဒြေသည် | - ကာယပသာဒရုပ် တရားကိုယ် |
| | ဣတ္ထိန္ဒြေသည် | - ဣတ္ထိဘာဝရုပ် တရားကိုယ် |
| | ပုရိသိန္ဒြေသည် | - ပုမ္ဘာဝရုပ် တရားကိုယ် |
| | ဇီဝိတိန္ဒြေသည် | - ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ တရားကိုယ် |
| | မနိန္ဒြေသည် | - စိတ်တရားကိုယ် |

http://www.dhammadownload.com



| | |
|---|---|
| သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ သည် | – ဝေဒနာတရားကိုယ် |
| သဒ္ဓိန္ဒြေသည် | – သဒ္ဓါ တရားကိုယ် |
| ဝီရိယိန္ဒြေသည် | – ဝီရိယ တရားကိုယ် |
| သတိန္ဒြေသည် | – သတိ တရားကိုယ် |
| သမာဓိန္ဒြေသည် | – ဧကဂ္ဂတာ တရားကိုယ် |
| ပညိန္ဒြေ၊ အနညာတညဿာမိတိန္ဒြေ အညိန္ဒြေ၊ အညာတာဝိန္ဒြေ သည် | – ပညာ တရားကိုယ် |

ပေါင်း တရားကိုယ် (၁၆)ပါး ရ၏။

(၅) ဗိုလ်တရား ၉-ပါး၊ တရားကိုယ် ၉-ပါး

* သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်၊ ဟိရီဗိုလ်၊ ဩတ္တပ္ပဗိုလ်၊ အဟိရိကဗိုလ်၊ အနောတ္တပ္ပဗိုလ်= ပေါင်း ဗိုလ်တရား ၉-ပါး။

| | |
|---|---|
| * သဒ္ဓါဗိုလ်သည် | – သဒ္ဓါ တရားကိုယ် |
| ဝီရိယဗိုလ်သည် | – ဝီရိယ တရားကိုယ် |
| သတိဗိုလ်သည် | – သတိ တရားကိုယ် |
| သမာဓိဗိုလ်သည် | – ဧကဂ္ဂတာ တရားကိုယ် |
| ပညာဗိုလ်သည် | – ပညာ တရားကိုယ် |
| ဟိရီဗိုလ်သည် | – ဟိရီ တရားကိုယ် |
| ဩတ္တပ္ပဗိုလ်သည် | – ဩတ္တပ္ပ တရားကိုယ် |
| အဟိရိကဗိုလ်သည် | – အဟိရိက တရားကိုယ် |
| အနောတ္တပ္ပဗိုလ်သည် | – အနောတ္တပ္ပ တရားကိုယ် |

ပေါင်း တရားကိုယ် (၉)ပါး ရ၏။

(၆) အဓိပတိတရား ၄-ပါး၊ တရားကိုယ် ၄-ပါး

* ဆန္ဒာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီရိယာဓိပတိ၊ ဝီမံသာဓိပတိ = ပေါင်း အဓိပတိတရား ၄-ပါး။

http://www.dhammadownload.com



| | | |
|---|---|---|
| * ဆန္ဒာဓိပတိသည် | - | ဆန္ဒ တရားကိုယ် |
| စိတ္တာဓိပတိသည် | - | စိတ် တရားကိုယ် |
| ဝီရိယာဓိပတိသည် | - | ဝီရိယ တရားကိုယ် |
| ဝီမံသာဓိပတိသည် | - | ပညာ တရားကိုယ် |
| | | ပေါင်း တရားကိုယ် (၄)ပါး ရ၏။ |

(၇) အာဟာရတရား ၄-ပါး၊ တရားကိုယ် ၄-ပါး

* ကဗဠီကာရာဟာရ၊ ဖဿာဟာရ၊ မနောသဥ္စေတနာဟာရ၊ ဝိညာဏာဟာရ = ပေါင်း အာဟာရတရား ၄-ပါး။

| | | |
|---|---|---|
| * ကဗဠီကာရာဟာရသည် | - | ရုပ်အာဟာရ တရားကိုယ် |
| ဖဿာဟာရသည် | - | ဖဿ တရားကိုယ် |
| မနောသဥ္စေတနာဟာရသည် | - | စေတနာ တရားကိုယ် |
| ဝိညာဏာဟာရသည် | - | စိတ် တရားကိုယ် |
| | | ပေါင်း တရားကိုယ် (၄)ပါး ရ၏။ |

ဈာန်၊ မိုလ်၊ မဂ္ဂင်၊ ဣန္ဒြေ ကိစ္စ မတပ်ကြသော တရားများ

* ဒွေပဥ္စဝိညာဉ်(၁၀)ရှိ ဥပေက္ခာဝေဒနာ၊ ဧကဂ္ဂတာတို့သည် = ဝိတက်ကင်းသောကြောင့် ဈာန်ကိစ္စ မတပ်။

* ဝီရိယမယှဉ်သည့် စိတ်(၁၆)ပါးရှိ ဧကဂ္ဂတာသည် = ဝီရိယကင်းသောကြောင့် မိုလ်ကိစ္စ၊ ဣန္ဒြေကိစ္စ မတပ်။

* အဟိတ်စိတ် (၁၈)ပါးရှိ ဝိတက်၊ ဝီရိယ၊ ဧကဂ္ဂတာတို့သည် = ဟိတ်ကင်းသောကြောင့် မဂ္ဂင်ကိစ္စ မတပ်။

* ဝိစိကိစ္ဆာသမ္ပယုတ်စိတ်ရှိ ဧကဂ္ဂတာသည် = အဓိမောက္ခကင်းသောကြောင့် မိုလ်ကိစ္စ၊ မဂ္ဂင်ကိစ္စ၊ ဣန္ဒြေကိစ္စ မတပ်။

❋❋❋❋❋

http://www.dhammadownload.com



## ၃။ ဗောဓိပက္ခိယသင်္ဂဟ

မဂ်ဉာဏ် အပင်းအသင်းဝင် သိက္ခာသုံးပါးကို ပြရာသည့် သမုစ္စည်းပိုင်း ဗောဓိပက္ခိယသင်္ဂဟ မည်၏။

♦ ဗောဓိပက္ခိယတရား အကျဉ်း (၇)ပါး

သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင် = ပေါင်း ဗောဓိပက္ခိယတရား အကျဉ်း ၇-ပါး။

♦ ဗောဓိပက္ခိယတရား အကျယ် (၃၇)ပါး

သတိပဋ္ဌာန် ၄-ပါး၊ သမ္မပ္ပဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဣန္ဒြေ ၅-ပါး၊ ဗိုလ် ၅-ပါး၊ ဗောဇ္ဈင် ၇-ပါး၊ မဂ္ဂင် ၈-ပါး = ပေါင်း ဗောဓိပက္ခိယတရား အကျယ် ၃၇-ပါး။

(၁) သတိပဋ္ဌာန်တရား ၄-ပါး၊ တရားကိုယ် ၁-ပါး

* ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်= ပေါင်း သတိပဋ္ဌာန်တရား ၄-ပါး။
* သတိပဋ္ဌာန်တရား ၄-ပါးသည် = သတိတရားကိုယ် ၁-ပါးသာ ရ၏။

(၂) သမ္မပ္ပဓာန်တရား ၄-ပါး၊ တရားကိုယ် ၁-ပါး

* ဒုစရိုက်အဟောင်းကို ပယ်ခြင်းငှာ အားထုတ်သော သမ္မပ္ပဓာန် ၁-ပါး၊
ဒုစရိုက်အသစ်ကို မလာအောင် အားထုတ်သော သမ္မပ္ပဓာန် ၁-ပါး၊
ကုသိုလ်အဟောင်း ပြွအောင် အားထုတ်သော သမ္မပ္ပဓာန် ၁-ပါး၊
ကုသိုလ်အသစ် ရအောင် အားထုတ်သော သမ္မပ္ပဓာန် ၁-ပါး၊
= ပေါင်း သမ္မပ္ပဓာန်တရား ၄-ပါး။
* သမ္မပ္ပဓာန်တရား ၄-ပါးသည် = ဝီရိယတရားကိုယ် ၁-ပါးသာ ရ၏။

(၃) ဣဒ္ဓိပါဒ်တရား ၄-ပါး၊ တရားကိုယ် ၄-ပါး

* ဆန္ဒိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝီရိယိဒ္ဓိပါဒ်၊ ဝီမံသိဒ္ဓိပါဒ်= ပေါင်း ဣဒ္ဓိပါဒ်တရား ၄-ပါး။

http://www.dhammadownload.com



* ဆန္ဒိန္ဒြိပါဒ်သည် - ဆန္ဒ တရားကိုယ်
စိတ္တိန္ဒြိပါဒ်သည် - စိတ် တရားကိုယ်
ဝီရိယိန္ဒြိပါဒ်သည် - ဝီရိယ တရားကိုယ်
ဝီမံသိန္ဒြိပါဒ်သည် - ပညာ တရားကိုယ်
ပေါင်း တရားကိုယ် (၄) ပါး ရ၏။

(၄) ဣန္ဒြေတရား ၅-ပါး၊ တရားကိုယ် ၅-ပါး

* သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ = ပေါင်း ဣန္ဒြေ တရား ၅-ပါး။

* သဒ္ဓိန္ဒြေသည် - သဒ္ဓါ တရားကိုယ်
ဝီရိယိန္ဒြေသည် - ဝီရိယ တရားကိုယ်
သတိန္ဒြေသည် - သတိ တရားကိုယ်
သမာဓိန္ဒြေသည် - ဧကဂ္ဂတာ တရားကိုယ်
ပညိန္ဒြေသည် - ပညာ တရားကိုယ်
ပေါင်း တရားကိုယ် (၅)ပါး ရ၏။

(၅) ဗိုလ်တရား ၅-ပါး၊ တရားကိုယ် ၅-ပါး

* သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ် = ပေါင်း ဗိုလ်တရား ၅-ပါး။

* သဒ္ဓါဗိုလ်သည် - သဒ္ဓါ တရားကိုယ်
ဝီရိယဗိုလ်သည် - ဝီရိယ တရားကိုယ်
သတိဗိုလ်သည် - သတိ တရားကိုယ်
သမာဓိဗိုလ်သည် - ဧကဂ္ဂတာ တရားကိုယ်
ပညာဗိုလ်သည် - ပညာ တရားကိုယ်
ပေါင်း တရားကိုယ် (၅)ပါး ရ၏။

(၆) ဗောဇ္ဈင်တရား ၇-ပါး၊ တရားကိုယ် ၈-ပါး

* သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊

http://www.dhammadownload.com



ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင် = ပေါင်း ဗောဇ္ဈင်တရား ၇-ပါး။

| | |
|---|---|
| သတိသမ္ဗောဇ္ဈင်သည် | – သတိ တရားကိုယ် |
| ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် | – ပညာ တရားကိုယ် |
| ဝီရိယသမ္ဗောဇ္ဈင်သည် | – ဝီရိယ တရားကိုယ် |
| ပီတိသမ္ဗောဇ္ဈင်သည် | – ပီတိ တရားကိုယ် |
| ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် | – ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိတရားကိုယ် |
| သမာဓိသမ္ဗောဇ္ဈင်သည် | – ဧကဂ္ဂတာ တရားကိုယ် |
| ဥပေက္ခာသမ္ဗောဇ္ဈင်သည် | – တတြမဇ္ဈတ္တတာ တရားကိုယ် |

ပေါင်း တရားကိုယ် (၈)ပါး ရ၏။

(၇) မဂ္ဂင်တရား ၈-ပါး၊ တရားကိုယ် ၈-ပါး

* သမ္မာဒိဋ္ဌိမဂ္ဂင်၊ သမ္မာသင်္ကပ္ပမဂ္ဂင်၊ သမ္မာဝါစာမဂ္ဂင်၊ သမ္မာကမ္မန္တမဂ္ဂင်၊ သမ္မာအာဇီဝမဂ္ဂင်၊ သမ္မာဝါယာမမဂ္ဂင်၊ သမ္မာသတိမဂ္ဂင်၊ သမ္မာသမာဓိမဂ္ဂင် = ပေါင်း မဂ္ဂင်တရား ၈-ပါး။

| | |
|---|---|
| * သမ္မာဒိဋ္ဌိမဂ္ဂင်သည် | – ပညာ တရားကိုယ် |
| သမ္မာသင်္ကပ္ပမဂ္ဂင်သည် | – ဝိတက် တရားကိုယ် |
| သမ္မာဝါစာမဂ္ဂင်သည် | – သမ္မာဝါစာ တရားကိုယ် |
| သမ္မာကမ္မန္တမဂ္ဂင်သည် | – သမ္မာကမ္မန္တ တရားကိုယ် |
| သမ္မာအာဇီဝမဂ္ဂင်သည် | – သမ္မာအာဇီဝ တရားကိုယ် |
| သမ္မာဝါယာမမဂ္ဂင်သည် | – ဝီရိယ တရားကိုယ် |
| သမ္မာသတိမဂ္ဂင်သည် | – သတိ တရားကိုယ် |
| သမ္မာသမာဓိမဂ္ဂင်သည် | – ဧကဂ္ဂတာ တရားကိုယ် |

ပေါင်း တရားကိုယ် (၈)ပါး ရ၏။

♦ <u>ကိစ္စ ၄-ပါး</u>

* ပရိညာကိစ္စ၊ ပဟာနကိစ္စ၊ သစ္ဆိကရဏကိစ္စ၊ ဘာဝနာကိစ္စ = ပေါင်း ကိစ္စ ၄-ပါး။

http://www.dhammadownload.com



(၁) ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်းသည် ပရိညာကိစ္စ မည်၏။
(၂) သမုဒယသစ္စာကို အကြွင်းမဲ့ပယ်သတ်ခြင်းသည် ပဟာနကိစ္စ မည်၏။
(၃) နိရောဓသစ္စာသို့ ဆိုက်ရောက်ခြင်းသည် သစ္ဆိကရဏကိစ္စ မည်၏။
(၄) မဂ္ဂသစ္စာကို ပွားများခြင်းသည် ဘာဝနာကိစ္စ မည်၏။

* ကိစ္စကြီး ၄-ပါး၏ အခြေခံဖြစ်သော ဆန္ဒစသည်သည် ကိစ္စပါဒ် မည်၏။

♦ <u>သမ္မပ္ပဓာန်သတ္တိ ၄-ပါး</u>

အကြောအခြင် ကျန်စေ၊ အရိုးအရေကြွင်းစေ၊ အသားအသွေး ကုန်ခန်းစေ၊ အသက်ပင် သေပေစေ = ပေါင်း သမ္မပ္ပဓာန်သတ္တိ ၄-ပါး။

## ၄။ သဗ္ဗသင်္ဂဟ

ပရမတ္ထတရားလေးပါးကို သိမ်းကျုံး ရေတွက်ရာသည် သမုစ္စည်းပိုင်း သဗ္ဗသင်္ဂဟ မည်၏။

ခန္ဓာ (ဥပါဒါနက္ခန္ဓာ)၊ အာယတန၊ ဓာတ်၊ သစ္စာ = ပေါင်း သဗ္ဗသင်္ဂဟ တရား ၄-ပါး။

(၁) ခန္ဓာ ၅-ပါး

ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ = ပေါင်း ခန္ဓာ ၅-ပါး။

* ရုပ် ၂၈-ပါးသည် ရူပက္ခန္ဓာ မည်၏။
* ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ မည်၏။
* သညာစေတသိက်သည် သညာက္ခန္ဓာ မည်၏။
* ကြွင်းစေတသိက် ၅၀-သည် သင်္ခါရက္ခန္ဓာ မည်၏။
* စိတ် ၈၉-ပါးသည် ဝိညာဏက္ခန္ဓာ မည်၏။
* နိဗ္ဗာန်သည် ခန္ဓဝိမုတ် မည်၏။

http://www.dhammadownload.com



## ဥပါဒါနက္ခန္ဓာ ၅-ပါး

ရူပုပါဒါနက္ခန္ဓာ၊ ဝေဒနုပါဒါနက္ခန္ဓာ၊ သညုပါဒါနက္ခန္ဓာ၊ သင်္ခါရုပါဒါနက္ခန္ဓာ၊ ဝိညာဏုပါဒါနက္ခန္ဓာ = ပေါင်း ဥပါဒါနက္ခန္ဓာ ၅-ပါး။

* ရုပ် ၂၈-ပါးသည် ရူပုပါဒါနက္ခန္ဓာ မည်၏။
* ဝေဒနာစေတသိက် ၁-ပါးသည် ဝေဒနုပါဒါနက္ခန္ဓာ မည်၏။
* သညာစေတသိက် ၁-ပါးသည် သညုပါဒါနက္ခန္ဓာ မည်၏။
* ကြွင်းစေတသိက် ၅၀-သည် သင်္ခါရုပါဒါနက္ခန္ဓာ မည်၏။
* လောကီစိတ် ၈၁-ပါးသည် ဝိညာဏုပါဒါနက္ခန္ဓာ မည်၏။
* နိဗ္ဗာန်သည် ခန္ဓဝိမုတ် မည်၏။

## (၂) အာယတန ၁၂-ပါး

* စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှာယတန၊ ကာယာယတန မနာယတန။ ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတန = ပေါင်း အာယတန ၁၂-ပါး။

* စက္ခုပသာဒရုပ်သည် စက္ခာယတန မည်၏။
* သောတပသာဒရုပ်သည် သောတာယတန မည်၏။
* ဃာနပသာဒရုပ်သည် ဃာနာယတန မည်၏။
* ဇိဝှါပသာဒရုပ်သည် ဇိဝှါယတန မည်၏။
* ကာယပသာဒရုပ်သည် ကာယာယတန မည်၏။
* စိတ် ၈၉-ပါးသည် မနာယတန မည်၏။
* ရူပါရုံရုပ်သည် ရူပါယတန မည်၏။
* သဒ္ဒါရုံရုပ်သည် သဒ္ဒါယတန မည်၏။
* ဂန္ဓာရုံရုပ်သည် ဂန္ဓာယတန မည်၏။
* ရသာရုံရုပ်သည် ရသာယတန မည်၏။
* ပထဝီ၊ တေဇော၊ ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံရုပ် ၃-ပါးသည် ဖောဋ္ဌဗ္ဗာယတန မည်၏။
* သုခုမရုပ်-၁၆၊ စေတသိက်-၅၂၊ နိဗ္ဗာန်သည် ဓမ္မာယတန မည်၏။

http://www.dhammadownload.com



(၃) ဓာတ် ၁၈-ပါး

* စက္ခုဓာတ်၊ သောတဓာတ်၊ ဃာနဓာတ်၊ ဇိဝှာဓာတ်၊ ကာယဓာတ်၊ မနောဓာတ်။ ရူပဓာတ်၊ သဒ္ဒဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ ဓမ္မဓာတ်။ စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှာဝိညာဏဓာတ်၊ ကာယဝိညာဏဓာတ်၊ မနောဝိညာဏဓာတ် = ပေါင်း ဓာတ် ၁၈-ပါး။

* စက္ခုပသာဒရုပ်သည် - စက္ခုဓာတ် မည်၏။
* သောတပသာဒရုပ်သည် - သောတဓာတ် မည်၏။
* ဃာနပသာဒရုပ်သည် - ဃာနဓာတ် မည်၏။
* ဇိဝှါပသာဒရုပ်သည် - ဇိဝှါဓာတ် မည်၏။
* ကာယပသာဒရုပ်သည် - ကာယဓာတ် မည်၏။
* ပဉ္စဒွါရာဝဇ္ဇန်း- ၁ ၊ သမ္ပဋိစ္ဆိုင်းဒွေ ပေါင်း ၃-ပါးသည် - မနောဓာတ် မည်၏။
* ရူပါရုံရုပ်သည် - ရူပဓာတ် မည်၏။
* သဒ္ဒါရုံရုပ်သည် - သဒ္ဒဓာတ် မည်၏။
* ဂန္ဓာရုံရုပ်သည် - ဂန္ဓဓာတ် မည်၏။
* ရသာရုံရုပ်သည် - ရသဓာတ် မည်၏။
* ပထဝီ၊ တေဇော၊ ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံရုပ် ၃-ပါးသည် - ဖောဋ္ဌဗ္ဗဓာတ် မည်၏။
* သုခုမရုပ်- ၁၆၊ စေတသိက်- ၅၂၊ နိဗ္ဗာန်သည် - ဓမ္မဓာတ် မည်၏။
* စက္ခုဝိညာဉ်ဒွေသည် - စက္ခုဝိညာဏဓာတ် မည်၏။
* သောတဝိညာဉ်ဒွေသည် - သောတဝိညာဏဓာတ် မည်၏။
* ဃာနဝိညာဉ်ဒွေသည် - ဃာနဝိညာဏဓာတ် မည်၏။
* ဇိဝှါဝိညာဉ်ဒွေသည် - ဇိဝှါဝိညာဏဓာတ် မည်၏။
* ကာယဝိညာဉ်ဒွေသည် - ကာယဝိညာဏဓာတ် မည်၏။
* ကြွင်း ၇၆-ပါးသော စိတ်တို့သည် - မနောဝိညာဏဓာတ် မည်၏။

http://www.dhammadownload.com



(၄) သစ္စာ ၄-ပါး

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ = ပေါင်း သစ္စာ ၄-ပါး။

* လောကီစိတ်-၈၁၊ လောဘကြဉ်သော
  စေတသိက်-၅၁၊ ရုပ် ၂၈-ပါးသည် = ဒုက္ခသစ္စာ မည်၏။
* လောဘစေတသိက်သည် = သမုဒယသစ္စာ မည်၏။
* နိဗ္ဗာန်သည် = နိရောဓသစ္စာ မည်၏။
* မဂ်စိတ် ၄-ခုရှိ
  မဂ္ဂင်တရားကိုယ် ၈-ပါးသည် = မဂ္ဂသစ္စာ မည်၏။

♦ <u>သစ္စဝိမုတ်</u>

မဂ်စိတ္တုပ္ပါဒ် ၂၉၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ပါးသည်= သစ္စဝိမုတ် မည်၏။

♦ <u>သဗ္ဗဝိမုတ်</u>

ပညတ်သည် သဗ္ဗဝိမုတ် မည်၏။

♦ <u>သမုဒယသစ္စာ (တဏှာ)အကျယ် ရေတွက်ပုံ</u>

တဏှာသုံးတန် တည်ထားခံ၊
အာ, ကာ, သန် နှင့် မြှောက်၊
တဏှာအစစ် တစ်ရာ့ရှစ်၊
ဖြစ်၏ ကိုယ်မှာရောက်။

သမုစ္စည်းပိုင်း (ဆိုရိုး) ပြီး၏။

http://www.dhammadownload.com

# ၈။ ပစ္စည်းပိုင်း

၁။ ပဋိစ္စသမုပ္ပါဒ်
၂။ ပဋ္ဌာန်း
၃။ ပညတ်

**ပစ္စည်း - ပစ္စယုပ္ပန်**

**ပစ္စည်း** – ဆိုင်ရာ ဆိုင်ရာအကျိုးတို့၏ အကြောင်းတရားသည် **ပစ္စည်း** မည်၏။

**ပစ္စယုပ္ပန်** – အကြောင်းကြောင့် ဖြစ်ကြသော အကျိုးတရားသည် **ပစ္စယုပ္ပန်** မည်၏။

**ပဋိစ္စသမုပ္ပါဒ** – ဆိုင်ရာ အကြောင်းရှိလျှင် လျော်သောအကျိုး ဖြစ်စွမ်းနိုင်ရန် တည်ရှိသော သဘောသတ္တိသည် **ပဋိစ္စသမုပ္ပါဒ** မည်၏။

**ပဋိစ္စသမုပ္ပန္န** – အကြောင်းကြောင့် ထင်ရှားဖြစ်ပေါ် ဥပါဒ်လာကြသော အဝိဇ္ဇာစသော ဖျတ္တိတရားသည် **ပဋိစ္စသမုပ္ပန္န** မည်၏။

**ပဋိစ္စသမုပ္ပါဒ်နည်း** – အကြောင်း, အကျိုး ၂–ပါးကိုသာ ပြသောနည်းသည် **ပဋိစ္စသမုပ္ပါဒ်နည်း** မည်၏။

**ပဋ္ဌာန်းနည်း** – အကြောင်း, အကျိုး, သတ္တိ ၃–ပါးကို ပြသောနည်းသည် **ပဋ္ဌာန်းနည်း** မည်၏။

## ၁။ ပဋိစ္စသမုပ္ပါဒ် (သုတ္တန္တဘာဇနီယ)

အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ။

http://www.dhammadownload.com



**အဝိဇ္ဇာ**

– သစ္စာ ၄–ပါး၊ ပုဗ္ဗန္တ၊ အပရန္တ၊ ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ်= ဤ ရှစ်ဌာနတို့၌ မသိမမြင်အောင် ဖုံးလွှမ်းကာကွယ်သော မောဟသည် အဝိဇ္ဇာ မည်၏။

**သင်္ခါရ**

– ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ= ပေါင်း သင်္ခါရ ၃–ပါး။

– ကာမကုသိုလ်၊ ရူပကုသိုလ် စေတနာ ၁၃–ပါးသည် ပုညာဘိသင်္ခါရ မည်၏။

– အကုသိုလ်စေတနာ ၁၂–ပါးသည် အပုညာဘိသင်္ခါရ မည်၏။

– အရူပကုသိုလ်စေတနာ ၄–ပါးသည် အာနေဉ္ဇာဘိသင်္ခါရ မည်၏။

**ဝိညာဏ်**

– ပဋိသန္ဓေဝိညာဏ်၊ ပဝတ္တိဝိညာဏ် = ပေါင်း ဝိညာဏ် ၂–ပါး။

– ပဋိသန္ဓေစိတ် ၁၉–ပါးသည် ပဋိသန္ဓေဝိညာဏ် မည်၏။

– လောကီဝိပါက်စိတ် ၃၂–ပါးသည် ပဝတ္တိဝိညာဏ် မည်၏။

**နာမ်ရုပ်**

– ပဋိသန္ဓေနာမ်၊ ပဝတ္တိနာမ်= ပေါင်း နာမ် ၂–ပါး။

– ပဋိသန္ဓေရုပ်၊ ပဝတ္တိရုပ် = ပေါင်း ရုပ် ၂–ပါး။

– ပဋိသန္ဓေစိတ် ၁၉–ပါးနှင့်ယှဉ်သော စေတသိက် ၃၅–ပါးသည် ပဋိသန္ဓေနာမ် မည်၏။

– လောကီဝိပါက်စိတ် ၃၂–ပါးနှင့်ယှဉ်သော စေတသိက် ၃၅–ပါးသည် ပဝတ္တိနာမ် မည်၏။

– ပဋိသန္ဓေကမ္မဇရုပ် ၂၀–ပါးသည် ပဋိသန္ဓေရုပ် မည်၏။

– ပဝတ္တိစိတ္တဇရုပ် ၁၇–ပါးသည် ပဝတ္တိရုပ် မည်၏။

**သဠာယတန**

– စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတန = ပေါင်း သဠာယတန ၆–ပါး။

http://www.dhammadownload.com



- စက္ခုပသာဒရုပ်သည် **စက္ခာယတန** မည်၏။
- သောတပသာဒရုပ်သည် **သောတာယတန** မည်၏။
- ဃာနပသာဒရုပ်သည် **ဃာနာယတန** မည်၏။
- ဇိဝှါပသာဒရုပ်သည် **ဇိဝှါယတန** မည်၏။
- ကာယပသာဒရုပ်သည် **ကာယာယတန** မည်၏။
- လောကီဝိပါက်စိတ် ၃၂-ပါးသည် **မနာယတန** မည်၏။

**ဖဿ** - စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ = ပေါင်း ဖဿ ၆-ပါး။

- စက္ခုဝိညာဏ်ဒွေနှင့်ယှဉ်သော ဖဿသည် **စက္ခုသမ္ဖဿ** မည်၏။
- သောတဝိညာဏ်ဒွေနှင့်ယှဉ်သော ဖဿသည် **သောတသမ္ဖဿ** မည်၏။
- ဃာနဝိညာဏ်ဒွေနှင့်ယှဉ်သော ဖဿသည် **ဃာနသမ္ဖဿ** မည်၏။
- ဇိဝှါဝိညာဏ်ဒွေနှင့်ယှဉ်သော ဖဿသည် **ဇိဝှါသမ္ဖဿ** မည်၏။
- ကာယဝိညာဏ်ဒွေနှင့်ယှဉ်သော ဖဿသည် **ကာယသမ္ဖဿ** မည်၏။
- လောကီဝိပါက်စိတ် ၂၂-ပါးနှင့်ယှဉ်သော ဖဿသည် **မနောသမ္ဖဿ** မည်၏။

**ဝေဒနာ** - စက္ခုသမ္ဖဿဇာဝေဒနာ၊ သောတသမ္ဖဿဇာဝေဒနာ၊ ဃာနသမ္ဖဿဇာဝေဒနာ၊ ဇိဝှါသမ္ဖဿဇာဝေဒနာ၊ ကာယသမ္ဖဿဇာဝေဒနာ၊ မနောသမ္ဖဿဇာဝေဒနာ = ပေါင်း ဝေဒနာ ၆-ပါး။

- စက္ခုဝိညာဏ်ဒွေနှင့် ယှဉ်သော ဝေဒနာသည် **စက္ခုသမ္ဖဿဇာဝေဒနာ** မည်၏။
- သောတဝိညာဏ်ဒွေနှင့် ယှဉ်သောဝေဒနာသည် **သောတသမ္ဖဿဇာဝေဒနာ** မည်၏။
- ဃာနဝိညာဏ်ဒွေနှင့် ယှဉ်သော ဝေဒနာသည် **ဃာနသမ္ဖဿဇာဝေဒနာ** မည်၏။
- ဇိဝှါဝိညာဏ်ဒွေနှင့် ယှဉ်သော ဝေဒနာသည် **ဇိဝှါသမ္ဖဿဇာဝေဒနာ** မည်၏။

http://www.dhammadownload.com



- ကာယဝိညာဏ်ဒွေနှင့် ယှဉ်သော ဝေဒနာသည် **ကာယသမ္ဖဿဇာ ဝေဒနာ** မည်၏။
- လောကီဝိပါက်စိတ် ၂၂-ပါးနှင့် ယှဉ်သော ဝေဒနာသည် **မနောသမ္ဖဿဇာဝေဒနာ** မည်၏။

**တဏှာ** - ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ = ပေါင်း တဏှာ ၆-ပါး။

- ရူပါရုံ၌ သာယာမှုသည် **ရူပတဏှာ** မည်၏။
- သဒ္ဒါရုံ၌ သာယာမှုသည် **သဒ္ဒတဏှာ** မည်၏။
- ဂန္ဓာရုံ၌ သာယာမှုသည် **ဂန္ဓတဏှာ** မည်၏။
- ရသာရုံ၌ သာယာမှုသည် **ရသတဏှာ** မည်၏။
- ဖောဋ္ဌဗ္ဗာရုံ၌ သာယာမှုသည် **ဖောဋ္ဌဗ္ဗတဏှာ** မည်၏။
- ဓမ္မာရုံ၌ သာယာမှုသည် **ဓမ္မတဏှာ** မည်၏။

**ဥပါဒါန်** - ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် = ပေါင်း ဥပါဒါန် ၄-ပါး။

- လောဘစေတသိက်သည် **ကာမုပါဒါန်** မည်၏။
- အလှူအကျိုးစသည် မရှိဟု ယူမှုဒိဋ္ဌိသည် **ဒိဋ္ဌုပါဒါန်** မည်၏။
- နွားခွေးအကျင့်ဖြင့် သံသရာမှ စင်ကြယ်၏ဟု ယူမှုဒိဋ္ဌိသည် **သီလဗ္ဗတုပါဒါန်** မည်၏။
- သက္ကာယဒိဋ္ဌိသည် **အတ္တဝါဒုပါဒါန်** မည်၏။

**ဘဝ** - ကမ္မဘဝ၊ ဥပပတ္တိဘဝ၊ ပေါင်း ဘဝ ၂-ပါး။

- လောကီကုသိုလ်- အကုသိုလ်စေတနာ၊ ထိုစေတနာနှင့် သမ္ပယုတ်ဖြစ်သော သုစရိုက် ၁၀-ပါး၊ ဒုစရိုက် ၁၀-ပါးသည် **ကမ္မဘဝ** မည်၏။
- ကံကြောင့်ဖြစ်သော လောကီဝိပါက်စိတ် ၃၂-ပါး၊ စေတသိက် ၃၅-ပါး၊ ကမ္မဇရုပ် ၂၀-ပါးသည် **ဥပပတ္တိဘဝ** မည်၏။

http://www.dhammadownload.com



ဇာတိ – ထိုထိုဥပပတ္တိဘဝခန္ဓာတို့၏ ဖြစ်မှုသည် ဇာတိ မည်၏။
ဇရာ – ထိုထိုဥပပတ္တိဘဝခန္ဓာတို့၏ ရင့်ရော်အိုမင်းမှုသည် ဇရာ မည်၏။
မရဏ – ထိုထိုဥပပတ္တိဘဝခန္ဓာတို့၏ စုတိပျက်စီးမှုသည် မရဏ မည်၏။
သောက – ဒေါသမူဒွေဒွယ်နှင့်ယှဉ်သော ဒေါမနဿဝေဒနာသည် သောက မည်၏။
ပရိဒေဝ – စိတ္တဇဝိပလ္လာသ သဒ္ဒရုပ်သည် ပရိဒေဝ မည်၏။
ဒုက္ခ – ဒုက္ခသဟဂုတ် ကာယဝိညာဏ်နှင့် ယှဉ်သော ဝေဒနာသည် ဒုက္ခ မည်၏။
ဒေါမနဿ– ဒေါသမူဒွေနှင့် ယှဉ်သော ဒေါမနဿဝေဒနာသည် ဒေါမနဿ မည်၏။
ဥပါယာသ– ဒေါသမူဒွေဒွယ် ယှဉ်သော ဒေါသစေတသိက်သည် ဥပါယာသ မည်၏။

ပဋိစ္စသမုပ္ပါဒ် (ဘဝစက်, အင်္ဂါ, ကာလ စသည်...)

(၁) အင်္ဂါ ၁၂–ပါး
(၂) ဘဝစက် ၂–ပါး
(၃) မူလ ၂–ပါး
(၄) ကာလ ၃–ပါး
(၅) အလ္လာ ၄–ပါး
(၆) အစပ် ၃–ပါး
(၇) ဝဋ် ၃–ပါး
(၈) အခြင်းအရာ ၂၀–ပါး

(၁) အင်္ဂါ ၁၂–ပါး

* အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ–မရဏ = ပေါင်း အင်္ဂါ ၁၂–ပါး။

(၂) ဘဝစက် ၂–ပါး

* အဝိဇ္ဇာမူလက ပုဗ္ဗန္တဘဝစက်၊ တဏှာမူလက အပရန္တဘဝစက်= ပေါင်း ဘဝစက် ၂–ပါး။

http://www.dhammadownload.com



- အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည် **အဝိဇ္ဇာမူလက ပုဗ္ဗန္တဘဝစက်** မည်၏။
- တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ–မရဏသည် **တဏှာမူလက အပရန္တ ဘဝစက်** မည်၏။

(၃) မူလ ၂-ပါး

- အဝိဇ္ဇာ မူလ
- တဏှာ မူလ

} = ပေါင်း မူလ ၂–ပါး။

(၄) ကာလ ၃-ပါး

* အတိတ်ကာလ၊ ပစ္စုပ္ပန်ကာလ၊ အနာဂတ်ကာလ = ပေါင်း ကာလ ၃–ပါး။

- အဝိဇ္ဇာ၊ သင်္ခါရသည် **အတိတ်ကာလ** မည်၏။
- ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝသည် **ပစ္စုပ္ပန်ကာလ** မည်၏။
- ဇာတိ၊ ဇရာ၊ မရဏသည် **အနာဂတ်ကာလ** မည်၏။

(၅) အလွှာ ၄-ပါး

* အတိတ်အကြောင်းလွှာ၊ ပစ္စုပ္ပန်အကျိုးလွှာ၊ ပစ္စုပ္ပန်အကြောင်းလွှာ၊ အနာဂတ်အကျိုးလွှာ = ပေါင်း **အလွှာ ၄–ပါး**။

- အဝိဇ္ဇာ၊ သင်္ခါရသည် **အတိတ်အကြောင်းလွှာ** မည်၏။
- ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည် **ပစ္စုပ္ပန် အကျိုးလွှာ** မည်၏။
- တဏှာ၊ ဥပါဒါန်၊ ဘဝ(ကမ္မဘဝ)သည် **ပစ္စုပ္ပန်အကြောင်းလွှာ** မည်၏။
- (ဥပပတ္တိဘဝ) ဇာတိ၊ ဇရာ၊ မရဏသည် **အနာဂတ်အကျိုးလွှာ** မည်၏။

(၆) အစပ် ၃-ပါး

* ဟေတုဖလအစပ်၊ ဖလဟေတုအစပ်၊ ဟေတုဖလအစပ် = ပေါင်း **အစပ် ၃–ပါး**။

http://www.dhammadownload.com



- အတိတ်အကြောင်း သင်္ခါရနှင့် ပစ္စုပ္ပန်အကျိုး ဝိညာဏ်တို့အကြား အစပ်သည် **ဟေတုဖလ အစပ်** မည်၏။
- ပစ္စုပ္ပန်အကျိုး ဝေဒနာနှင့် ပစ္စုပ္ပန်အကြောင်း တဏှာတို့အကြား အစပ်သည် **ဖလဟေတု အစပ်** မည်၏။
- ပစ္စုပ္ပန်အကြောင်း ကမ္မဘဝနှင့် အနာဂတ်အကျိုး (ဉပပတ္တိဘဝ) ဇာတိတို့ အကြားအစပ်သည် **ဟေတုဖလ အစပ်** မည်၏။

## (၇) ဝဋ် ၃-ပါး

* ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် = ပေါင်း ဝဋ် ၃-ပါး။

- အဝိဇ္ဇာ၊ တဏှာ၊ ဉပါဒါန်သည် **ကိလေသဝဋ်** မည်၏။
- သင်္ခါရ၊ ကမ္မဘဝသည် **ကမ္မဝဋ်** မည်၏။
- ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ (ဉပပတ္တိဘဝ)ဇာတိ ဇရာ၊ မရဏသည် **ဝိပါကဝဋ်** မည်၏။

## (၈) အခြင်းအရာ ၂၀-ပါး

* အတိတ်အကြောင်းအခြင်းအရာ ၅-ပါး၊ ပစ္စုပ္ပန်အကျိုးအခြင်းအရာ ၅-ပါး၊ ပစ္စုပ္ပန်အကြောင်းအခြင်းအရာ ၅-ပါး၊ အနာဂတ်အကျိုး အခြင်းအရာ ၅-ပါး = ပေါင်း **အခြင်းအရာ ၂၀-ပါး**။

- အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဉပါဒါန်၊ ကမ္မဘဝသည် **အတိတ်အကြောင်း အခြင်းအရာ ၅-ပါး** မည်၏။
- ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည် **ပစ္စုပ္ပန် အကျိုးအခြင်းအရာ ၅-ပါး** မည်၏။
- တဏှာ၊ ဉပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရသည် **ပစ္စုပ္ပန်အကြောင်း အခြင်းအရာ ၅-ပါး** မည်၏။
- ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည် **အနာဂတ် အကျိုးအခြင်းအရာ ၅-ပါး** မည်၏။

http://www.dhammadownload.com



## ၂။ ပဋ္ဌာန်းပိုင်း

### ခြောက်ရာသီ ဝေဖန်ခန်း

၁။ နာမ်သည်နာမ်အား – အနန္တရ၊ သမနန္တရ၊ အာသေဝန၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတ = ပေါင်း ဤ ၆–ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (နံ၊ နံ၊ သေ၊ သံ၊ နတ်၊ ဝိဂ)

၂။ နာမ်သည်နာမ်ရုပ်အား – ဟေတု၊ ကမ္မ၊ ဝိပါက၊ ဈာန၊ မဂ္ဂ = ပေါင်း ဤ ၅–ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (ဟေ၊ ကံ၊ ဝိ၊ ဈာ၊ မဂ်)

၃။ နာမ်သည်ရုပ်အား – ပစ္ဆာဇာတ ဤ ၁–ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (ပစ်)

၄။ ရုပ်သည်နာမ်အား – ပုရေဇာတ ဤ ၁–ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (ပု)

၅။ ပညတ်၊ နာမ်၊ ရုပ်သည် နာမ်အား – အာရမ္မဏ၊ ဥပနိဿယ= ပေါင်း ဤ ၂–ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။(အာ၊ဥ)

၆။ နာမ်ရုပ်သည် နာမ်ရုပ်အား– အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ = ပေါင်း ဤ ၉–ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။
(ဓိ၊ သ၊ ည၊ နိ၊ ဟာ၊ ဣ၊ ဝိပ်၊ အတ်၊ အဝိ)

### ၂၄– ပစ္စည်းကို ၄–ပစ္စည်း၌ သွင်းပုံ

- အတ္ထိပစ္စည်း၊
  ဥပနိဿယပစ္စည်း၊
  အာရမ္မဏပစ္စည်း၊
  ကမ္မပစ္စည်း။

http://www.dhammadownload.com



## တေကာလိက - ဓသည်ရွေးချယ်ပုံ

* တေကာလိက - ကာလဝိမုတ္တ

- စိတ်၊ စေတသိက်၊ ရုပ်သည် တေကာလိက မည်၏။
- နိဗ္ဗာန်၊ ပညတ်သည် ကာလဝိမုတ္တ မည်၏။

* သင်္ခတ - အသင်္ခတ

- စိတ်၊ စေတသိက်၊ ရုပ်သည် သင်္ခတ မည်၏။
- နိဗ္ဗာန်၊ ပညတ်သည် အသင်္ခတ မည်၏။

(တစ်နည်း)

- စိတ်၊ စေတသိက်၊ ရုပ်သည် တေကာလိက-လည်း မည်၏၊ သင်္ခတ-လည်း မည်၏။
- နိဗ္ဗာန်၊ ပညတ်သည် ကာလဝိမုတ္တ-လည်း မည်၏၊ အသင်္ခတ-လည်း မည်၏။

* အဇ္ဈတ္တ - ဗဟိဒ္ဓ

- မိမိသန္တာန်၌ရှိသော စိတ်၊ စေတသိက်၊ ရုပ်သည် အဇ္ဈတ္တ မည်၏။
- သူတစ်ပါးသန္တာန်၌ရှိသော စိတ်၊ စေတသိက်၊ ရုပ်သည် ဗဟိဒ္ဓ မည်၏။
- နိဗ္ဗာန်သည် ဗဟိဒ္ဓ မည်၏။

* ပညတ် - ပညတ်သည် ပညတ် မည်၏။

* နာမ် - စိတ်၊ စေတသိက်၊ နိဗ္ဗာန်သည် နာမ် မည်၏။

* ရုပ် - ရုပ်သည် ရုပ် မည်၏။

## ၃။ ပညတ်

♦ ပညတ် (၂)ပါး - အတ္ထပညတ်၊ သဒ္ဒပညတ် = ပေါင်း ပညတ် ၂-ပါး။

၁။ အတ္ထပညတ် - သူတစ်ပါး နားလည်အောင် အမည်အမျိုးမျိုးတပ်ခါ ခေါ်ဝေါ်အပ်, သိစေအပ်သော အနက်ဒြပ်ဝတ္ထုမျိုးသည် အတ္ထပညတ် မည်၏။

http://www.dhammadownload.com



♦ **အတ္ထ (၂)ပါး** – သဘာဝတ္ထ၊ အသဘာဝတ္ထ (တစ်နည်း)
ပရမတ္ထ၊ ဝေါဟာရတ္ထ = ပေါင်း အတ္ထ ၂–ပါး။

သဘာဝတ္ထ (ပရမတ္ထ) – စိတ်, ဉာဏ်နှင့် ကြည့်ရှုရာဝယ် ကွယ်ပျောက် ဖောက်ပြန်၍ မသွားဘဲ မဖောက်မပြန် မြဲမြဲမှန်ကန်၍ တရားကိုယ် ထင်ရှားရှိသော အနက်သဘောသည် သဘာဝတ္ထ မည်၏။ (ပရမတ္ထ) မည်၏။

* အသဘာဝတ္ထ (ဝေါဟာရတ္ထ) – သဘော,တရားကိုယ် ထင်ရှားမရှိဘဲ ပရမတ်တရားကိုစွဲ၍ စိတ်ထဲ သညာထဲ၌ အရိပ်အရောင်သဖွယ် ထင်လာသမျှကို အမှတ်ပြု၍ ခေါ်ဆိုပညတ်ကြသော အနက်သဘောသည် အသဘာဝတ္ထ မည်၏။ (ဝေါဟာရတ္ထ) မည်၏။

♦ **အတ္ထပညတ်(၁၂)ပါး**– တဏ္ဍာပညတ်၊ ဥပါဒါပညတ်၊ သမူဟပညတ်၊ သဏ္ဌာနပညတ်၊ သန္တတိပညတ်၊ ကာလပညတ်၊ ဒိသာပညတ်၊ အဒ္ဓါပညတ်၊ အာကာသပညတ်၊ ဒေသပညတ်၊ နိမိတ္တပညတ်၊ ဥပနိဓာပညတ်= ပေါင်း အတ္ထပညတ် ၁၂–ပါး။

(၁) တဏ္ဍာပညတ် – သဘောအားလျော်စွာဖြစ်သော ပရမတ္ထကြိယာစု–ပရမတ္ထသဘောစုကို သိစေတတ်မှုသည် တဏ္ဍာပညတ် မည်၏။

(၂) ဥပါဒါပညတ် – ပရမတ္ထဓမ္မကိုစွဲ၍ ထင်မြင်အပ်သော ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ား, သစ်ပင်, တောတောင် စသည်သည် ဥပါဒါပညတ် မည်၏။

(၃) သမူဟပညတ် – မဟာဘုတ်လေးပါးတို့ ပေါင်းစုတည်နေမှုကို တစ်ခုတည်း ပြု၍ ထင်မြင်သော မြေကြီး, မြင်းမိုရ်, စကြဝဠာ စသည်သည် သမူဟပညတ် မည်၏။

(၄) သဏ္ဌာနပညတ်– တစ်ပြိုင်နက် ဖြစ်ကြ တည်ကြသော အစိတ်စိတ်တို့ကို ဝိုင်းဝန်း, ရှည်, တို, လုံး, ပြား, ကြီး, ငယ် စသည်ဖြင့်

http://www.dhammadownload.com



ပုံပန်းသဏ္ဍာန် ဟန်ပန်အမျိုးမျိုး ထင်မြင်မှုသည် သဏ္ဍာနပညတ် မည်၏။

(၅) သန္တတိပညတ် – ရှေ့နောက်စဉ်ဆက် ဖြစ်ကြ တည်ကြသောတရား အစိတ်စိတ်တို့ကို တစ်ခုတည်းပြု၍ ဤဝတ္ထုပင်ဟု ထင်မြင်မှုသည် သန္တတိပညတ် မည်၏။

(၆) ကာလပညတ် – နေ လ နက္ခတ်တို့ သွားလာမှုကိုစွဲ၍ ခဏောငယ်မှစ၍ နေ့ရက် ပက္ခ, လ, နှစ်, ကပ်ကမ္ဘာစသော ကာလသည် ကာလပညတ် မည်၏။

(၇) ဒိသာပညတ် – နေ လ နက္ခတ်တို့ ထွက်ဝင်ရာကိုစွဲ၍ အရှေ့,အနောက်, တောင်,မြောက်စသော အရပ်ဆယ်မျက်နှာသည် ဒိသာပညတ် မည်၏။

(၈) အဗ္ဘိပညတ် – ဆန်, နှမ်း, မယော, လက်သစ်, တောင်, တာ, ယူဇနာ စသော အတိုင်းအရှည် ခရီးအစဉ်သည် အဗ္ဘိပညတ် မည်၏။

(၉) အာကာသပညတ် – မဟာဘုတ် ရုပ်ကလာပ်တို့ ထင်ရှားစွာ ထိစပ် ဆက်သွယ်မှု မရှိကြသော အပေါက်, ဟင်းလင်း, တွင်း, လိုဏ် စသော ကောင်းကင်သည် အာကာသပညတ် မည်၏။

(၁၀) ဒေသပညတ် – ကျွန်း,ကြည်း,တော,တောင်,မြို့,ရွာစသော ဒေသဌာနသည် ဒေသပညတ် မည်၏။

(၁၁) နိမိတ္တပညတ် – ဘာဝနာ၏ အာရုံဖြစ်သော ကသိုဏ်းနိမိတ်စသည်သည် နိမိတ္တပညတ် မည်၏။

(၁၂) ဥပနိဓာပညတ် – အငယ် စသည်ကို ထောက်၍ အကြီးစသည်, တစ်ခုစသည်ကို ထောက်၍ နှစ်ခုစသည်ဖြင့် ရှေးရှေးကို ထောက်၍ ခေါ်ဆိုမှုသည် ဥပနိဓာပညတ် မည်၏။

http://www.dhammadownload.com



## ၂။ သဒ္ဒပညတ် (နာမပညတ်)

အတ္ထပညတ်ဖြစ်သော အနက် ဒြပ်ဝတ္ထုမျိုးကို သိစေတတ်သော ခေါ်ဝေါ်ကြောင်း အမည်သညာသည် **သဒ္ဒပညတ် (နာမပညတ်)** မည်၏။

♦ သဒ္ဒပညတ် (နာမပညတ်) ၆-ပါး

– ဝိဇ္ဇမာနပညတ်၊ အဝိဇ္ဇမာနပညတ်၊ ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊ အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်၊ ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်၊ အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် = ပေါင်း **သဒ္ဒပညတ်(နာမပညတ်) ၆–ပါး**။

### ဝိဇ္ဇမာနပညတ်

– အဟုတ်အမှန် ထင်ရှားရှိနေကြသော ပရမတ္ထဓမ္မတို့၏ ရုပ်၊ ဝေဒနာ၊ ပထဝီ၊ ဖဿစသော အမည်သည် **ဝိဇ္ဇမာနပညတ်** မည်၏။

### အဝိဇ္ဇမာနပညတ်

– ပရမတ္ထအားဖြင့် အဟုတ်မရှိ သမ္မုတိမျှသာဖြစ်သော ပုဂ္ဂလ, သတ္တ, ဘူမိ, ပဗ္ဗတစသော အမည်သည် **အဝိဇ္ဇမာနပညတ်** မည်၏။

### ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်

– ရှိနှင့် မရှိကို တွဲစပ်၍ ခေါ်ဝေါ်အပ်သော ဆဠာဘိညပုဂ္ဂိုလ်စသော အမည်သည် **ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်** မည်၏။

### အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်

– မရှိနှင့် ရှိကို တွဲစပ်၍ ခေါ်ဝေါ်အပ်သော ဣတ္ထိသဒ္ဒေါစသော အမည်သည် **အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်** မည်၏။

### ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်

– ရှိနှင့် ရှိကို တွဲစပ်၍ ခေါ်ဝေါ်အပ်သော စက္ခုဝိညာဏံ စသော အမည်သည် **ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်** မည်၏။

### အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်

– မရှိနှင့် မရှိကို တွဲစပ်၍ ခေါ်ဝေါ်အပ်သော ရာဇပုတ္တ စသော အမည်သည် **အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်** မည်၏။

http://www.dhammadownload.com



## ပညတ် ၂-မျိုးကို သိရာ၌ ဝီထိဖြစ်ပုံ (နွားအက္ခရာတစ်လုံးအတွက်)

* သဒ္ဒံ ပဌမ စိတ္တေန၊
* တီတံ ဒုတိယ စေတသာ၊
* နာမံ တတိယ စိတ္တေန၊
* အတ္ထံ စတုတ္ထ စေတသာ။

(၁) နွား ဟူသော ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြု၍ ပဌမ သောတဒွါရဝီထိ ဖြစ်၏။

(၂) လွန်လေပြီးသော အတိတ် 'နွား'ဟူသော သဒ္ဒါရုံကို အာရုံပြု၍ သောတဒွါရဝီထိအစဉ်သို့လိုက်သော တဒနုဝတ္တက မနောဒွါရဝီထိ ဖြစ်၏။

(၃) 'နွား'ဟူသော နာမပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒွါရဝီထိ ဖြစ်၏။

(၄) 'နွား'၏ ခန္ဓာပဉ္စက ဒြပ် အတ္ထပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒွါရဝီထိ ဖြစ်၏။

* *ဤသို့ လေးဝီထိကျပြီးမှ 'နွား'ဟူသော အက္ခရာတစ်လုံးအတွက် အနက်ကို သိရသည်။*

### အနက်ကို သိရခြင်းအကြောင်း ၂-ပါး

(၁) သောတဝိညာဏ်၏ အာရုံလည်း ဖြစ်ရမည်။

(၂) ရှေးရှေးအခါက လောကဝေါဟာရဖြင့် မှတ်သားထားဖူးသည်လည်း ဖြစ်ရမည်။

*ဤအကြောင်း ၂-ပါး စုံညီမှ သိမှုဖြစ်၏။*

### ♦ သစ္စာ ၂-ပါး

(၁) ပရမတ္ထသစ္စာ – သဘော, လက္ခဏာ အသီးသီးရှိကြသော စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်သည် ပရမတ္ထသစ္စာ မည်၏။

(၂) သမ္မုတိသစ္စာ – သဘောမှန်မဟုတ်လည်း လူအများ သမုတ်ကြ၍ အမှန်ပြု၍ ပြောဆိုကြသော ပညတ်ဟူသမျှသည် သမ္မုတိသစ္စာ မည်၏။

ပစ္စည်းပိုင်း (ဆိုရိုး) ပြီး၏။

http://www.dhammadownload.com

# ၉။ ကမ္မဋ္ဌာန်းပိုင်း

## ၁။ သီလခန်း (သာသနာ ၃–ပါး၊ သိက္ခာ ၃–ပါး)

♦ **သာသနာ ၃–ပါး**

အဓိသီလ သာသနာ၊ အဓိစိတ္တ သာသနာ၊ အဓိပညာ သာသနာ = ပေါင်း သာသနာ ၃–ပါး။

♦ **သိက္ခာ ၃–ပါး**

အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာ= ပေါင်း သိက္ခာ ၃–ပါး။

### သာသနာ သိက္ခာ နှင့် ကိလေသာပယ်ဖျက်ပုံ

(၁) အဓိသီလသာသနာ– အဓိသီလသိက္ခာဖြင့် ဝီတိက္ကမကိလေသာကို ပယ်ဖျက်၏။

(၂) အဓိစိတ္တသာသနာ – အဓိစိတ္တသိက္ခာဖြင့် ပရိယုဋ္ဌာနကိလေသာကို ပယ်ဖျက်၏။

(၃) အဓိပညာသာသနာ– အဓိပညာသိက္ခာဖြင့် အနုသယကိလေသာကို ပယ်ဖျက်၏။

## ၁။ သီလခန်း

### အာဒိဗြဟ္မစရိယသီလ - အာဘိသမာစာရိကာသီလ

♦ **အာဒိဗြဟ္မစရိယသီလ**

* အာဇီဝဋ္ဌမကသီလသည် အာဒိဗြဟ္မစရိယသီလ မည်၏။

* ပါဏာတိပါတာ ဝေရမဏီ၊ အဒိန္နာဒါနာ ဝေရမဏီ၊ ကာမေသုမိစ္ဆာ စာရာ ဝေရမဏီ၊ မုသာဝါဒါ ဝေရမဏီ၊ ပိသုဏာဝါစာ ဝေရမဏီ၊ ဖရုသဝါစာ ဝေရမဏီ၊ သမ္ဖပ္ပလာပါ ဝေရမဏီ၊ မိစ္ဆာဇီဝါ ဝေရမဏီဟု ဆိုအပ်သော အာဇီဝဋ္ဌမကသီလသည် အာဒိဗြဟ္မစရိယသီလ မည်၏။

http://www.dhammadownload.com



♦ **အာဇီဝအဋ္ဌမကသီလ**

* အာဒိဗြဟ္မစရိယ၏ အမွမ်းတင်သီလသည် အာဇီဝအဋ္ဌမကသီလ မည်၏။
* ဥပဇ္ဈာယ်ဆရာ၏ ဝတ်ကြီးဝတ်ငယ်၊ ဓုတင် ဆောင်ရသည် ရဟန်းတို့၏ **အာဇီဝအဋ္ဌမကသီလ** မည်၏။
* ဥပေါသထသီလ, ဆယ်ပါးသီလ, အချို့ဓုတင်သီလသည် လူတို့၏ **အာဇီဝအဋ္ဌမကသီလ** မည်၏။

♦ ရဟန်းတို့၏ စတုပါရိသုဒ္ဓိသီလကြီး ၄-ပါး

* ပါတိမောက္ခသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ဣန္ဒြိယသံဝရသီလ၊ ပစ္စယသန္နိဿိတသီလ = ပေါင်း ရဟန်းတို့၏ စတုပါရိသုဒ္ဓိသီလကြီး ၄-ပါး။
* ပါတိမောက္ခသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ ၂-ပါးသည် **အာဒိဗြဟ္မစရိယသီလ** မည်၏။
* ဣန္ဒြိယသံဝရသီလ၊ ပစ္စယသန္နိဿိတသီလ ၂-ပါးသည် **အာဇီဝအဋ္ဌမကသီလ** မည်၏။

(၁) **ပါတိမောက္ခသံဝရသီလ**

ပါတိမောက်လာ အကျဉ်း ၂၂၇-သွယ်၊ အကျယ် ကုဋေကိုးထောင်ကျော်သော သီလကို စောင့်ထိန်းခြင်းသည် **ပါတိမောက္ခ သံဝရသီလ** မည်၏။

(၂) **အာဇီဝပါရိသုဒ္ဓိသီလ**

မိစ္ဆာပယောဂ၊ ကုဟနဝတ္ထု ၃-ပါးတို့မှ ကင်းစင်၍ အသက်မွေးမှု၏ စင်ကြယ်ခြင်းသည် **အာဇီဝပါရိသုဒ္ဓိသီလ** မည်၏။

(၃) **ဣန္ဒြိယသံဝရသီလ**

စက္ခုစသော ဣန္ဒြေ ၆-ပါးတို့ကို တုန်လှုပ်လျှပ်ပေါ်၍ အကုသိုလ်မဖြစ်အောင် စောင့်ထိန်းခြင်းသည် **ဣန္ဒြိယသံဝရသီလ** မည်၏။

(၄) **ပစ္စယသန္နိဿိတသီလ**

ပစ္စည်း ၄-ပါးကို သုံးဆောင်ရာ၌ ဓာတ်လက္ခဏာ၊ စက်ဆုပ်ဖွယ်လက္ခဏာကို ဆင်ခြင်သောဉာဏ်သည် **ပစ္စယသန္နိဿိတသီလ** မည်၏။

http://www.dhammadownload.com



## ၂။ သမာဓိခန်း

## (သမထကမ္မဋ္ဌာန်း လေးဆယ်– စရိုက်, နိမိတ်, ဘာဝနာစသည်)

♦ **သမထကမ္မဋ္ဌာန်း လေးဆယ်**

ကသိုဏ်း ၁၀–ပါး၊ အသုဘ ၁၀–ပါး၊ အနုဿတိ ၁၀–ပါး၊ အပ္ပမညာ ၄–ပါး၊ အာဟာရေပဋိကူလသညာ ၁–ပါး၊ စတုဓာတုဝဝတ္ထာန် ၁–ပါး၊ အရူပ ၄–ပါး = ပေါင်း သမထ ကမ္မဋ္ဌာန်းလေးဆယ်။

* **ကသိုဏ်း ၁၀-ပါး**

ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယောကသိုဏ်း၊ နီလကသိုဏ်း၊ ပီတကသိုဏ်း၊ လောဟိတကသိုဏ်း၊ ဩဒါတကသိုဏ်း၊ အာကာသကသိုဏ်း၊ အာလောကကသိုဏ်း= ပေါင်း **ကသိုဏ်း ၁၀–ပါး**။

* **အသုဘ ၁၀-ပါး**

ဥဒ္ဓုမာတက၊ ဝိနီလက၊ ဝိပုဗ္ဗက၊ ဝိစ္ဆိဒ္ဒက၊ ဝိက္ခာယိတက၊ ဝိက္ခိတ္တက၊ ဟတဝိက္ခိတ္တက၊ လောဟိတက၊ ပုဠုဝက၊ အဋ္ဌိက = ပေါင်း **အသုဘ ၁၀–ပါး**။

* **အနုဿတိ ၁၀-ပါး**

ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ၊ ဥပသမာနုဿတိ၊ မရဏာနုဿတိ၊ ကာယဂတာသတိ၊ အာနာပါနဿတိ = ပေါင်း **အနုဿတိ ၁၀–ပါး**။

* **အပ္ပမညာ ၄-ပါး**

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ = ပေါင်း **အပ္ပမညာ ၄–ပါး**။

* **အာဟာရေပဋိကူလသညာ ၁-ပါး**

* **စတုဓာတုဝဝတ္ထာန် ၁-ပါး**

* **အရူပ ၄-ပါး**

အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန၊ နေဝသညာနာသညာယတန = ပေါင်း **အရူပ ၄–ပါး**။

http://www.dhammadownload.com



◆ **စရိုက်**

ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်၊ ဝိတက်စရိုက်၊ သဒ္ဓါစရိုက်၊ ဗုဒ္ဓိစရိုက် = ပေါင်း စရိုက် ၆-ပါး။

❖ **စရိုက်နှင့် ကမ္မဋ္ဌာန်းတွဲစပ်ပုံ**

* ရာဂစရိုက်နှင့် ကမ္မဋ္ဌာန်းတွဲစပ်ပုံ

အသုဘ ၁၀-ပါး၊ ကာယဂတာသတိ = ပေါင်း ၁၁-ပါးသည် ရာဂစရိုက် ထူပြောသော ပုဂ္ဂိုလ်နှင့် သင့်လျော်၏။

* ဒေါသစရိုက်နှင့် ကမ္မဋ္ဌာန်းတွဲစပ်ပုံ

နီလကသိုဏ်း၊ ပီတကသိုဏ်း၊ လောဟိတကသိုဏ်း၊ ဩဒါတကသိုဏ်း = ပေါင်း အရောင်ကသိုဏ်း ၄-ပါး၊

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ = ပေါင်း အပ္ပမညာ ၄-ပါး။

ပေါင်း ၈-ပါးသည် ဒေါသစရိုက် ထူပြောသောပုဂ္ဂိုလ်နှင့် သင့်လျော်၏။

* မောဟစရိုက်- ဝိတက်စရိုက်နှင့် ကမ္မဋ္ဌာန်းတွဲစပ်ပုံ

အာနာပါနသတိသည် မောဟစရိုက်၊ ဝိတက်စရိုက် ထူပြောသောပုဂ္ဂိုလ်နှင့် သင့်လျော်၏။

* သဒ္ဓါစရိုက်နှင့် ကမ္မဋ္ဌာန်းတွဲစပ်ပုံ

ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ = ပေါင်း အနုဿတိ ၆-ပါးသည် သဒ္ဓါစရိုက် ထူပြောသော ပုဂ္ဂိုလ်နှင့် သင့်လျော်၏။

* ဗုဒ္ဓိစရိုက်နှင့် ကမ္မဋ္ဌာန်းတွဲစပ်ပုံ

ဥပသမာနုဿတိ၊ မရဏာနုဿတိ၊ အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန် = ပေါင်း ၄-ပါးသည် ဗုဒ္ဓိစရိုက် ထူပြောသော ပုဂ္ဂိုလ်နှင့် သင့်လျော်၏။

* စရိုက် ၆-ပါးနှင့် ကမ္မဋ္ဌာန်းတွဲစပ်ပုံ

ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယောကသိုဏ်း၊

http://www.dhammadownload.com



အာကာသကသိုဏ်း၊ အာလောကကသိုဏ်း၊ အရူပ ၄–ပါး= ပေါင်း ၁၀–ပါးသည် စရိုက် ၆–ပါးလုံးနှင့် သင့်လျော်၏။

♦ ဘာဝနာ

ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာ = ပေါင်း ဘာဝနာ ၃–ပါး။

❖ ဘာဝနာနှင့် ကမ္မဋ္ဌာန်းတွဲစပ်ပုံ

* ဘာဝနာ ၃–ပါးလုံးရသော ကမ္မဋ္ဌာန်း

ကသိုဏ်း–၁၀ပါး၊ အသုဘ ၁၀–ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ၊ အပ္ပမညာ ၄–ပါး၊ အရူပ ၄–ပါး = ပေါင်း ၃၀–ပါးသည် ဘာဝနာ ၃–ပါးလုံး ရ၏။

* ဘာဝနာ ၂–ပါးသာ ရသော ကမ္မဋ္ဌာန်း (တစ်နည်း)

အပ္ပနာဘာဝနာ မရသော ကမ္မဋ္ဌာန်း

ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ၊ ဥပသမာနုဿတိ၊ မရဏာနုဿတိ၊ အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန် = ပေါင်း ၁၀–ပါးသည် ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာ ၂–ပါးသာ ရ၏။

---

♦ ဈာန်နှင့် ကမ္မဋ္ဌာန်းတွဲစပ်ပုံ

* ပထမဈာန်

အသုဘ ၁၀–ပါး၊ ကာယဂတာသတိ = ပေါင်း ၁၁–ပါးသည် ပထမဈာန် သက်သက်ကိုသာ ရနိုင်၏။

* သုခိတဈာန် ၄–ပါး (စတုက္ကဈာန်)

မေတ္တာ၊ ကရုဏာ၊ မုဒိတာ = ပေါင်း ၃–ပါးသည် သုခိတဈာန်(စတုက္ကဈာန်) ၄–ပါးလုံးကို ရနိုင်၏။

* ပဥ္စကဈာန်

ကသိုဏ်း ၁၀–ပါး၊ အာနာပါနဿတိ = ပေါင်း ၁၁–ပါးသည် ပဥ္စကဈာန်

http://www.dhammadownload.com



၅-ပါးလုံးကို ရနိုင်၏။

* ပဋ္ဌမဈာန်

ဥပေက္ခာသည် ရူပ ပဋ္ဌမဈာန်ကို ရနိုင်၏။

အရူပ ၄-ပါးသည် ဆိုင်ရာ အရူပ ပဋ္ဌမဈာန်ကို ရနိုင်၏။

---

♦ နိမိတ်

ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ် = ပေါင်း နိမိတ် ၃-ပါး။

❖ နိမိတ်နှင့် ကမ္မဋ္ဌာန်း တွဲစပ်ပုံ

* နိမိတ် ၃-ပါးလုံးရသော ကမ္မဋ္ဌာန်း

ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ = ပေါင်း ၂၂-ပါးသည် နိမိတ် ၃-ပါးလုံးကို ရ၏။

* နိမိတ် ၂-ပါးသာ ရသောကမ္မဋ္ဌာန်း (သို့)
ပဋိဘာဂနိမိတ် မရသောကမ္မဋ္ဌာန်း

ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ၊ ဥပသမာနုဿတိ၊ မရဏာနုဿတိ= ပေါင်း ၈-ပါး၊ အပ္ပမညာ ၄-ပါး၊ အာဟာရေပဋိက္ကူလသညာ ၁-ပါး၊ စတုဓာတုဝဝတ္ထာန် ၁-ပါး၊ အရူပ ၄-ပါး = ပေါင်း ၁၈-ပါးသည် ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ် ၂-ပါးသာ ရ၏။

---

♦ ပဉ္စတ် ကမ္မဋ္ဌာန်း

ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ၊ အပ္ပမညာ ၄-ပါး၊ အာကာသာနဉ္စာယတန၊ အာကိဉ္စညာယတန = ပေါင်း ၂၈-ပါးသည် ပညတ်ကမ္မဋ္ဌာန်း မည်၏။

♦ ပရမတ် ကမ္မဋ္ဌာန်း

ဗုဒ္ဓါနုဿတိမှ မရဏာနုဿတိအထိ အနုဿတိ ၈-ပါး၊ အာဟာရေပဋိက္ကူလသညာ ၁-ပါး၊ စတုဓာတုဝဝတ္ထာန် ၁-ပါး၊ ဝိညာဏဉ္စာယတန၊ နေဝသညာနာသညာယတန = ပေါင်း ၁၂-ပါးသည် ပရမတ်ကမ္မဋ္ဌာန်း မည်၏။

http://www.dhammadownload.com



## ❖ နိမိတ်နှင့် ဘာဝနာတွဲစပ်ပုံ

### (၁) ပရိကမ္မနိမိတ် - ပရိကမ္မဘာဝနာ

**ပရိကမ္မနိမိတ်**

ကသိုဏ်းဝန်းစသော အာရုံတစ်ခုခုရအောင် အားထုတ်ရာ စစ္စာ ရှုမြင်သော အာရုံသည် ပရိကမ္မနိမိတ် မည်၏။

**ပရိကမ္မဘာဝနာ**

ကသိုဏ်းဝန်း ပရိကမ္မနိမိတ်ကို အာရုံပြု၍ အကြိမ်များစွာ 'ပထဝီ,ပထဝီ' စသည်ဖြင့် မှန်းဆ ကြည့်ရှု ပွားများအပ်သော ဘာဝနာသည် ပရိကမ္မဘာဝနာ မည်၏။

### (၂) ဥဂ္ဂဟနိမိတ် - ပရိကမ္မဘာဝနာ

**ဥဂ္ဂဟနိမိတ်**

မျက်စိဖွင့်၍ ကြည့်ရာ၌ မြင်ရသလို စိတ်ထဲမှာ ထင်ရှားစွာ ပေါ်လာသော အာရုံသည် ဥဂ္ဂဟနိမိတ် မည်၏။

**ပရိကမ္မဘာဝနာ**

ထင်လာသော ဥဂ္ဂဟနိမိတ်ကို အာရုံပြု၍ ရှေးကထက် တည့်တည့်ကြည့်ကြည့် သမာဓိရလှစွာ ပွားများအပ်သော ဘာဝနာသည် ပရိကမ္မဘာဝနာ မည်၏။

### (၃) ပဋိဘာဂနိမိတ် - ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာ

**ပဋိဘာဂနိမိတ်**

ဥဂ္ဂဟနိမိတ်နှင့် သဏ္ဌာန်တူစွာ ၎င်းထက် အဆပေါင်းများစွာ ကြည်နူးဖွယ် ကြည်လင်စွာပေါ်သော အာရုံသည် ပဋိဘာဂနိမိတ် မည်၏။

**ဥပစာရဘာဝနာ**

ပဋိဘာဂနိမိတ် ပေါ်လာသောအခါ နီဝရဏတရားများ ကင်းကွာခါ ဝိတက် စသော ဈာန်အင်္ဂါတို့ မိမိတို့ဆိုင်ရာ ကိစ္စကို ဆောင်ရွက်နိုင်သော ဘာဝနာသည် ဥပစာရဘာဝနာ မည်၏။

http://www.dhammadownload.com



အပ္ပနာဘာဝနာ (ပထမဈာန်ရပုံ)

ထိုထင်လာသော ပဋိဘာဂနိမိတ်ကိုပင် ဆက်လက်၍ အဖန်ဖန် ပွားများသောအခါ အပ္ပနာဘာဝနာခေါ် ရူပ ပထမဈာန် ရ၏။

## ဝသီဘော်ငါးပါး (နိုင်နင်းလှသော စွမ်းရည်)

အာဝဇ္ဇနဝသီဘော်၊ သမာပဇ္ဇနဝသီဘော်၊ အဓိဋ္ဌာနဝသီဘော်၊ ဝုဋ္ဌာနဝသီဘော်၊ ပစ္စဝေက္ခဏာဝသီဘော် = ပေါင်း **ဝသီဘော်ငါးပါး**။

(၁) **အာဝဇ္ဇနဝသီဘော်**

ဈာန်အင်္ဂါ ၅-ပါးကို အစဉ်အတိုင်း ဆင်ခြင်မှု၌ မနောဒွါရာဝဇ္ဇန်း၏ နိုင်နင်းလှသော စွမ်းရည်သည် အာဝဇ္ဇနဝသီဘော် မည်၏။

(၂) **သမာပဇ္ဇနဝသီဘော်**

တန်ခိုးပြရာစသည်ဝယ် လျင်မြန်စွာ အလိုရှိသမျှ ဈာန်ကို ဝင်စားမှု၌ နိုင်နင်းလှသော စွမ်းရည်သည် သမာပဇ္ဇနဝသီဘော် မည်၏။

(၃) **အဓိဋ္ဌာနဝသီဘော်**

အလိုရှိသမျှ ကာလပတ်လုံး ဈာန်ဇောကို ခိုင်မြဲစွာ ချထားမှု၌ နိုင်နင်းလှသော စွမ်းရည်သည် အဓိဋ္ဌာနဝသီဘော် မည်၏။

(၄) **ဝုဋ္ဌာနဝသီဘော်**

ရည်ရွယ်ချက် အချိန်ထက် မပိုမယုတ်ရဘဲ ထလိုရာခဏ ဈာန်မှ ထမှု၌ နိုင်နင်းလှသော စွမ်းရည်သည် ဝုဋ္ဌာနဝသီဘော် မည်၏။

(၅) **ပစ္စဝေက္ခဏာဝသီဘော်**

ဈာန်အင်္ဂါကို လျင်မြန်စွာ ကူးပြောင်းခါ ဆင်ခြင်မှု၌ ပစ္စဝေက္ခဏာဇော၏ နိုင်နင်းလှသော စွမ်းရည်သည် ပစ္စဝေက္ခဏာဝသီဘော် မည်၏။

## ဒုတိယဈာန် စသည်ရကြောင်း

**ဒုတိယဈာန်** – ကာမစ္ဆန္ဒနီဝရဏရန်သူနှင့် နီးလှသော ဝိတက်ကို အပြစ်မြင်စက်ဆုပ်ခါ ဝိတက်ကို ပယ်လျှင် **ဒုတိယဈာန်ကို** ရ၏။

http://www.dhammadownload.com



**တတိယဈာန်** – တွဲဖက် ဝိတက်ရှိသော ဝိစာရကို အပြစ်မြင် စက်ဆုပ်ခါ ဝိစာရကို ပယ်လျှင် **တတိယဈာန်ကို** ရ၏။

**စတုတ္ထဈာန်** – နှစ်သက်မှုရှိနေ၍ မငြိမ်သက်လှသော ပီတိကို အပြစ်မြင် စက်ဆုပ်ခါ ပီတိကိုပယ်လျှင် **စတုတ္ထဈာန်ကို** ရ၏။

**ရူပ ပဉ္စမဈာန်** – ပီတိမိတ်ဆွေရှိသော သုခကို အပြစ်မြင် စက်ဆုပ်ခါ သုခကို ပယ်လျှင် **ရူပ ပဉ္စမဈာန်ကို** ရ၏။

**အာကာသာနဉ္စာယတနဈာန်** – ရူပပဉ္စမဈာန်ကို အပြစ်မြင် စက်ဆုပ်ခါ ကသိုဏ်းမှုခွါ၍ ရအပ်သော ကောင်းကင်ပညတ်ကို အာရုံပြု၍ (အာကာသော အနန္တော)ဟု ထင်မြင်အောင် ပွားများလျှင် **အာကာသာနဉ္စာယတနဈာန်ကို** ရ၏။

**ဝိညာဏဉ္စာယတနဈာန်** – ရူပပဉ္စမဈာန်ရန်သူနီးလှသော အာကာသာ နဉ္စာယတနဈာန်ကို အပြစ်မြင် စက်ဆုပ်ခါ ပထမာရုပ္ပ ဝိညာဉ်ကို အာရုံပြု၍ (ဝိညာဏံ အနန္တံ)ဟု ထင်မြင်အောင် ပွားများလျှင် **ဝိညာဏဉ္စာယတန ဈာန်ကို** ရ၏။

**အာကိဉ္စညာယတနဈာန်** – အာကာသာနဉ္စာယတနရန်သူနှင့် နီးလှသော ဝိညာဏဉ္စာယတနဈာန်ကို အပြစ်မြင် စက်ဆုပ်ခါ အာကာသာနဉ္စာယတနဈာန်မရှိခြင်း နတ္ထိဘာဝပညတ်ကို အာရုံပြု၍ (နတ္ထိကိဉ္စိ)ဟု ထင်မြင်အောင် ပွားများလျှင် **အာကိဉ္စညာယတနဈာန်ကို** ရ၏။

**နေဝသညာနာသညာယတနဈာန်** – ဝိညာဏဉ္စာယတနရန်သူနှင့် နီးလှသော အာကိဉ္စညာယတနဈာန်ကို အပြစ်မြင် စက်ဆုပ်ခါ အာကိဉ္စညာယတနဈာန်ကို အာရုံပြု၍ (သန္တမေတံ– ပဏီတမေတံ)ဟု ထင်မြင်အောင် ပွားများလျှင် **နေဝသညာ နာသညာယတနဈာန်ကို** ရ၏။

http://www.dhammadownload.com



## စိတ္တဝိသုဒ္ဓိ၏ အထွတ်အထိပ်ဖြစ်သော အဘိညာဉ် ၅-၆-၇ ပါး

### လောကီအဘိညာဉ် (၇)ပါး

ဒိဗ္ဗစက္ခုအဘိညာဉ်၊ ဒိဗ္ဗသောတအဘိညာဉ်၊ ဣဒ္ဓိဝိဓအဘိညာဉ်၊ စေတောပရိယအဘိညာဉ်၊ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်၊ ယထာကမ္မူပဂအဘိညာဉ်၊ အနာဂတံသအဘိညာဉ် = ပေါင်း **လောကီအဘိညာဉ် ၇-ပါး**။

### အဘိညာဉ် (၆)ပါး

ဒိဗ္ဗစက္ခုအဘိညာဉ် (ယထာကမ္မူပဂအဘိညာဉ်၊ အနာဂတံသအဘိညာဉ်)၊ ဒိဗ္ဗသောတအဘိညာဉ်၊ ဣဒ္ဓိဝိဓအဘိညာဉ်၊ စေတောပရိယအဘိညာဉ်၊ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် = ပေါင်း လောကီအဘိညာဉ် ၅-ပါး၊ အာသဝက္ခယအဘိညာဉ် ဟုဆိုအပ်သော လောကုတ္တရာအဘိညာဉ် ၁-ပါး = ပေါင်း **အဘိညာဉ် ၆-ပါး**။

### ဒိဗ္ဗစက္ခုအဘိညာဉ်

နတ်မျက်စိကဲ့သို့ ဝေးသော, ဖုံးကွယ်၍နေသော, သိမ်မွေ့ နူးညံ့လှစွာသော အဆင်းကို မြင်နိုင်သောဉာဏ်သည် ဒိဗ္ဗစက္ခုအဘိညာဉ် မည်၏။

### ဒိဗ္ဗသောတအဘိညာဉ်

နတ်နားကဲ့သို့ ဝေးသော, ဖုံးကွယ်၍နေသော သိမ်မွေ့နူးညံ့လှစွာသော အသံကို ကြားနိုင်သောဉာဏ်သည် ဒိဗ္ဗသောတအဘိညာဉ် မည်၏။

### ဣဒ္ဓိဝိဓအဘိညာဉ်

ကောင်းကင် မြေမိုး ပျံလျှိုးမှု၊ ရာထောင်စသော တန်ခိုးအထွေထွေကို ဖန်ဆင်းနိုင်သောဉာဏ်သည် ဣဒ္ဓိဝိဓအဘိညာဉ် မည်၏။

### စေတောပရိယအဘိညာဉ်

ရှေ့ ၇-ရက်၊ နောက် ၇-ရက်အတွင်း၌ဖြစ်သော သူတစ်ပါးတို့၏ စိတ်အကြံအစည်ကို သိနိုင်သော ဉာဏ်သည် စေတောပရိယအဘိညာဉ် မည်၏။

http://www.dhammadownload.com



**ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်**

ရှေးရှေးဘဝ, ကပ်ကမ္ဘာတို့၌ ဖြစ်ခဲ့သမျှ ခန္ဓာအစဉ်ကို တစ်ဖန်ပြန်၍ အောက်မေ့နိုင်သော ဉာဏ်သည် ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် မည်၏။

**ယထာကမ္မူပဂအဘိညာဉ်**

နတ်လူသတ္တဝါတို့ ဘယ်ကံကြောင့် ဤသို့ဖြစ်နေရသည်ဟု ကံအားလျော်စွာ လားမှု– ဖြစ်မှုကို သိသော ဉာဏ်သည် ယထာကမ္မူပဂအဘိညာဉ် မည်၏။

**အနာဂတံသအဘိညာဉ်**

နောက်နောင်ဘဝ, ကပ်ကမ္ဘာတို့၌ဖြစ်လတ္တံ့သော ခန္ဓာအစဉ်ကို ကြိုတင်၍ သိစွမ်းနိုင်သောဉာဏ်သည် အနာဂတံသအဘိညာဉ် မည်၏။

**အာသဝက္ခယအဘိညာဉ်**

အာသဝေါတရား ၄–ပါးနှင့်တကွ ကိလေသာအပေါင်းတို့ ကုန်ခန်းစေနိုင်သော အရဟတ္တမဂ်ဉာဏ်သည် အာသဝက္ခယအဘိညာဉ် မည်၏။

## ၃။ ဝိပဿနာပညာခန်း

- ♦ **ဝိပဿနာ** – မြင်နေကြထက် ထူးထွေခါ မြင်မှုသည် ဝိပဿနာ မည်၏။
- ♦ **လက္ခဏာ** – သင်္ခတတရား ဟုတ်,မဟုတ် စစ်ဆေးရန် အခြင်းအရာသည် လက္ခဏာ မည်၏။

**အနိစ္စလက္ခဏာ** – သင်္ခတ အနိစ္စတရားတို့ ဖြစ်ပြီး ရင့်ရော် ဆွေးမြည့်မှု, ပျက်စီးမှုဟု အမြဲမတည်သော အခြင်းအရာသည် အနိစ္စလက္ခဏာ မည်၏။

**ဒုက္ခလက္ခဏာ** – သင်္ခတတို့ အနိစ္စဖြစ်မှုကြောင့် သာယာဖွယ်မရှိဘဲ အမြဲဖြစ်ပျက်မှုဖြင့် နှိပ်စက်နေသော အခြင်းအရာသည် ဒုက္ခလက္ခဏာ မည်၏။

http://www.dhammadownload.com



အနတ္တလက္ခဏာ– အနိစ္စ, ဒုက္ခဖြစ်မှုကြောင့် အနှစ်သာရမရှိ၊ မိမိအလိုမလိုက်ဘဲ သူစိမ်းနှင့်တူသော အခြင်းအရာသည် အနတ္တလက္ခဏာ မည်၏။

● အနုပဿနာ –တေဘူမက သင်္ခါရတရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာပေါ်အောင် အဖန်ဖန်ရှုတတ်သော ဉာဏ်သည် အနုပဿနာ မည်၏။

## ဝိသုဒ္ဓိ ၇–ပါး

သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿနဝိသုဒ္ဓိ = ပေါင်း ဝိသုဒ္ဓိ ၇–ပါး။

၁။ **သီလဝိသုဒ္ဓိ** – ရဟန်းတို့အား စတုပါရိသုဒ္ဓိသီလ လုံခြုံပြည့်စုံမှု၊ သာမဏေတို့အား အာဇီဝပါရိသုဒ္ဓိသီလနှင့်တကွ သေခိယ, ဆယ်ပါးသီလ စသည်တို့၏ လုံခြုံပြည့်စုံမှု၊ လူတို့အား အာဇီဝပါရိသုဒ္ဓိသီလနှင့်တကွ ငါးပါးသီလ လုံခြုံပြည့်စုံမှုသည် သီလဝိသုဒ္ဓိ မည်၏။

၂။ **စိတ္တဝိသုဒ္ဓိ** – စိတ်သန္တာန်၌ နီဝရဏ ကိလေသာ အညစ်အကြေးတို့ ကင်းကွာ စင်ကြယ်ကြသဖြင့် လွန်စွာ ကြည်လင်လှသော ဥပစာရသမာဓိ, အပ္ပနာသမာဓိ ဖြစ်ပေါ်မှုသည် စိတ္တဝိသုဒ္ဓိ မည်၏။

၃။ **ဒိဋ္ဌိဝိသုဒ္ဓိ** – ရုပ်နာမ်ဓမ္မ သင်္ခါရတို့၌ လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ဟု အချက် ကြီး ၄–ချက်ကို ပိုင်းခြား၍ ရှုဆင်ခြင်က **နာမရူပပရိစ္ဆေဒဉာဏ်** ဖြစ်ပေါ်ခါ သတ္တ,ဇီဝ, ပုဂ္ဂလ,အတ္တ အယူမှ ကင်းစင်၍ သန့်ရှင်းသော အသိဉာဏ် ဖြစ်ပေါ်မှုသည် ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။

၄။ **ကင်္ခါဝိတရဏဝိသုဒ္ဓိ** –ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်ရမှုအကြောင်းကို ပဋိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်းတို့ဖြင့် ထင်မြင်က **ပစ္စယပရိဂ္ဂဟဉာဏ်**, ဓမ္မဋ္ဌိတိဉာဏ်, ယထာဘူတဉာဏ် ဖြစ်၍ ယုံမှားခြင်း ၁၆–ပါး, ဝိစိကိစ္ဆာ ၈–ပါးနှင့်တကွ အကြောင်းမရှိဟု ယူသော **အဟေတုကဒိဋ္ဌိ**၊ ထာဝရဘုရား ဖန်ဆင်း၏ ဟုယူသော

http://www.dhammadownload.com



ဝိသမ ဟေတုဒိဋ္ဌိတို့မှ လွန်မြောက်စင်ကြယ်သော ဉာဏ်သည် ကင်္ခါဝိတရဏဝိသုဒ္ဓိ မည်၏။

## စူဠသောတာပန်

ဒိဋ္ဌိဝိသုဒ္ဓိဖြင့် ဒိဋ္ဌိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိဖြင့် **ဝိစိကိစ္ဆာ**ကို တဒင်္ဂပဟာန် အားဖြင့် အတော်ကြာကြာ ပယ်နိုင်၍ **စူဠသောတာပန်** မည်၏။

၎င်းစူဠသောတာပန် ပုဂ္ဂိုလ်သည် ရပြီး ဝိသုဒ္ဓိ ၂-ပါးမှ ဆုတ်ယုတ် ပျက်စီးမှု မရှိပါက ယခုဘဝ မဂ် စစ်, ဖိုလ်စစ်ကို မရသေးလည်း ဒုတိယဘဝ၌ သုဂတိ ဘုံဘဝသို့ ရောက်မှုမြဲ၏။

- **ယုံမှားခြင်း ၈-ပါး**

(၁) ဘုရားရှင်၌ ယုံမှားခြင်း၊

(၂) တရားတော်၌ ယုံမှားခြင်း၊

(၃) သံဃာတော်၌ ယုံမှားခြင်း၊

(၄) အကျင့်သိက္ခာ၌ ယုံမှားခြင်း၊

(၅) ရှေ့အစွန်း၌ ယုံမှားခြင်း၊

(၆) နောက်အစွန်း၌ ယုံမှားခြင်း၊

(၇) ရှေ့နောက်အစွန်း ၂-ပါး၌ ယုံမှားခြင်း၊

(၈) ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်း = ပေါင်း **ယုံမှားခြင်း ၈-ပါး**။

## ဝိပဿနာဝုဒ္ဓိ(ဝိပဿနာဉာဏ်)

ဝိသုဒ္ဓိ ၄-ပါးကို ရပြီးနောက် သင်္ခါရတို့ကို သုံးသပ်ပွားများရမည့် ဉာဏ် များသည် ဝိပဿနာဝုဒ္ဓိ(ဝိပဿနာဉာဏ် ၁၀-ပါး)မည်၏။

- **ဝိပဿနာဉာဏ် ၁၀-ပါး**

သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်ဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနု လောမဉာဏ် = ပေါင်း ဝိပဿနာဉာဏ် ၁၀-ပါး။

http://www.dhammadownload.com



၁။ သမ္မသနဉာဏ် – ရုပ်နာမ်ဓမ္မသင်္ခါရကို ခန္ဓာစသည် ဖွဲ့၍ အနိစ္စ, ဒုက္ခ,အနတ္တဟုရှုသောဉာဏ်သည် သမ္မသနဉာဏ် မည်၏။

၂။ ဥဒယဗ္ဗယဉာဏ် – ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ ဖြစ်ပေါ်မှု၊ ပျက်ဆုံးမှု ၂– ပါးကို ရှုသောဉာဏ်သည် ဥဒယဗ္ဗယဉာဏ် မည်၏။

၃။ ဘင်္ဂဉာဏ် – အဖြစ်ကို လွှတ်ထား၍ ပျက်မှုသက်သက်ကိုသာ ရှုသောဉာဏ်သည် ဘင်္ဂဉာဏ် မည်၏။

၄။ ဘယဉာဏ် – အပျက်မြင်က ပျက်တတ်သော ရုပ်–နာမ်၌ သေမင်းကြီးတမျှ ကြောက်လန့်လှသောဉာဏ်သည် ဘယဉာဏ် မည်၏။

၅။ အာဒီနဝဉာဏ် – ကြောက်လန့်ဖွယ် ထင်မြင်က ဘေးဘယမျိုး ရုပ်နာမ်ဆိုးတို့၌ အားကိုးရာမရှိ အပြစ်အတိပါတကားဟု ရှုသောဉာဏ်သည် အာဒီနဝဉာဏ် မည်၏။

၆။ နိဗ္ဗိဒါဉာဏ် – အပြစ်ဟုသာမြင်က ရုပ်, နာမ်တို့၌ မပျော်မမွေ့, ငြီးငွေ့လှသောအနေနှင့် ရှုသောဉာဏ်သည် နိဗ္ဗိဒါဉာဏ် မည်၏။

၇။ မုစ္စိတုကမျတာဉာဏ် – မပျော်မမွေ့ ငြီးငွေ့လှက သင်္ခါရနယ်အတွင်းမှ အတင်း ထွက်မြောက်လိုသောဉာဏ်သည် မုစ္စိတု–ကမျတာဉာဏ် မည်၏။

၈။ ပဋိသင်္ခါဉာဏ် – လွတ်လိုလှ၍ လွတ်ရအောင် ဘာဝနာ ၄၀–တို့ဖြင့် အကျယ်တဝင့် အပြင်း ဆင်ခြင် အားထုတ်သောဉာဏ်သည် ပဋိသင်္ခါဉာဏ် မည်၏။

၉။ သင်္ခါရုပေက္ခာဉာဏ် – အပြင်းအားထုတ်၍ ဝိပဿနာဉာဏ် ထက်သန်ကာ ရုပ်, နာမ်သင်္ခါရတို့၌ မုန်း,ချစ်မပြု လျစ်လျူရှုသောဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ် မည်၏။

http://www.dhammadownload.com



၁၀။ အနုလောမဉာဏ် – ဝိပဿနာရင့်သန်၍ မဂ် ၄–ခု ပေါ်အောင် နှိုးဆော်သလို လွန်စွာ မဂ် ၄–ပါးနှင့် လျော်သော ပရိကံ, ဉပစာ, အနုလုံကိစ္စတပ်သော ဉာဏ်သည် အနုလောမဉာဏ် မည်၏။

## ဉဒယဗ္ဗယဉာဏ် ရင့်သန်က ဖြစ်လာတတ်သော

## အန္တရာယ် ၁၀-ပါး၊ အကျယ်-၁၀

ဩဘာသ၊ ပီတိ၊ ပဿဒ္ဓိ၊ အဓိမောက္ခ၊ ပဂ္ဂဟ၊ သုခ၊ ဉာဏ၊ ဉပဋ္ဌာန၊ ဉပေက္ခာ၊ နိကန္တိ = ပေါင်း ဉဒယဗ္ဗယဉာဏ် ရင့်သန်က ဖြစ်လာတတ်သော အန္တရာယ် ၁၀–ပါး။

၁။ ဩဘာသ – ဝိပဿနာဉာဏ်၊ စိတ်၊ ဉတုကြောင့် ထိုင်ရာမှစ၍ အကနိဋ္ဌဘုံတိုင် မိမိသည်သာ မြင်ရသော ကိုယ်ရောင်ထွက်မှုသည် ဩဘာသ မည်၏။

၂။ ပီတိ – ဝိပဿနာဉာဏ်ကြောင့် ဆီထိသော ဝါဂွမ်းပမာ ပီတိငါးမျိုး ထိုက်သလို ဖြစ်ပေါ်၍ နှစ်သက်မှုသည် ပီတိ မည်၏။

၃။ ပဿဒ္ဓိ – ဝိပဿနာဉာဏ်ကြောင့် လဟုတာစသည် ခြံရံကာ ကိုယ်စိတ် ၂–ပါးလုံး လွန်စွာ အေးမြ ငြိမ်းချမ်းမှုသည် ပဿဒ္ဓိ မည်၏။

၄။ အဓိမောက္ခ – ဝိပဿနာဉာဏ်ကြောင့် ကမ္မဋ္ဌာန်းအာရုံ၌ စူးစိုက်သက်ဝင်ဆုံးဖြတ်ခါ လွန်စွာအားရှိသော ပသာဒသဒ္ဓါဖြစ်မှုသည် အဓိမောက္ခ မည်၏။

၅။ ပဂ္ဂဟ – ဝိပဿနာစိတ်ကို နောက်မဆုတ်ရအောင် အားပေး ချီးမြှောက် ထောက်ပံ့သော သမ္မပ္ပဓာန် ဝီရိယဖြစ်မှုသည် ပဂ္ဂဟ မည်၏။

၆။ သုခ – ဝိပဿနာဉာဏ်ကြောင့် ဆီထိသောဂွမ်းပမာ တစ်ကိုယ်လုံး စိုစွတ်ကာ လွန်စွာ မွန်မြတ်သော ချမ်းသာဖြစ်မှုသည် သုခ မည်၏။

http://www.dhammadownload.com



၇။ ဉာဏ — သိကြားမင်း၏ ဝဇိရစိန်လက်နက်ကဲ့သို့ ထက်မြက် အမြင်သန်လှသော ဝိပဿနာဉာဏ်ဖြစ်မှုသည် ဉာဏ မည်၏။

၈။ ဥပဋ္ဌာန — မလှုပ်မရှား မြင်းမိုရ်တောင်အလား ကမ္မဋ္ဌာန်းအာရုံ၌ လွန်စွာ တည်တံ့သော သတိဖြစ်မှုသည် ဥပဋ္ဌာန မည်၏။

၉။ ဥပေက္ခာ — ဖြစ်ပျက်မှုတို့၌ လျစ်လျူရှုသော ဝိပဿနုပေက္ခာ၊ လျင်မြန်လှစွာ ဆင်ခြင်နိုင်သော အာဝဇ္ဇနုပေက္ခာဖြစ်မှုသည် ဥပေက္ခာ မည်၏။

၁၀။ နိကန္တိ — ကိလေသာဟု မသိနိုင်အောင် သိမ်မွေ့လှသော ဝိပဿနာ၌ သာယာ နှစ်သက်သော တဏှာဖြစ်မှုသည် နိကန္တိ မည်၏။

၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ — ဥဒယဗ္ဗယဉာဏ် ထက်သန်လှမှုကြောင့် မကြုံစဖူး ထူးကဲလှစွာသော ကိုယ်ရောင်ကိုယ်ဝါ၊ ပီတိ၊ ပဿဒ္ဓိစသော ၁၀-ပါးကို သာယာခါ မဂ်စစ်၊ ဖိုလ်စစ်ဟု ထင်မှား တွယ်တာမှု ကင်းစင်၍ မဂ်မဟုတ်သေးဟု ပိုင်းခြားဆုံးဖြတ် ရှင်းလင်းနိုင်သော ဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မည်၏။

၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ — အန္တရာယ် ဆယ်ချက်ကို သုတ်သင်ပြီး ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ် ၉-ပါးကို တစ်ဖန် ထူထောင်၍ အစဉ်အတိုင်း နေရာတကျ အဆင့်ဆင့်ပွားများသော ဉာဏ် ၉-ပါးသည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်၏။

ဝုဋ္ဌာနဂါမိနီဝိပဿနာ — ဝဋ်သုံးပါးမှ ကျွတ်လွတ်ထမြောက်ခါ ဝုဋ္ဌာနခေါ် မဂ်သို့ မချွတ် ရောက်စေတတ်သော သင်္ခါရုပေက္ခာဉာဏ်(အရင့်ပိုင်း)နှင့် အနုလောမဉာဏ်သည် ဝုဋ္ဌာနဂါမိနီဝိပဿနာ မည်၏။

၇။ ဉာဏဒဿနဝိသုဒ္ဓိ — ဝုဋ္ဌာနဂါမိနီဝိပဿနာရင့်သန်က သစ္စာကရဏကိစ္စဖြင့် နိဗ္ဗာန်ကို မျက်စိဖြင့် မြင်ရသလို ကိုယ်တိုင် တိုက်ရိုက် ပေါက်ရောက်သိမြင်ပြီး ကိလေသာအညစ်အကြေးမှ ကင်းဝေး စင်ကြယ်ခါ ပေါ်လာသော မဂ်ဉာဏ် ၄-ပါးသည် ဉာဏဒဿနဝိသုဒ္ဓိ မည်၏။

http://www.dhammadownload.com



## မဂ်ကိစ္စ (၄)ပါး

ပရိညာကိစ္စ၊ ပဟာနကိစ္စ၊ သစ္ဆိကရဏကိစ္စ၊ ဘာဝနာကိစ္စ = ပေါင်း မဂ်ကိစ္စ ၄-ပါး။

၁။ ပရိညာကိစ္စ – ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဒုက္ခသစ္စာအမှန်ကို ပိုင်နိုင်စွာ သိခြင်းသည် ပရိညာကိစ္စ မည်၏။

၂။ ပဟာနကိစ္စ – သမုဒယသစ္စာ အပင်းအသင်းဖြစ်သော ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကို အကြွင်းမဲ့ပယ်ခြင်းသည် ပဟာနကိစ္စ မည်၏။

၃။ သစ္ဆိကရဏကိစ္စ – ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ အပါယဒုက္ခတို့၏ တစ်ချက်တည်း အပြီးတိုင် ငြိမ်းမှု, နိရောဓသစ္စာသို့ ဆိုက်ရောက်ခြင်းသည် သစ္ဆိကရဏကိစ္စ မည်၏။

၄။ ဘာဝနာကိစ္စ – မဂ္ဂသစ္စာကို ပွားများမှု တစ်စခန်း ထမြောက်ပြီးစီးခြင်းသည် ဘာဝနာကိစ္စ မည်၏။

---

## မဂ္ဂဝီထိနောင်ကျသော ပစ္စဝေက္ခဏာ ၁၉-ဝီထိ

* သောတာပတ္တိမဂ်နောင်-

| | | |
|---|---|---|
| မဂ်ကိုဆင်ခြင်သော | မဂ္ဂပစ္စဝေက္ခဏာ | ၁– ဝီထိ |
| ဖိုလ်ကိုဆင်ခြင်သော | ဖလပစ္စဝေက္ခဏာ | ၁– ဝီထိ |
| နိဗ္ဗာန်ကို ဆင်ခြင်သော | နိဗ္ဗာနပစ္စဝေက္ခဏာ | ၁– ဝီထိ |
| ပယ်ပြီး ကိလေသာကို ဆင်ခြင်သော | ပဟီနကိလေသာပစ္စဝေက္ခဏာ | ၁– ဝီထိ |
| ကြွင်းကျန်ကိလေသာကို ဆင်ခြင်သော | ဝိက္ခမ္ဘိတကိလေသာ ပစ္စဝေက္ခဏာ | ၁– ဝီထိ |
| | ပေါင်း ပစ္စဝေက္ခဏာ | ၅– ဝီထိ။ |

* အောက်မဂ် ၃–ပါး မဂ္ဂဝီထိနောင်ကျသော ပစ္စဝေက္ခဏာ ၁၅–ဝီထိ။

http://www.dhammadownload.com



* **အရဟတ္တမဂ်နောင်–**

| | | | |
|---|---|---|---|
| မဂ်ကို | ဆင်ခြင်သော | မဂ္ဂပစ္စဝေက္ခဏာ | ၁– ဝီထိ |
| ဖိုလ်ကို | ဆင်ခြင်သော | ဖလပစ္စဝေက္ခဏာ | ၁– ဝီထိ |
| နိဗ္ဗာန်ကို | ဆင်ခြင်သော | နိဗ္ဗာနပစ္စဝေက္ခဏာ | ၁– ဝီထိ |
| ပယ်ပြီး | ကိလေသာကို | ဆင်ခြင်သော ပဟီနကိလေသာပစ္စဝေက္ခဏာ | ၁– ဝီထိ |
| | ပေါင်း | ပစ္စဝေက္ခဏာ | ၄– ဝီထိ |

◆ အောက်မဂ် ၃–ပါးနောင် ပစ္စဝေက္ခဏာ ၁၅–ဝီထိ၊
အရဟတ္တမဂ်နောင် ပစ္စဝေက္ခဏာ ၄–ဝီထိ
ပေါင်း ပစ္စဝေက္ခဏာ ၁၉–ဝီထိ။

---

● **ဝိမောက္ခ**

သံသရာအနှောင်အဖွဲ့မှ ကျွတ်လွတ်သော မဂ် ၄–ပါး၊ ဖိုလ် ၄–ပါးသည် ဝိမောက္ခ မည်၏။

● **ဝိမောက္ခ ၃–ပါး**

အနိမိတ္တ ဝိမောက္ခ၊ အပ္ပဏိဟိတ ဝိမောက္ခ၊ သုညတ ဝိမောက္ခ = ပေါင်း ဝိမောက္ခ ၃–ပါး။

၁။ **အနိမိတ္တဝိမောက္ခ** – အနိစ္စလက္ခဏာကို ရှု၍ ဃနဟု ထင်နေသော နိစ္စနိမိတ် ကင်းစင်၍၊ ကိလေသာတို့မှ လွတ်သော မဂ်,ဖိုလ်သည် အနိမိတ္တဝိမောက္ခ မည်၏။

၂။ **အပ္ပဏိဟိတဝိမောက္ခ** – ဒုက္ခလက္ခဏာကို ရှု၍ သာယာ တောင့်တသော တဏှာပဏိဓိ ကင်းစင်၍၊ ကိလေသာတို့မှ လွတ်သော မဂ်,ဖိုလ်သည် အပ္ပဏိဟိတ ဝိမောက္ခ မည်၏။

http://www.dhammadownload.com



၃။ သုညတဝိမောက္ခ - အနတ္တလက္ခဏာကို ရှု၍ အတ္တဒိဋ္ဌိ ကင်းစင်၍ ကိလေသာတို့မှ လွတ်သော မဂ်, ဖိုလ်သည် သုညတဝိမောက္ခ မည်၏။

## ● ဝိမောက္ခမုခ

မဂ်, ဖိုလ်၏ တံခါးဝသဖွယ်ဖြစ်သော အနုပဿနာဉာဏ် ၃-ပါးသည် ဝိမောက္ခမုခ မည်၏။

## ● ဝိမောက္ခမုခ ၃-ပါး

အနိမိတ္တာနုပဿနာဉာဏ်၊ အပ္ပဏိဟိတာနုပဿနာဉာဏ်၊ သုညတာနုပဿနာဉာဏ် = ပေါင်း ဝိမောက္ခမုခ ၃-ပါး။

၁။ အနိမိတ္တာနုပဿနာဉာဏ် - ပုံသဏ္ဌာန်, ဃနနိမိတ်, နိစ္စနိမိတ် ကင်းစင်၍ သဏ္ဌာန် နိမိတ်မရှိအောင် ရှုသော အနိစ္စာနုပဿနာဉာဏ်သည် အနိမိတ္တာနုပဿနာဉာဏ် မည်၏။

၂။ အပ္ပဏိဟိတာနုပဿနာဉာဏ် - သာယာတောင့်တ ချမ်းသာဖွယ် ပဏိဓိ ကင်းစင်၍ ဆင်းရဲဖွယ်ချည်းသာဟုရှုသော ဒုက္ခာနုပဿနာဉာဏ်သည် အပ္ပဏိဟိတာနုပဿနာဉာဏ် မည်၏။

၃။ သုညတာနုပဿနာဉာဏ် - ဘာမျှ မရှိ၊ သုညချည်းသာဟု အတ္တ ကင်းစင်၍ သုညသာထင်အောင် ရှုသော အနတ္တာနုပဿနာဉာဏ်သည် သုညတာနုပဿနာဉာဏ် မည်၏။

## ● ဝိမောက္ခမုခနယ်

ဝုဋ္ဌာနဂါမိနီဝိပဿနာသို့ရောက်လျှင် ဝိမောက္ခမုခနယ်သို့ ရောက်၏။

ကမ္မဋ္ဌာန်းပိုင်း (ဆိုရိုး) ပြီး၏။

http://www.dhammadownload.com